
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဒေဝီ

## ညကဝေ နဲ့ အိပ်မက်တစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com


ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။


# အခန်း (၁)

နံနက်(၃)နာရီထိုးသည်နှင့် နှိုးစက်မှ မြည်သံ ပေါ်လာ၏။ အိပ်ယာထဲမှ သူ လူးလဲထလိုက်ရင်း နှိုးစက်ကို ပိတ်လိုက်သည်။ သွားကိုက် မျက်နှာသစ်လိုက်ပြီးသော်ငြား အိပ်ယာသိမ်းစရာမလို။

ထရက်ဆုဝတ်စုံနှင့် ဝေါ့ကင်းရှူးဖိနပ်ကို ဝတ်သည်။ စီးသည်။ ပြီးမှ အိပ်အပေါ်ထပ်လှေကား လက်ရမ်းအတိုင်း အောက်ကို လျှောတိုက်ဆင်းလိုက်၏။

အိမ်သားတွေ အိပ်မောကျ ကောင်းနေသော အချိန်ပင်။

အိမ်သော့ကိုဖွင့် သံဘာဂျာတံခါးကို ပြန်ပိတ်ပြီး အိမ်သော့ကို အပေါ်ဝရန်တာဆီ လှမ်းပစ်တင်လိုက်၏။ ခြံဝအောက် အောင် လျှောက်လာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံဝကိတ်ထဲမှာ ငိုက်မြည်းနေသော ကိုကာတူး(ခြံစောင့်) ကို နှိုးကာ ခြံတံခါး ဖွင့်ခိုင်းရပြန်၏။

ဤသို့ ကရိကထတွေ များလွန်း၍ ဆောင်းကာလ နံနက်ခင်းမှာ အပြေးလေ့ကျင့်ခြင်းကို သူ တော်တန်ရုံမလုပ်ချင်။

မလုပ်ချင်သော်ငြား လုပ်ရမည့် အကြောင်းတရားက ရှိနေသေးသည်မို့ လက်ရှိကာလမှာ လုပ်နေရလေပြီ။

ခြံတံခါးကြီး အပြင်ဖက်ကို ရောက်သည်နှင့် လွတ်လပ်ပေါ့ပါးသောစိတ်နှင့် နှင်းဝေသိပ်သည်းနေတဲ့ အလင်းအမှောင်ကို လှမ်းကြည့်လိုက်မိ၏။

တိုစဉ်မှာပဲ ခေါင်းထဲ လှစ်ခနဲ ရောက်လာသော အတွေးတွေက. . .

''ဝေဟာန် မင်းရဲ့ ဘေဘီဟန်နီတို့ မနက်အစောကြီး လမ်းလျှောက်ကျင့်နေတာ တစ်ပတ်ရှိပြီ. . . သူတို့သူငယ်ချင်း ငါးယောက်အဖွဲ့ကွ၊ အဲဒါ မင်း မနက်ဖြန်မနက် စောစောထ၊ အပြေးလေ့ကျင့်တဲ့ ပုံစံနဲ့ထွက်ခဲ့၊ မနက်လေးနာရီ မထိုးခင် ဆယ့်ငါးမိနစ် မိနစ်နှစ်ဆယ်လောက်ဆို မင်းတို့လမ်းထိပ်ကို သူတို့အဖွဲ့နဲ့ ငါပါ ရောက်လာလိမ့်မယ်''

ညက အောင်ဇေဖြိုး ဖုန်းဆက်ပြောတာတွေ ပြန်အမှတ်





ရလိုက်မိ၏။ လမ်းထိပ်ကို ခြေသံလုံအောင် ဖွပြေးလာခဲ့သည်။ အချို့ အကင်းပါးသော ခွေးမသားတွေ ထဟောင်၏။ လမ်းမီးတိုင် အလင်းအောက်ရောက်လျှင် စိတ်ထဲအားရှိပြီး အလင်းမဲ့သော အမှောင်နေရာရောက်လျှင် တစ်ယောက်ထဲမို့ အလိုလို ကျောချမ်းချင်လာ၏။

''ဝုန်း''

''အောင်မလေးဗျ''

အလန့်တကြားနဲ့ နောက်ဆုတ်ခုန်ရှောင်ပြီး ရှေ့သုံးလေးလှမ်းအကွာကို လှမ်းကြည့်လိုက်တော့ အုန်းလက်ခြောက်ကြီး ကြွေကျနေတာ လှမ်းတွေ့ရ၏။ တော်ပါသေးရဲ့ ဘုရားကယ်တာ၊

လမ်းပေါ်ကို ငိုက်မိုးနေတဲ့ အုန်းပင်ကြီးက အုန်းလက်ခြောက်ကြွေတာ ကံကောင်းလို့ သူ့ခေါင်းပေါ်တည့်တည့် မကျရလေခြင်းပင်။ ကံမကောင်းလို့ ခေါင်းပေါ်ကျမည်ဆိုပါက စားသာမည်မဟုတ်။ အထိနာသွားမှာ သေချာ၏။

အုန်းလက်ခြောက်ကို လမ်းဘေး ဆွဲကပ်ပေးပြီး ဆက်ပြေးလာခဲ့၏။

သူတို့လမ်းထဲမှာ ဘာခြောက်သည်၊ ဘာလှန့်သည်ဟု အစဉ် နာမည်ကြီးခဲ့သော 'ဟောဝန်မြိုင်'ခြံကြီးရှေ့ ရောက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ ပို၍ ခေါင်းနပမ်း ကြီးရပြန်၏။ မြို့ရှေ့လမ်းမီးတွေ မလာ။ လူမနေသောတိုက်ကြီးကို ကြည့်ရတာလဲ ကြောက်စရာအတိ။ သံဇကာစည်းရိုးတစ်လျှောက် ချုံနွယ်တွေ ပေါက်နေသည်မှာလဲ တောထနေ၏။

သစ်ပင်ကြီးတွေက လမ်းဘက်ထဲကို ငိုက်ဆင်းငုံ့မိုးထား၏။

အမှောင်တကာ အမှောင်ထဲမှာတော့ ဟောဝန်မြိုင်ခြံက အမိုက်မှောင်ဆုံး အမှောင်။

လမ်းထိပ်ကို ရောက်ဖို့ လမ်းလျှောက်လျှင် ဆယ့်ငါး မိနစ်ခန့် ကြာ၏။ သူ ပြေးလာသည့်အတွက် (၈)မိနစ်လောက်နှင့် ရောက်လာ၍ သူရောက်ချိန် စောနေတာ တန်းသိလိုက်၏။

ဘယ်လိုအကြောင်းနဲ့မှ နောက်မကျချင်တတ်သော သူဉာဉ်ကြောင့် ဝီရိယစောပြီး ရောက်ရခြင်းပဲပေါ့။

လမ်းထိပ်မှာ အမောဖြေပြီး ခြောက်လမ်းသွား မြို့ပတ်လမ်းကြီး အေးစက်စက် အိပ်မောကျနေတာကို ငေးကြည့်နေလိုက်မိသည်။

နှင်းတွေက နီယွန်မီးအလင်းအောက်မှာ မှုံညက်ဝေရီစွာ တဖွဲဖွဲကျနေကြ၏။





သွေးပူလေ့ကျင့်ခန်းဆင်းသလို ပြေးလာမိ၍ သူ့အတွက် သိပ်မအေးသလို ရှိနေ၏။ လမ်းမတန်းမှာ ညပိုင်းမောင်းသော အဝေးပြေးကား Taxi နှင့် လူစီးလိုင်းကားတွေ တစ်စီးတလေ ဖြတ်မောင်းသွားကြတာ တွေ့ရ၏။

သူ သဘောအကျဆုံးဖြစ်သော ဆောင်းရာသီမှာ သူ စိတ်ကူးဖြင့် ရွေးသီခဲ့သော ရင်ခုန်သံတွေ လက်တွေ့အမှန်ခုန်လှုပ်ရမည်ဆိုသောအခါ ရင်တစ်ခွင်လုံး စွမ်းအင်တစ်ရပ် ဖုံးလွှမ်းသွားသလို အေးရာမှ နွေးလာမိ၏။

ဆယ်မိနစ်လောက်မှာ သွေးအေးလာ၍ ပြန်လည်ခုန်ပေါက်ပတ်ပြေးရင်း သွေးနွေးအောင် ပြန်လုပ်ယူရပြန်သည်။ ကျန်းမာရေး လိုက်စားနေကြသော လူကြီးလူငယ်များကို သူ အဖွဲ့လိုက် အဖွဲ့လိုက် လမ်းလျှောက်သွားလာနေကြတာ တွေ့ရ၏။

ဘဝအတွက်၊ ဝမ်းတစ်ထွာအတွက် အကြောင်းအမျိုးမျိုးငဲ့ပြီး လှုပ်ရှားနေကြရသူတွေလည်း ဝီရိယစိုက်ထုတ် သွားလာလုပ်ကိုင်နေကြတာ မြင်ရပြန်သည်။

လေးနာရီထိုးရန် ဆယ်မိနစ် အလိုခန့်မှာ ဝါကြန့်ပြန့် နီယွန်မီးတိုင်များအတိုင်း လျှောက်လာနေသော အဖွဲ့တစ်ဖွဲ့ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရ၏။ လူခြောက်ယောက်ခန့် ရှိမည်ဟု ထင်ရ၏။

မြင်သာသောနေရာ ရောက်လာသောအခါ သူစောင့်နေသော အဖွဲ့ဖြစ်မှန်း သိရ၏။ မိန်းကလေး လေးယောက်၊ ယောက်ျားလေး နှစ်ယောက်၊ ခြောက်ယောက်အဖွဲ့ထဲမှာ သူ အာရုံစူးစိုက်မြင်ရာ တစ်ယောက်တည်းသာ ရှိ၏။

ဆွယ်တာအဖြူ အနက်ကြားလေးနှင့် သိုးမွှေးခေါင်းစွပ်လေး စွပ်ကာ၊ တင်းတင်းရင်းရင်း ဝတ်ထားသော ထဘီဖြင့် နုရွလှပနေသည့် ဘေဘီဟန်နီဟု ချစ်စနိုးခေါ်နိုင်သော ''ချယ်ရီနန္ဒီ''။

ဖေဖြိုးနှင့် မောင်လွဏ်းက စကားတွေ တွတ်ထိုးလာ၏။ အနားရောက်သောအခါ ဓာတ်သိတွေပီပီ မာဆွေ(ခေါ်)မဖြိုးတို့အဖွဲ့က ရယ်ကျဲကျဲဖြင့် သုံးယောက်တွဲ ခွဲလျှောက်သွား၏။ သူက ဟန်နီ့အနားကို တိုးကပ်လျှောက်လိုက်၏။

မောင်လွဏ်းက. . .

''အချမ်းပြေအောင် ဖက်ထားကြလေ''ဟု လှမ်းနောက်၏။ ဖေဖြိုးက. . .

''အကျိုးဆောင်ခအဖြစ် အားလုံးက ထမင်းကြော် ကျွေးရမယ်တဲ့ ဝေဟာန်''





သူက ခေါင်းညိတ်ပြပြီး ဟန်နီ့လက်ကို ဆွဲကိုင်၏။ နှင်းငွေ့ဖြင့် အေးစက်နေသော လက်ကလေးကို ဖဝါးဖြင့် နွေးအောင် နွှေးလိုက်၏။

မောင်လွဏ်းက. . .

''ထမင်းကြော်ကို ဝက်အူချောင်းနဲ့ စားမယ့်သူတွေ ရှေ့ မြန်မြန်လျှောက်၊ နောက်နားကပ်နေရင် လိုက်မွှဲပဲ မှာကျွေးလိမ့်မယ်တဲ့''

မာဆွေတို့အဖွဲ့ထဲမှ နီးခိုးခစ်ခစ် ရယ်သံတွေကြောင့် လှမ်းလျှောက်ရတာ ပိုသွက်လာ၏။

''အပျိုလျှောက်နည်းက ကျန်းမာရေးအတွက် လမ်းလျှောက်တဲ့နည်းနဲ့ ဘာမှမဆိုင်ဘူး။ လမ်းလျှောက်တယ်ဆိုတာ သွက်သွက်မှန်မှန်လေး ဒီလို အသက်ရှူပုံမျိုးနဲ့ လျှောက်ရတယ်''

နည်းပြလုပ်ပေးသော ဝေဖြိုး နောက်ကို ကျန်ငါးယောက်လုံး သွက်သွက်လိုက်သွားကြ၏။

နောက်ပါးမှာ ကျန်ခဲ့သော သူနှင့် ဟန်နီတို့မှာ ဖြည်းဖြည်းမှန်မှန် လျှောက်ရင်းဖြင့်. . .

''မောနေပြီလား ဟန်နီ''

''ဟင့်အင်း''



www.burmeseclassic.com

www.burmeseclassic.com



"အသက်ရှူသံ ပြင်းနေတယ်၊ ရင်ဘတ်တွေ လှိုက်ဖို နေတယ်၊ မောနေသလိုပဲ. . . သိပ်မောနေရင် ပြောနော်"

"ဘာလဲ. . . ထမ်းခေါ်မလို့လား"

"မဟုတ်ပါဘူး. . . ခဏထိုင်နားကြတာပေါ့လို့ ပြောမလို့ပါ"

"မနက်က သုံးနာရီကတည်းက နိုးနေတာ"

"ကိုယ်ထတာလည်း သုံးနာရီပဲ"

"လမ်းမလျှောက်ခင် ကိုယ်လက်သန့်စင်ပြီး ဘုရားရှိခိုးနေတာ နာရီဝက်လောက်ကြာတယ်"

"မင်္ဂလာကျက်သရေအပေါင်းနဲ့ ခညောင်းသွားတာပေါ့၊ ဟုတ်တယ်. . . နောက်နေ့ ကိုယ်လည်း ဘုရားသောက်တော်ရေကပ်ပြီး ဘုရားဝတ်ပြုပူဇော်ရမယ်"

"မနက်ဖြန်ဆို ကျောင်းနှစ်ရက်ပိတ်ထားတာ ပြန်ဖွင့်ပြီနော်. . . ကျောင်းပျက်ခံပြီး လျှောက်လစ်မနေနဲ့ဦး"

"စိတ်ချပါ. . . မင်းအနားမှာ ကိုယ်အမြဲရှိနေပါ့မယ်"

"ကျောင်းတက်ဖို့ ပြောနေတာက စာသင်ဖို့ရှင့်"

"စာလည်းသင်မယ်. . . မင်းနဲ့လည်း တွေ့နေချင်တယ်"

"အဖြေရပြီးပြီပဲ. . . ဒီလောက်အဖြစ်သည်းမနေစမ်း





ပါနဲ့၊ ဘာလဲ သဝန်ကြောင်ပြီး စိတ်မချဖြစ်နေရပြန်တာလား"

"ဆောင်းလေကွေ့ ဝေ့မှာကြောက်တယ်၊ ကိုယ်က ချမ်းတတ်၊ လွမ်းတဘ်လွှန်းတဲ့သူလေ"

"မိန်းမနဲ့ ဆောင်းလေနဲ့ တူတယ်ဆိုတဲ့သဘောနဲ့ ဟိုသီချင်းလို လှည့်ပတ်ပြောသွားတာ မဟုတ်လား၊ မိန်းမဟူသည် ××× ဆောင်းလေပမာညီ ××× အတွင်းသဘော ××× ဘယ်မတည် ××× ပြောင်းလဲတတ်သည်ဆိုတဲ့ သီချင်းလေ"

"အဟဲ" ဟု သူ မတတ်သာ၍ ဝန်ခံလိုက်သောအခါ သူမက. . .

"ဘာဟဲတာလဲ. . . အခုထိ သဝန်တိုတာကြီးကို မပြင်သေ ဘူးလား. . . ဒီက သူ့ရည်းစားပါဆိုတာ တစ်ကျောင်းလုံးသိရဲ့သ ^ နဲ့. . . သက်သက်မဲ့ စိတ်မချဖြစ်နေတာ၊ လိုက်ချုပ်ချယ်မှာတွေ ကြိုက်ပါဘူး. . . ပြောထားရဲ့သားနဲ့. . . အခုတစ်ခါပြန်စလာပြန်ပြီ. . . ဟင်းနော်. . . ဒါပဲ. . . ဟန်နီအကြောင်းကိုသိတယ်မဟုတ်လား"

"သိပါတယ်. . . ဟန်နီ စိတ်ဆိုးရင် သခွားသီးတောင်အစိမ်းစားပြရဲတယ်ဆိုတာ"

သူနှင့် သူမ လမ်းလျှောက်ရင်းနှင့် တစ်ယောက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ခွန်း စကားများလိုက်၊ စိတ်ကောက်လိုက်၊ ပြန်ချော့လိုက် အဆင်ပြေပြေ စကားပြောဖြစ်လိုက်နှင့် ထက္ကသိုလ်ရိပ်သာလမ်းဘက်ကို ရောက်လာကြသည်။

နှစ်ဖက်မိဘတွေ သဘောတူမတူ မသိရသေးသော်လည်း သူနှင့်သူမ ချစ်သူတွေ အတိအလင်း ဖြစ်ခဲ့ကြ၏။ နှစ်ယောက်စလုံး အတန်းတူ၊ အခန်းတူ၊ အဖွဲ့တူတွေ ဖြစ်ကြပြီး တစ်ယောက်အကြောင်းကိုလည်း တစ်ယောက်က ပြောပြထား၍ သိသင့်သလောက် သိနေကြ၏။

ဆိတ်ငြိမ်ရပ်ကွက်ကြီးထဲမှာ နှစ်ကိုယ်ယှဉ်တွဲ လျှောက်လှမ်းနေစဉ် ဆိတ်ဖလူးပန်း ရနံ့ကို မွှေးပျံ့သင်းမြစွာ ရှူရှိုက်လိုက်ရသည်။

ကြယ်တွေက ကောင်းကင်တစ်ခွင်မှ ကြယ်စင်တွေ ဖောက်ဖြာနေသည်မှာ စိန်ပွင့်မီးအိမ်ကလေးတွေ ဆင်ယင် ခြယ်သထားသည့်နှယ်။

နှောင့်ယှက်မည့်သူမရှိ၊ အယောင်ဆောင် ဆက်ဆံရေးတွေ မရှိ။ ပကတိ ငြိမ်းချမ်းသန့်စင်သော အခါကာလထဲမှ ရင်ခုန်သံတွေ ယစ်မူးရွှင်ပျစွာ လမ်းလျှောက်နေရသည့် ရသသည့် ခံစားဖူးခဲ့သမျှ ဘယ်အရာမှ မီမည်မထင်။





ဖြည်းဖြည်းမှန်မှန် လျှောက်နေရသောကြောင့် တစ်ဦးအားမှာ၍ တစ်ဦးက ခပ်တင်းတင်းလေး ဖက်တွဲလျှောက်ကြမိကြ၏။ အဖွဲ့တွေက လမ်းမီးလေးတိုင်မျှ ရောက်ရှိသွားလေပြီ။ လမ်းကွေ့တွေ ရောက်လျှင် လှမ်းမမြင်နိုင်တော့။

တစ်နေရာအရောက်မှာ. . .

"အား"

သူမ အော်သံကြောင့် သူ အလန့်တကြား ဖြစ်သွား၏။

"ခြေသန်းလေး ခလုတ်တိုက်မိတာ နာလိုက်တာကွာ"

သူမရဲ့ ခြေသန်းလေးကို သူက အသာအယာ ဖိနှိပ်၍ နာကျင်မှု သက်သာအောင် လုပ်ပေးရင်း. . .

"ဒီလိုဆောင်းတွင်းမှာ အခုလို ထိခိုက်မိရင် အသည်းခိုက်အောင် နာ ဘတ်တာ. . . မင်း သိပ်နာနေသလား ဟင်"

"အင်း. . . ယခုတော့သက်သာသွားပါပြီ"

သူနှင့် သူမ ရပ်တန့်နေသည်မှာ ခြံဝန်းကြီးကြီးတစ်ခုရှေ့မှာ ဖြစ်၏။ အရှေ့တိုင်း ဗိသုကာပုံစံဖြင့် ဆောက်လုပ်ထားသော အိမ်ကြီးတစ်လုံးရဲ့ ခြံရှေ့မှာ ဖြစ်နေ၏။ ခြံစည်းရိုးနှင့် အိမ်မကြီးမှာ ဝါးတစ်ပြန် မရှိဟု ကွာမျှသာ ဝေး၏။

ထိုအချိန်တွင် ခြံကြီးထဲမှ ဂူးဂူးဝါးဝါး အော်ဟစ်သံတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ထိတ်လန့်ဖွယ်ရာ ကြားလိုက်ရသည်။

သူနှင့် သူမ အသေအချာ နားစွင့်ထောင်လိုက်သောအခါ ယောက်ျားနှင့် မိန်းမ ရန်ဖြစ်သံလိုလို၊ အိမ်ကြီးကို နိုးသားဓားပြတွေ ဝင်စီးနှိပ်စက်နေ၍ နာနာကျင်ကျင် အော်ဟစ်သံလိုလို၊ အကူအညီ အော်ဟစ်တောင်းခံသံလိုလို။ အသံတွေက စူးလုံးပြီး ရောထွေးပေါ်ထွက်လာနေခြင်း ဖြစ်သည်။

သူမက အသံတွေကို လန့်စိတ်ဖြင့် သူ့ကို ပိုမိုတွယ်ဖက်လာ၏။

''ဘာဖြစ်နေကြတာလဲ မသိဘူးနော်''

''လင်မယား ရန်ဖြစ်နေတာ နေမှာပေါ့''

''မဖြစ်နိုင်ဘူး''

စုံထောက်ဝတ္ထုမျိုးစုံကို အသည်းအသန် ဖတ်ရှုနှစ်သက်တတ်သော သူမက ထပ်မံ နားစွင့်နေပြန်၏။ ကြောင်က ကြွက်ခြေသံကို နားရွက်ထောင်ကြည့်နေပုံနှင့် တူနေ၍ သူ ပြုံးမိ၏။

မှုခင်းစာအုပ်မျိုးစုံကို အလွန်ဖတ်သော သူမ။ သွေးလွှမ်းစာပေတွေကို သူမ မဖတ်၊ မနှစ်သက်။ စုံထောက်ဝတ္ထုဆိုတာကို ဆရာကြီး ရွှေဥဒေါင်းရဲ့ ဦးစံရှားလောက်သာ ဖတ်ဖြစ်တတ်သူ။





''အသံတွေ တိုးသွဲ့သွားပြီး အခုမ်းကို ထိတ်လန့်စရာကောင်းတဲ့ အန္တရာယ်နဲ့ ရင်ဆိုင်တွေ့နေရသလို အော်တဲ့အသံတွေပဲ''

''အဲဒီအသံတွေ ကြားတော့လည်း မင်းနဲ့ကိုယ်က ဘာလုပ်နိုင်မှာမို့လို့လဲ၊ ဆက်လျှောက်ရအောင်''

''အကူအညီပေးသင့်ရင် ပေးရတာပေါ့''

''အကူအညီ . . . သူများခြံထဲမှာ ပိုင်ရှင်ဘယ်သူမှန်းမသိ၊ မိတ်ဆွေရန်သူ ဘယ်သူမှန်း မသိဘဲ ရမ်းသမ်း အကူအညီပေးလို့ရမလား ဟန်နီရယ် . . . ပဲလော်ကြားထဲ အားညှပ်သလို ကျွဲနှစ်ကောင် ခတ်တဲ့ကြားထဲမှာ မြေစာပင် ဖြစ်နေပါဦးမယ်''

''ရှင် အသာနေစမ်းပါ . . . ကိုယ်နဲ့မဆိုင်သလို နေနိုင်တဲ့လူ အတန်းအစားမှာ ကျွန်မ မပါဘူး၊ တရားတဲ့အကိုက ရပ်ပြီး ကူညီသင့်တာ ကူညီရမှာပဲ''

''သူတို့ဟာက ဘာဖြစ်မှန်းလည်း မသိဘူး၊ ခြံတံခါးကြီး ပိတ်ထားတာ၊ အိမ်တံခါးတွေလည်း ပိတ်ထားတယ်၊ ဘယ်ကို သွားဝင်ကူမလဲ ဟန်နီရယ်''

''သူတို့ ဘာဖြစ်မှန်းသိအောင် သွားကြည့်လေ့လာရမှာပေါ့၊ ခြံစည်းရိုးများ ကျော်ဝင်ရင် ရတာပဲဟာ၊ အိမ်တံခါးတွေ



www.burmeseclassic.com

www.burmeseclassic.com



မခေါက်ဘဲ မြင်နိုင်တဲ့ အပေါက်တစ်ပေါက် ရှာပြီး ချောင်းကြည့်ကြတာပေါ့''

''မင်း အဲဒီလို တကယ်လုပ်မယ်''

''တကယ်ပြောနေတာ၊ ကြားလား. . . အသံတွေ၊ အော်သံတွေ ပြန်ကျယ်လာပြီ. . . လာစမ်းပါ မြန်မြန်''

''ကိုယ်မလိုက်ရဲဘူး၊ မင်းက မိန်းကလေး၊ သူများခြံထဲ ကျော်ဝင်ကတည်းက မင်းမှာ ပြစ်ဒဏ်သင့်နေပြီ. . . သူတို့ပြဿနာ သူတို့ ရှင်းပါလိမ့်မယ်''

''ပြောစမ်းပါ ရှင်ဟာ ကျွန်မအတွက် မဟာသူရဲကောင်းကြီး ဖြစ်စေရမယ်ဆို''

တစ်ခါသောအခါက သူမထံမှ အဖြေရရှိရန် သူ အပြောနှင့် သတ္တိ ပြောင်မြောက်ပြခဲ့တာတွေ အခုမှ အခက်တွေ့ရလေပြီ။ သူမက သူ့ကို သူရဲဘောကြောင်သူ တစ်ယောက်လို အမြင်မျိုးနှင့် ကြည့်နေ၏။

ဒဏ်ရာအဆိပ်တက်သလို ဆန္ဒဇောတွေ ပြင်းပြနေချိန်မှာ မဖြစ်သင့် မဖြစ်အပ်ရာတွေ သူ ပြောပြနေလည်း တစ်ဖက်နားဝင်၊ တစ်ဖက် နားထွက် ဖြစ်ကုန်ကြမှာပင်။

ထို့ကြောင့်. . .





''မင်း လုပ်စေချင်တာ အကုန်ဖြစ်ရမယ်၊ ဘယ်က စ,ပြီး လုပ်စေချင်သလဲ ပြော''

''အဲဒီ ခြံစည်းရိုး အမြင့်ကြီးကို ရှင် အရင်ကျော်လိုက်''

''ကိုယ်က ပြဿနာ မရှိပါဘူး၊ မင်းက ထဘီကြီးနဲ့ ဘယ်လိုလုပ် ကျော်ခွနိုင်မှာလဲ''

''ဟန်နီ မလိုက်ဘူးလေ၊ သူ့ဘာသာသူပဲ သွားလေ့လာကြည့်ပေါ့၊ ချုံကွယ်တစ်ခုမှာ ကပ်ခိုနေပြီး လေ့လာကြည့်ခဲ့သယောင်ဆောင်ပြီး ပြန်မလာနဲ့နော်၊ ဟန်နီအကြောင်း သိတယ်မဟုတ်လား၊ အဲဒီလောက်ကတော့ ဒက်ခနဲ အတတ်ပြောနိုင်တယ်''

သူ ခေါင်းညိတ်လက်မြှောက်ပြလိုက်၏။ ဖြစ်ချင်ရာဖြစ် အချစ်ရဲ့ စေညွှန်မှုကြောင့် တောက်ပြားလို ခြေလှမ်းမျိုးနှင့် ခြံစည်းရိုးအနား ကပ်သွားပြီး အမြင့်ကိုတစ်ဆင့်စီ တက်ကာ ခြံတံခါးကို ကျော်လွှားရ၏။ သံချွန်တွေက အသည်းယားဖွယ်ရာ။

တစ်ဖက်ခြံထဲကို ခြေချမိမှ သက်ပြင်းတစ်ဝက် ချလိုက်မိ၏။ ကျန်နေသော သက်ပြင်းမှာ ခြံစောင့်နှင့် အနံ့ခံကောင်းသော ခြံလုံခွေးတွေ ရှိနေမှာ စိုးရိမ်မိခြင်းကြောင့် တစ်ဆို့နေလေသဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုအကြောင်းကြောင့်ရယ်ဖြင့် မသိ၊ ခြံစောင့်နှင့် ခြံလုံခွေးတွေ မရှိ။ အိမ်မကြီးဆီကို အလုစိုက်ပန်းခြံအကွယ်မှ တိုးကပ်လျှောက်သွားရ၏။

အိမ်ထဲက နှိပ်စက်၍ အော်တစ်လိုက်သံတွေ ပိုမိုကျယ်လောင်လာ၏။

သူ အိမ်မကြီးအနားကို တိုးကပ်သွားသောအခါ အပေါ်ထပ်တွင် မီးလင်းနေပြီး အောက်ထပ်တွင် မှောင်နေ၏။

ထိုစဉ် တိုက်အိမ်ကြီးဘေးဘက်မှ အခန်းတစ်ခန်း မီးဖျတ်ခနဲ လင်းလာတာကို တွေ့လိုက်ရ၍ ပန်းချုံထဲ ပုနေအောင်ဝပ်လိုက်မိသည်။

အိမ်တံခါးတွေ ပွင့်မလာ။ ပြတင်းတံခါးတွေ ပွင့်မလာ။ မီးလင်းလာရာ အခန်းရှိ မှန်ပြတင်းပေါက်ဆီ အသာတိုးကပ်လျှောက်သွားလိုက်သည်။ တိုက်ကပ်ပင်လို တိုက်ဘေးမှာ ကိုယ်ခန္ဓာကို ကပ်ရင်း မီးလင်းနေသော အခန်းထဲကို အသာချောင်းကြည့်လိုက်၏။

မိန်းမတစ်ယောက်. . .

ရေချိုးခန်းထဲရှိ ကြွေရေချိုးကန်ထဲမှာ တစ်ကိုယ်လုံးနစ်စိမ်လိုက်တာ တွေ့ရ၏။ ဟန်နီ ထက်ပင် ပို၍ချောမွေ့မွတ်ဝင်း





နေသော မိန်းမက ကန်ရေဖြင့် တစ်ကိုယ်လုံးကို ဆေးကြောနေ၏။

ရေချိုးကြွေဇလားကြီးထဲက ရေမှာ ဆပ်ပြာမြှုပ်တွေအပြင် သွေးရောင်လွှမ်းနေ၏။

သူ အံ့သြလွန်းအားကြီးသွား၍ တမေ့တမော ငေးကြည့်နေမိလိုက်၏။ အော်ဟစ်သံတွေ တိတ်ဆိတ်သွားလေပြီ။ မည်သည့်အသံမျှ မကြားရ။ ရေပန်းဖွင့်ချ ထားသံသဲ့သဲ့နှင့် ရေချိုးကန်ထဲမှ ရေလှုပ်ခတ်သံ သဲ့သဲ့ကိုသာ ကြားနေရ၏။

အနှိပ်စက်ခံထားရ၍ ဒဏ်ရာနှင့် သွေးချင်းချင်းနီနေသော မိန်းမတစ်ယောက် ရေဆေးသန့်စင်နေတာဟု သူ ထင်မှတ်လိုက်မိ၏။

သို့ကြား. . . ကိုယ်လုံးတီးဖြင့် ထရပ်ရာမှ အမွေးမွှ တဘက်ပတ်လိုက်သော ထိုမိန်းမကိုယ်ခန္ဓာပေါ်မှာ မည်သည့်ဒဏ်ရာမှ မတွေ့ရသောအခါ သူ နားမလည်နိုင်အောင် ဖြစ်သွားရတော့သည်။

ဘယ်လိုဖြစ်ကုန်ကြပါလိမ့်။ ရေချိုးကန်ထဲမှ သွေးတွေက ဘယ်ကသွေးတွေလဲ၊ ဤမိန်းမ သွေးတွေပေစွန်းလာခဲ့ခြင်းသာ ဖြစ်ဖို့များ၏။

ထိုမိန်းမက ခန္ဓာကိုယ်ကို အမွေးမွှ တဘက်ပိုင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်ချည်ပြီး ကလပ်ခွက်တစ်ခုထဲမှ (ရှန်ပိန်ဖြစ်ဟန်တူသော အရည်ဖြူ)ကို မော့သောက်နေ၏။

ပြတင်းမှန်တံခါးပေါက် အနားမှ ရပ်ပြီး ပြင်ပကို (အလင်းပြန်ရိပ်တွေကြောင့် မမြင်ရသော်လည်း) တမင် မြင်ရဟန်မျိုးဖြင့် ကြည့်နေ၏။ သူမရဲ့မျက်ဝန်းက တိုက်ဘေးကပ်ပြီး မော့ကြည့်နေသော သူနှင့်တည့်တည့်။

သူ့ကို တည့်တည့်ကြီး စိမ်းစိမ်းစူးစူး စိုက်ကြည့်နေဟန် ပေါ်လွင်၏။

သူကြက်သီးမွေးညှင်းထသွားမိ၏။

သူရောက်ရှိနေတာ သူ မသိသွားလေပြီလား. . .

သူမဟာဘာလဲ။ လူလော၊ ပရလောကသား တစ်ဦးလော။ သွေးစုတ်ဖုတ်ကောင် ကားတွေထဲမှာ လူယောင်ဖန်ဆင်းထားသော ဝံပုလွေမိန်းမတစ်ဦးလေလား။ သူတို့၏ အနံ့စွမ်းအား၊ အမြင်စွမ်းအင်တွေနှင့် သူ့ကို တွေ့ရှိနေနိုင်သွားလေသလား။

သူကျောချမ်းပြီး ခေါင်းနားပန်းကြီးကာ ထိုခြံကြီးထဲမှ အမြန်ပြန်ထွက်လာခဲ့၏။ ခြံစည်းရိုး စူးချွန်တွေနှင့် ဝတ်စုံငြိပြဲသွားတာကိုပင် ဂရုမစိုက်နိုင်။





စည်းရိုးရှေ့မှာ ရပ်စောင့်နေသော ဟန်နီက. . .

"ဘာတွေ့ခဲ့လဲဟင်၊ ဘာတွေတွေ့ခဲ့လဲ. . . ပြောပါ။ ပြောစမ်းပါ"

ကြောက်စိတ် လန့်စိတ်ဖြင့် ပုံမှန်မောသည်ထက် သူ ပိုမောပန်းနေမိ၏။

သူ့အပေါ် အညှာအတာကင်းမဲ့စွာ နိုင်းစေခဲ့သော သူမကိုလည်း ဒေါသသင့်ချင်လာမိ၏။

"ဘာမှ မဟုတ်ဘူး။ သူ့ဘာသာ လင်မယားချင်း စကားများကြတာ"

"ရှင့် တကယ်ပြောတာလား၊ မညာနဲ့နော်"

သူမက တည်တည်တင်းတင်း မေးလာ၏။

သူက. . .

"လာ. . . ဒီကနေ ဝေးဝေးရောက်အောင် လျှောက်ရအောင်၊ အဲဒီကျတော့ ပြောမယ်"

"ဘာလဲ. . . အခု ပြောပါလား"

"သူတို့ ကြားသွားလိမ့်မယ်။ လန့်စရာကြီး၊ အခုတောင် အိမ်ထဲကထွက်လိုက်လာပြီလား မသိဘူး၊ လာပါ. . . ဝေးဝေး ရောက်မှ ကိုယ် အားလုံးပြောပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့အတင်းဆွဲခေါ်၍ သူမပါလာရသည်။ နှုတ်မှ မကျေမချမ်း ရွတ်ဆိုသံတွေ မပြတ်တမ်း ပြောလာ၏။

လမ်းမီးသုံးတိုင် အကွာခန့်ရောက်သောအခါ သူမက သူ့လက်ကို ပုတ်ထုတ်ရင်း. . .

''ဘယ်အထိ ခေါ်နေဦးမှာလဲ. . . ယောက်ျားဖြစ်ပြီး ဒီလောက်ပဲ အကြောက်အလန့်ကြီးနေရသလား ဝေဟန်''

သူက နောက်ကိုလှည့်ကြည့် အကဲခတ်လိုက်၏။ စိတ်ချရလောက်အောင် လူသူကင်းရှင်းနေတာမြင်မှ. . .

''အဲဒီအိမ်မှာ သွေးဆာနေတဲ့ မိန်းမတစ်ယောက်ရှိတယ်။ ကိုယ်လှဲအချောင်းကြည့်နေတာ အဲ့ဒီမိန်းမ သိသွားပုံရတယ်''

''ရှင် ဘယ်လိုတွေတွေ့ခဲ့လို့ သွေးဆာနေတဲ့ပုံ ပေါက်ရတာလဲ၊ ရှင်းအောင်ပြောစမ်းပါ''

သူက သူတွေ့ခဲ့သမျှနှင့် သူခန့်မှန်းထင်မြင်မိ သမျှကို မထိန်မချန် ပြောပြလိုက်၏။ သူ့စကားကြောင့် သူမက လက်နောက်ပစ်ပြီး သူ့ကို ကျေ့ပတ်လျှောက်ကာ စဉ်းစားသွား၏။

ကိုယ်ရည်းစားထားမိတာ မိန်းမတစ်ယောက်မှ ဟုတ်ရဲ့လား၊ အမှုလိုက်အရာရှိသေလို့ ပြန်ဝင်စားတဲ့ မိန်းမတစ်ယောက်





များဖြစ်နေမလားဟု ကတ်သီးကတ်သတ် တွေးလိုက်မိ၏။

သူမက. . .

''တော်တော်ထူးဆန်းနေပါလား''

မှတ်ချက်ချပုံက အလွန့်ပြောင်မြောက်သော ထူးမခြားနားပတ်ပျိုး၊ ဆတ်ခနဲသူ့ကို စိုက်ကြည့်လာပြန်၏။

''ကိုယ် အမှန်အတိုင်း ပြောပြနေတာပါကွာ''

''ရှင်မျက်လုံးတွေမှာ အဲ့ဒီအဖြေ ပေါ်နေတာ ဖတ်လိုက်မိပြီးပါပြီ။ အဲဒီမိန်းမဟာ ရှင်ထင်သလို ဒရက်ကူလာတော့ မဖြစ်နိုင်ဘူး၊ အလင်းထဲကနေ မှောင်ရိပ်မှီနေတဲ့ ရှင့်ကို လှမ်းမြင်ရလောက်အောင် အမြင်စွမ်းအင်ကောင်းတဲ့ သဘောမှာရှိတယ်ဆိုတာလည်း မဟုတ်နိုင်ဘူး။

အဲ့ဒီအကြည့်နဲ့တင် ရှင် အမြန်ပြန်ဆုတ်လာတာ ဟုတ်နိုင်ရဲလားဆိုတာ ကျွန်မ တွေးဆကြည့်နေတာ၊ အဲ့ဒီမိန်းမဟာ ရှင်ပြောသလောက်ဆိုရင် အတော်လှ တာပဲနော်၊ ရှင်သဘောကျသွားခဲ့တယ် မဟုတ်လား''

''မင်းကသာ ကြံကြံဖန်ဖန် သဝန်ကြောင်နေတာ၊ အဲ့ဒီမိန်းမရဲ့ပါဝါတွေ မလွှတ်ခင် လွတ်အောင်ပြန်လာနိုင်တာကောင်းချီးမပေးတဲ့အပြင် အမြစ်ရှာချင်နေသေးတယ်၊ တော်ပြီ



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ တခြားလမ်းကပဲ ရှောင်လျှောက်တော့မယ်''

''ကျွန်မကတော့ ဒီလမ်းကပဲ နောက်နေ့တွေလည်း ဆက်လျှောက်မယ်''

''ဟန်နီ''

''မတားနဲ့''

''ကျစ်. . . ခက်တာပဲကွာ ဟိုကောင်တွေကလည်း အုပ်စုဖွဲ့ပြီး လစ်သွားလိုက်ကြတာ အရိပ်တောင်မမြင်ရတော့ဘူး။ မင်းနဲ့ကိုယ်နဲ့ စိတ်အကြောမတဲ့တာ အဲ့ဒါတွေပဲ၊ အန္တရာယ်ရှိနိုင်လို့ ကိုယ်ကမလုပ်ပါနဲ့ဆိုတာမျိုးကိုမှ မင်းက ဇွတ်လုပ်ပြချင်တယ်. . .

မင်းက အန္တရာယ်ရှိတယ်လို့ တားမြစ်ခဲ့တာမျိုးတွေ ကိုယ်ဘယ်နှစ်ခါ ကျူးလွန်ခဲ့ဘူးသလဲ၊ မင်းပြောသလိုနေပြခဲ့တာပဲ မဟုတ်လား။

မင်းတို့မိန်းမတွေဟာလေ ချစ်လို့ အလိုလိုက်လေလေ ပိုပြီး အရွဲ့တိုက် ဆိုးနွဲ့ပြလေလေ ဆိုတာမျိုးတွေပဲ''

''ရှင် ကျွန်မအကြောင်းကို မသိဘဲနဲ့ ကျွန်မကို ချစ်ခဲ့တာလား ဝေဟန်''

''သိလို့ ချစ်ခဲ့တာပါကွာ''





''သိရင်. . . ကျွန်မမှာ ဒီလို လျှို့ဝှက်သည်းဖို ဖြစ်ရပ်တွေကို လေ့လာလိုက်စားတတ်တယ်ဆိုတာ ရှင်နားလည်ရမယ်။ လိုက်လျောရမယ်၊ ကူညီရမယ်၊ အားပေးရမယ်။

အဲဒီလိုမှ မလုပ်ပေးနိုင်ရင် ကျွန်မ အစကတည်းက ပြောထားခဲ့ပြီးပြီပဲ၊ ကြိုက်သလို ဆုံးဖြတ်ပြီး တဲ့တာလုပ်သွားနိုင်တယ်လို့''

စကားများရန်ဖြစ်တိုင်း နောက်ဆုံးလက်နက်နှင့်တူသော တင်းပုတ်ရိုက်ချက်လို ပြင်းထန်သည့် စကားလုံးများဖြင့်သာ သူ ရင်ထုခံလိုက်ရသည်ချည်းသာ။

ထိုစကားမျိုး ကြားရဖန်များသောအခါ စိတ်ထဲက နာချင်လာ၏။ ချစ်ခြင်းကြောင့်သာ သည်းခံကြိတ်မှိတ်နေရ၏။

ပြောအားရှိချိန်မို့ ပြောထားပါစေဟု ရင်တွင်းအမှုပမာ၊ အချက်အလက် စုဆောင်းလို့သာ နေလိုက်တော့၏။

''ကျွန်မ မနက်ဖြန်လည်း ဒီလိုအချိန်မျိုးမှာ လမ်းလျှောက်မယ်၊ ရှင်လဲလိုက်ရမယ်. . . ပြီးတော့ ဒီနေ့လိုပဲ စုံစမ်းပေးရမယ်''

သူ စိတ်ပျက်ညစ်ညူးစွာဖြင့် တစ်ဖက်သို့ မျက်နှာလွှဲပြီး ခေါင်းကိုသာ တွင်တွင်ဆတ်ပြလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



''မရခင်ဖျာလိုလိပ်ကာ ထိပ်ပေါ်တင်ထားသမျှ သင်းတို့
မင်းမှုကြွပစေဦးပေါ့''

❀ ❀ ❀ ❀



## အခန်း (၂)

ဘက်နှစ်ဘက်ဖြစ်လာ၏။ မဖြစ်နိုင်သည့်ဘက်မှာ ဟာန်နီ၊ ခင်မိုးဝါ၊ မေသဇင်ဖူးနှင့် ဇေဖြိုးတို့ပါဝင်နေပြီး ဖြစ်နိုင်သည့် ဘက်မှာ မာဆွေ၊ ဖမောင်လွှတ်းနှင့် သူ ပါဝင်နေ၏။

ဘက်နှစ်ဘက်ဖြစ်ပေါ်စေသော အကြောင်းရင်းမှာ ခြံအမှတ် (---)ရှိ အိမ်ကြီးမှာ သူနိုးချောင်း လေ့လာခဲ့သော ထူးထူးဆန်းဆန်း မိန်းမနှင့်ပတ်သက်သော ခန့်မှန်းခြေများပင် ဖြစ်နေသည်။

ဟာန်နီမတို့အဖွဲ့က မှုခင်းတစ်ခုခု ဖြစ်သွားပုံရသည် ဟူသော ဖြစ်နိုင်ခြေဘက်ကို ဖောင်းပေးပြောဆို၏။ သူတို့အဖွဲ့က ပရဝိဉာဉ်လောကပိုင်းဆိုင်ရာနှင့် ဒရက်ကူလာလို သွေးပြီဖုတ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်ဆန်ဆန် ထူးဆန်းထွေလာအပိုင်းကို ဦးစားပေး ပြောဆိုရပ်တည်မိ၏။

နှစ်ဖက်စလုံး အငြင်းအခုန်ဖြစ်ကုန်ကြရာမှ သူနှင့်သူမတို့ ပွဲကြီးပွဲကောင်း ထတည်ကြရတော့မည့် အသွင်ကို ဆောင်လာတော့သဖြင့် သူမှာ မနည်းပြန်နှုတ်ထိန်းလိုက်ရသည်။

စကားတွေ ထွေးလုံးရစ်ပတ်ဖြစ်နေကြစဉ် သူမက. . .

''အဲ့ဒီမိန်းမအကြောင်းကို တို့တစ်တွေ မသိမရှိ သိကိုသိရအောင် ဝိုင်းဝန်းစုံစမ်းကြမယ်. . . အကျိုးအမြတ် ရလဒ်တွေကြည့်မနေနဲ့ အဓိက,က သိရဖို့ပဲ မဟုတ်လား၊ အဲ့ဒါကြောင့်. . .''

သူမဆက်ပြောသွားသည့် စကားတွေကို သူမကြားနိုင်တော့။ သူက ကျောင်းပြီးလျှင် ရှေ့ဆက်ရမည့် အဓိပ္ပါယ်ရှိရှိခရီးကိုသာ ကြိုတွေးအကွက်ချ လုပ်ဆောင်ချင်သူ၊ သူမနှင့်လည်း စိတ်တူကိုယ်တူ ဆွေးနွေးပြီး ကြိုတင်ပြင်ဆင်ချက်တွေလုပ်ဆောင်ထားချင်သူ၊ သူမက အဓိပ္ပာယ်ရှိခြင်း မရှိခြင်းထက်သိခြင်း မသိခြင်း အမှုကို အလွန်ဦးစားပေးတတ်သော ညာဉ်ရှိသူ။ မတူ။ မတူ။

မိုးတိမ်ဖြစ်တိုင်း အရောင်တူကြတာလည်း မဟုတ်ဘဲလေဟု စိတ်ကိုအာရုံပြုပြီး ကိုယ့်ဘာသာ ကုစားလိုက်ရသည်မှာ





အခါခါ။

''ရှင့်ကို မေးနေကြတယ်၊ ရှင်က ကျွန်မ ပြောသလိုလုပ်မှာပဲဆိုတာ ဟုတ်သလား''

အတွေးလွန်နေသောသူ့ကို သူမက လက်ကိုင်လှုပ်ခါရင်း အတင်းမေးလာ၏။ အားလုံးက ဝိုင်းကြည့်ပြီး သူ့အဖြေကို နားစွင့်နေကြ၏။

''ဟန်နီ ပြောသလိုဆိုတာ ဘာတွေလုပ်ရမှာလဲ''

''မနက်ဖြန်မနက် လမ်းလျှောက်ထွက်တဲ့အခါ ဟိုအိမ်ကြီးကို ထပ်ပြီး လှေ့လာကြမယ်ဆိုတာလေ၊ အဲ့ဒီလို လေ့လာတဲ့နေရာမှာ ရှင်က ဦးဆောင်ရမယ်''

''သူမက ဆက်ပြောမည့်စကားတွေကို နားငြီးမခံချင်တော့၍ ခေါင်းတွင်တွင်ညိတ်ပြလိုက်မိ၏။ သည်တိုင် သူမက. . .

''တကယ်လုပ်မှာနော်''

''အင်း. . . အင်း. . .''

''တွေ့တယ်မဟုတ်လား၊ တို့လူက တို့အတွက်ဆို အဲ့ဒီလို အဆင်သင့်ပဲ. . အဲ့ဒါတွေကြောင့် ချစ်နေရတာ ဟုတ်တယ်နော်''

''သူမက သူ့ပါးနှစ်ဖက်ကို ညှစ်ပြီး လူရှေ့သူရှေ့မှာချစ်ပြနေပြန်၏။ ပြဿနာတစ်သီကြီး တက်လာနိုင်သည့် အရေး



www.burmeseclassic.com

www.burmeseclassic.com



ကို ထည့်မတွက်။ မဆီမဆိုင်သည့် အရေးကို ရေးကြီးခွင်ကျယ် လုပ်ဆောင်နေခြင်းမှာ အလွန်စိတ်ပျက်စရာ။

ချစ်လွန်းသမျှ ရင်ပွန်းရပြီ. . . ဟန်နီ။



နောက်တစ်နေ့ လမ်းလျှောက်ဖြစ်ကြသောအခါ စိတ်ဝင်စားစရာကောင်းသော ဦးတည်ချက်ရှိလာကြ၍ထင်သည်။ တစ်ဖွဲ့လုံးတက်ကြွနေ၏။

သူနှင့်သူမတို့ မနေ့ကလို အေးအေးဆေးဆေး လမ်းလျှောက်ခွင့်မရတော့။ ရင်ခုန်ကြည်နူးခွင့်မရတော့။ သူမကပင် တစ်ဖွဲ့လုံးကို အသံစာစာနှင့် ဦးဆောင်၍ ပြေးလိုက်၊ နားပြီးလျှောက်လိုက်နှင့် မနေ့ကရောက်ခဲ့သည့် အိမ်ကြီးကို တစ်ထောက်မနား ဆက်ခါချီနေ၏။

အိမ်ကြီးရှေ့ရောက်သောအခါ မနေ့ကလို အပေါ်ထပ်မီးထွန်းမထား၊ အောက်ထပ်ကိုလည်း အမှောင်ချထားပေ၏။



www.burmeseclassic.com

www.burmeseclassic.com



အုတ်စည်းရိုးမီးလုံးတွေသာ ထွန်းညှိထား၏။ ခြံဝအနားမှာ အကြောလျှော့ လေ့ကျင့်ခန်းလုပ်သလိုလို၊ ဘာလိုလိုနှင့် ပြုလုပ်ရင်း ခြံအထွက်ကို အကဲခတ်လိုက်ကြ၏။

အိမ်အပေါ်ထပ်မှ ဖျတ်ခနဲ မီးအပြိုင်လင်းလာ၏။ သူ့လက်မှ နာရီကို ကြည့်လိုက်သောအခါ မနက်လေးနာရီခွဲ တိတိ၊ သူမက အားလုံးကို နားစွင့်ထောင်နိုင်း၏။

မနေ့ကလိုပင် အော်သံတွေ ထွက်ပေါ်လာပြန်၏။ ခြံကျယ်ကြီးမို့ အနီးဝန်းကျင်မှ အိမ်တွေနှင့် အတန်လှမ်းနေ၏။

ရှေ့မှာလည်း လမ်းကျယ်ကြီးရှိနေ၍ ရှေ့ဘက်အိမ်တွေ မကြားနိုင်။

လမ်းနှင့် ဝါးတစ်ပြန်မရှိတာရှိမို့ လမ်းသွားလမ်းလာတွေသာ ကြားနိုင်လောက်သော အသံဒုပ်ကာ အော်ဟစ်သံမျိုးဖြစ်၏။

မောင်လွဏ်းက ခြံစည်းရိုးပေါ် တက်မည့်တကဲကဲ လုပ်နေ၏။ ဖေဖြိုးက. . .

"မင်း မဝင်ဘူးလား ဝေဟန်"

သူက သူမကိုကြည့်၏။ သူမက. . .

"သွားလေ ဒီတစ်ခါ ပိုမြင်ရအောင် စောင့်ကြည့်ခဲ့"





"မင်းတို့မိန်းကလေးတွေက ဒီခြံရှေ့မှာ ဒီလိုပဲ ပြုံရပ်နေမှာလား၊ ပတ္တရောင်လှည့်နေတာနဲ့တိုးလို့ မသင်္ကာဖွယ် ဖြစ်ရာက လိုက်စစ်ရင် ဘာမဟုတ် ညာမဟုတ်နဲ့ အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်"

"ဒီရှေ့နားကို လျှောက်လိုက်၊ ပြန်လာလိုက်နဲ့သည်းနေမှာပါ။ ဒီအတွက်မပူပါနဲ့၊ ကားမီးရောင်ရှင်းတုန်း မြန်မြန်ဝင်ကြလေ"

ဖေဖြိုးက အသံတိတ် ကျိတ်ဆဲ၍ မောင်လွဏ်း နာကျင်ရှုံ့မဲ့မဲ့ဖြင့် ငုံ့ခံနေရှာ၏။

ခြံထဲသို့ဝင်၍ တိုက်အိမ်အား မရောက်မီပင် ပေါ်တီကိုမီးလင်းလာတာတွေ့သည်နှင့် သူတို့ရင်ထဲ ဒိန်းခနဲ ဖြစ်သွားပြီးတိုက်ဘေးကို အသီးသီး ကပ်ကွယ်နေလိုက်ကြသည်။

သံတံခါးဖွင့်သံကြားရ၏။ ဂျုံးဂျိမ်းမည်သံနှင့် ကားသံကြားမှ ကားဂိုဒေါင်ထဲက ကားထုတ်လိုက်မှန်း သိရသည်။ စကားပြောသံ၊ ယောကျ်ားကြီးတစ်ယောက် ဗလုံးဗထွေးနှင့် စကားပြောသံ၊ တိုင်းရင်းသား ဘာသာစကားတစ်ခုခု ပြောနေ သလိုမျိုးနှင့် ဆင်တူ၏။

သို့မဟုတ် ပြင်သစ်၊ ဂျာမန်၊ အီတလီ၊ စပိန်စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောသံမျိုးလည်း ဖြစ်နိုင်သည်။ မြန်မာလို အဓိပ္ပါယ်ဖော်၍ မရသော စကားသံကြောင့် ဘယ်လိုလူတွေများလဲဆိုတာ သိချင်၍ သူ အသာခေါင်းငုံ့ထွက်ပြီး ချောင်းကြည့်လိုက်၏။ ရောမ လူထွားကြီးတစ်ဦး ကားပေါ်တက်ထိုင်လိုက်၏။

ဂျပန် နပန်းသမားနီးနီး တုတ်ဝသော ခန္ဓာကိုယ်ကြီးရဲ့ အလေးချိန်ကြောင့် ဆလွန်းကားလေး အိကျသွား၏။ ကားနှင့် လူနှင့် မလိုက်အောင် လူကောင်က ဂင်တိုတိုနှင့် ထွားကျိုင်း လွန်းလှ၏။

အတွင်းထဲမှ တစ်စုံတစ်ဦးကို တစ်စုံတစ်ရာ လှမ်း အော်ပြောပြီး ကားမောင်းထွက်သွား၏။

ခြံဝင်းတံခါးနားမှာ ရပ်စဉ် သူတို့ သုံးယောက်စလုံး တိုက်နောက်ဘက် ရေစင်နားမှာ ပြားဝပ်နေလိုက်ရ၏။

ကားပေါ်မှာ လူကြီးရဲ့ လက်တစ်ဖက် ထွက်လာ၏။ အဝေးထိန်းခလုတ်ဖြင့် ခြံတံခါးကို ပိတ်ခဲ့၏။ အိမ်ကြီးရဲ့ တံခါး ပြန်ပိတ်သံတွေ ကြားလိုက်ရ၏။

"ဟော...ငါ မနေ့က ခပ်ချောချော မိန်းမကိုမြင် ခဲ့တဲ့ ရေချိုးခန်းမီးလုံး လင်းလာပြီ၊ လာ...လာ...အနားကို သွားချောင်းကြည့်ရအောင်"





သူတို့ သုံးယောက်စလုံး ရေချိုးခန်းပြတင်းရှည်ရဲ့ တစ်ဖက်တစ်ချက်မှာ ရပ်တန့်လိုက်ပြီး အတွင်းကို အသာငဲ့ ချောင်းကြည့်လိုက်၏။

"အား...အာ"

မောင်လွဏ်းထံမှ လည်အစ်လိုအသံမျိုး ပေါ်လာ၏။ ဘာကြောင့်လဲဟု မေးစရာမလို၊ အတွင်းခန်းမှာ မျက်နှာသစ် နေသော မိန်းမတစ်ယောက် သူတို့ဘက် မျက်နှာလှည့်ကာ အမွှေးပွသဘက်ပိုင်းကို လှမ်းယူလိုက်စဉ် တွေ့လိုက်ရသော မြင်ကွင်းမှာ...

အလွန်တရာ ရုပ်ဆိုးအကျည်းတန်သော မိန်းမတစ် ယောက် ဖြစ်နေ၏။ မျက်နှာကို အရေပြားဆုတ်ခွာထားပြီး အနာပြန်ကျက်ထားသလို မျက်နှာမျိုးကြီးကို တွေ့လိုက်ရခြင်း ပင်။

အနီကွက်၊ ညိုမည်းနေသော အကွက်ကြီးတွေ ပျောက် ကျားဖြင့် ထိတ်လန့်ဖွယ်ရာ သရဲကားတွေထဲမှာ မိတ်ကပ် အထူး ပြုလုပ်ချက်များနှင့် အသွင်တူသည့် မျက်နှာကြီးကို မြင်လိုက်ပြီး သည့် မောင်လွဏ်းမှာ ဝေါခနဲ အော့အန်သလို ဖြစ်သွား၏။ ဖေဖြိုးကသူ့ကို လက်ကုတ်ပြီး ခေါင်းကိုပုတ်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



သူက ရုပ်ဆိုးသော မိန်းမရဲ့ခေါင်းကို ကြည့်လိုက်သော အခါ ထိုမိန်းမက သူမရဲ့ ဆံပင်ကို ခွဲဆုပ်ကြည့်လိုက်သည့်အတွက် ဆံပင်တွေ အုံလိုက်ကျွတ်ထွက်လာနေတာ တွေ့ရပြန်၏။

ပိန်လှီသော ခန္ဓာကိုယ်ကို တောင့်တင်းအောင် ရပ်နေသော မိန်းမမှာ မှန်ကိုဆွဲဖြုတ်ယူပြီး ပေါက်ခွဲချပစ်လိုက်တာတွေ့ရ၏။ ပေါက်ကွဲသံသဲ့သဲ့ကိုလည်း ကြားရ၏။

မောင်လွင်နှင့် ဇေဖြိုးက ဆက်မလေ့လာရဲတော့၍ ပြန်ရန်သူ့ကို အချက်ပြ၏။

သူက တမင်ပင် ဆက်လေ့လာဖို့ တိုက်နောက်ဘက်ကို လျှောက်သွားလိုက်၏။

တိုက်နောက်ဘက် ရောက်သောအခါ မောင်လွင်နှင့် ဇေဖြိုးတို့ လိုက်မလာကြတော့။

သူက နောက်ဘက် ရေသွယ်ပိုက်တွေမှတဆင့် အပေါ်ထပ် ဝရန်တာဆီရောက်အောင် ခိုတွယ်တက်သွားလိုက်၏။

အပေါ်ထပ်ရောက်သောအခါ မီးလင်းနေသော နောက်ဘက်အဆောင်ကို အသာတိုးကပ်ကြည့်လိုက်၏။ အခန်းတစ်ခုလုံးမှာ ရှိသမျှ ပစ္စည်းတွေ မိတ်ရိုလက်မှ ပေါက်ခွဲထားတာ မြင်လိုက်ရ၏။





မနေ့က သူတွေ့ခဲ့သည့် လှပသော မိန်းမမှာ ဘယ်ရောက်သွားပြီလဲ။

ယနေ့မနက်တွေ့ရသည့် ပုံပျက်ပန်းပျက် မိန်းမကြီးအဖြစ် အသွင်ပြောင်းလဲသွားပြီလား။

ဖြစ်နိုင်လျှင်တံခါးကို အတင်းဖြုတ်ကန်ဖွင့်ပြီး အထဲကို ဝင်ကြည့်လိုက်ရလိုက်ချင်၏။

သို့ပြား. . ထိုမျှရဲလျှင် အမှုတွဲတွေ တသီကြီးတွဲသွားနိုင်၏။ ပြောင်းဆန်အောင် ပေပွရှုပ်ထွေးနေသော အခန်းထဲကို မည်သူတစ်ဦးတစ်ယောက်မျှ ဝင်လာလေမလဲဆိုတာ သူ ရင်တဖိုဖိုဖြင့် စောင့်ကြည့်နေမိပြန်၏။

ထိုသို့ကြည့်နေစဉ်မှာပင် ကျောထဲစိမ့်သွားမတတ် ဆိတ်ငြိမ်မှုက ကြီးစိုးသွားပြန်၏။

အပေါ်အမိုးမှ အရိပ်မည်းကြီးတစ်ခု ရေစင်ထံ ခုန်ကျူးလိုက်စဉ်မှာ. .

"ဝုန်း" ခနဲ မြည်သံထွက်သွား၏။ နောက်ဘက် ဝရန်တာမီးလင်းလာ၍ သူအမြန်ပင် ရေပိုက်မှ လျှောဆင်းစဉ် ရေပိုက်စုပ်တပ်ထားသော မူလီတွေနှင့် သူလက်တွေ ခြစ်ရှမိကုန်၏။ အပေါ်ထပ်မှ တံခါးဖွင့်သံ၊ ဂူးဂူးဝါးဝါး အသံတွေ ဆင့်ကိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြားရစဉ် မြေပေါ်မှာ ဝပ်ကပ်မနေရဲတော့သော သူ့မှာ ပန်းခြံ အကွယ်တွေအရောက် အမြန်သုတ်ခြေတင်ရတော့၏။

ဝရန်တာမှ လူရိပ်နှစ်ခု၊ လက်ထဲမှာ ဓာတ်မီးတွေပါ လာပြီး ခြံဝင်းအနှံ့ကို လိုက်လံထိုးကြည့်နေ၏။

သူပို၍ ဝပ်ကပ်နေစဉ် ဓာတ်မီးရောင်တွေက ကြောင်ကို ရှာတွေ့သွားပြီး ကျေနပ်သွားကြကာ၊ တံခါးပြန်ပိတ်၊ မီးမှိတ်သွား၏။

သူအမြန်ပင် တိုက်ဘေးမှ ပတ်ထွက်ပြီး ခြံစည်းရိုးတံခါးဆီ ရောက်အောင်ပြေးလာရ၏။

'ဝေါင်း' ခနဲ ဟိန်းဟောက်သံကြီးကို ကြားလိုက်ရသည်နှင့် ခြံစည်းရိုးပေါ် ခွေ့ခနဲ ရောက်သွားပြီး ခြံပြင်ကို လိမ့်ချလိုက်မိ၏။ အကျိုနှင့် ဘောင်းဘီတွေ ဆူးရိုးငြိပြဲသံ ကြားသော်လည်း သူဂရုမစိုက်နိုင်တော့။ အကျနာသွား၍ ရုတ်တရက်မထနိုင်ဖြစ်နေစဉ် တစ်ဖက်လမ်းမ အပင်ရိပ် အမှောင်မှ အရိပ်နှစ်ခု ပြေးထွက်လာ၏။

''ဝေဟန်. . . ဝေဟန်''

အသံအုပ်အုပ်ဖြင့် ခေါ်သံကြောင့် ဖေဖြိုးနှင့်မောင်လွင်ဟုမှန်းသိလိုက်ရ၏။ သူက. . .





''ငါမရတော့ဘူး။ ခြေတောက်အဆစ်လွဲသွားသလား မသိဘူး။ ထောက်လို့မရတော့ဘူး''

သူ့ကို ဖေဖြိုးနှင့်မောင်လွင်တို့က တစ်ဖက်တစ်ချက်ဆီ ပခုံးထမ်းဝင်တွဲ၍ သူထော့ကျိုးထော့ကျိုးဖြင့် တစ်ဖက်လမ်းမ မှောင်ရိပ်ဆီ ကူးလာခဲ့ရ၏။

''ဟန်နီတို့ရော''

''လမ်းတစ်ကြော့ပြန်လျှောက်သွားကြယ်''

''အဲ့ဒါဆို ငါတို့လိုက်ရအောင်၊ ဒီနားမှာ ကြာကြာနေလို့ မဖြစ်ဘူး၊ မြန်မြန်သွားမယ်''

''မင်း လျှောက်နိုင်လို့လား''

''မင်းတို့ကို အားပြုတွဲပြီး လျှောက်ရမှာပေါ့''

သူ့စကားကြောင့် နှစ်ယောက်သား ပွေ့တွဲခေါ်ရာ ခြေထောက်လိုက်ပါရတော့သည်။

ဟန်နီတို့အဖွဲ့နှင့် ပြန်ဆုံသောအခါ သူပြန်ပြောပြသည့် အပေါ် တစ်ဖွဲ့လုံး တော်တော် အံ့သြတွေဝေသွားကုန်ကြ၏။ မာဆွေက. . .

''ဘယ်လိုဆက်စပ်စဉ်းစားယူရမယ်မှန်းတောင် မသိတော့ဘူး. . . ထူးတော့ ထူးဆန်းနေတာအမှန်ပဲ''



www.burmeseclassic.com

www.burmeseclassic.com



ခင်မိုးဝါနှင့် မေသဇင်ဖူးက သူတို့ချင်း တိုးတိုးကျိတ်ပြောနေရာက စကားရပ်ပြီး သူတို့စကားဝိုင်းထဲ ဝင်ပြောလာ၏။

"ဝေါင်း" ဆိုတဲ့ အသံကြီးက ဘာသံလဲ၊ ပြောတော့ ခွေးတွေ ခြံစောင့်တွေ မရှိဘူးဆို"

"ဒါတော့ ငါလည်းမသိဘူး မိုးဝါ"

မေသဇင်ဖူးက. . .

"ဟိန်းဟောက်သံမျိုးကြီးလား"

"ဟုတ်လိမ့်မယ် ထင်တာပဲ"

"ဝေဟာန် ထွက်ပြေးသွားတာကိုမြင်လို့ လှောင်ထားတဲ့ ခွေးတစ်ကောင်ကို လွှတ်လိုက်တာများလား"

"မဖြစ်နိုင်ဘူး ခြံစည်းရိုးကျော်နေတော့ စည်းရိုးအနားကို ဘယ်အကောင်မှ ရောက်မလာဘူး"

ဇေဖြိုးက. . .

"အဲ့ဒီအိမ်ကြီးမှာ ဒုစရိုက်မှုတစ်ခုခု ပြုလုပ်နေကြတာနဲ့တူတယ်။ ရာဇဝတ်မှုတွေလည်း ဖြစ်ချင်ဖြစ်နေနိုင်တယ်။ မင်းပြန်လွတ်အောင် ပြေးလာနိုင်လို့ တော်သေးတာပေါ့"

မောင်လွင်ကျော်းက. . .

"ဒီခေတ်ကြီးမှာ မဖြစ်နိုင်တာတွေ မပြောစမ်းပါနဲ့"





"ဖြစ်နိုင်လို့ သိပ္ပံပညာတိုးတက်နေတဲ့ အနောက်တိုင်းက ရုပ်ရှင်၊ ဗီဒီယို၊ ဗီစီဒီတွေမှာ သရဲကား သွေးစုပ်ဝံပုလွေကားတွေ ဆက်တိုက် ရိုက်ပြနေတာပေါ့"

"အဲဒါ စိတ်ကူးယဉ်ပြီး ငွေရအောင် ထွင်ရိုက်ထားတဲ့ ဇာတ်ကားတွေပါ"

"အကြောင်းအရင်းခံတွေရှိလို့ စိတ်ကူးဆိုတာ ဖြစ်ပေါ်လာတာပါ။ ကောင်းကင်ကို မမြင်ဘူးရင် မသိဘူး။ မသိရင် မတွေးဘူး၊ စိတ်ကူးမယဉ်တတ်ဘူး။ စိတ်ကူးယဉ်တဲ့ အထဲမှာလည်း ကောင်းကင်ပါမှာ မဟုတ်ဘူး။ အဲ့ဒါကြောင့်"

မောင်လွင်ကျော်းပါစပ်ကို သူက လုပ်ပိတ်ထားလိုက်၍ စကားရပ်တန့်သွားခြင်းဖြစ်၏။

သူခြေထောက်နာနေ၍ ဟာန်နီက လက်သီးဆုပ်ဖွဖွ ထုပေး၏။ အဆစ်လွဲသလိုဖြစ်သွား၍ အကြောဆေး၊ ဒဏ်ကြေဆေးတွေ လိမ်းပြီး နှိပ်နင်းတတ်သူနှင့် အသေအချာကုမှ ပျောက်မည်မို့ နောက်နှစ်ရက် သုံးရက် သူ အနားယူရပေတော့မည်။

ကားငှားပြီး တစ်ဖွဲ့လုံးပြန်လာ၏။ သူတို့လမ်းထိပ်မှာ အားလုံးဆင်းလျှောက်သွားကြမည်၊ မသွားခင် ဟာန်နီလက်ကို သူလှမ်းဆုပ်ကိုင်ထားရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



''ကိုယ်ဒဏ်ရာကြောင့် နှစ်ရက်သုံးရက်လောက် လမ်းလျှောက်လို့ရမှာ မဟုတ်ဘူး။ ကျိန်းသေနားရတော့မယ်၊ မင်းကို ကိုယ်အပြည့်အဝ ကူညီမပေးနိုင်တာ စိတ်မကောင်းဘူး ဟန်နီရယ်''

အစီပွါယ်မရှိသော လေ့လာစုံစမ်းမှုကြီးကို သူမစိတ်ပျက်လက်လျှော့သွားလိမ့်မည်ဟု ထင်မိခဲ့၏။

သို့ငြား. . .

''လမ်းပြန်လျှောက်နိုင်တဲ့နေ့ အလုပ်ပြန်စကြတာပေါ့၊ စိတ်မကောင်းမဖြစ်ပါနဲ့ကွယ်၊ ဖုန်းဆက်ပြီး အားပေးစကားတွေပြောပေးမယ်နော်''

သူစိတ်ပိန်ပြီး ဖေဖြိုးတို့ကို ကြည့်လိုက်သောအခါ စပ်ဖြီးဖြီးမျက်နှာကြီးတွေနှင့် ပြန်ကြည့်နေတာ တွေ့ရ၏။

ခင်မိုးဝါနှင့် မာဆွေတို့လည်း မတားသာ၊ မကယ်သာ မျက်နှာတွေဖြင့် သူ့ကို ကြည့်နေကြ၏။

ကားဆရာကို ကားထွက်ခိုင်းလိုက်စဉ် ချစ်သူရဲ့ လက်ကလေးကို နမြောတသစွာ သူ ဖြုတ်ချွာပေးလိုက်ရ၏။

အိမ်ရောက်သည်နှင့် ကားခရှင်းပြီး ကားပေါ်က ထော့နင်းထော့နင်းဖြင့် လှမ်းလျှောက်လာစဉ် ခြံစောင့် ကိုတာတူးက





ပြေးလာတွဲရင်း. . .

''ကိုဝေ ဘယ်လိုဖြစ်ပြီး စောစောစီးစီး ကျိုးလာရတာလဲ''

''ရှူး. . . ခင်ဗျား မေးပုံကြီးကလည်း ခြေခေါက်လာတာဗျာ၊ အိမ်သားတွေ နိုးပြီလား''

''ခလောနေကြတုန်းပဲ၊ ဘယ်တုန်းက မနက်အစောထကြလို့လဲ''

''အနှိပ်သည် ဆြာထာလာရင် ကျွန်တော့်ဆီပို့ပေးဗျာ''

အိပ်ခန်းထဲရောက်သည့်အခါ ခြေအိတ်ကို ချွတ်ကြည့်လိုက်၏။ ခြေကျင်းဝတ် ရောင်ကိုင်းလာတာ တွေ့ရ၏။

အဆစ်လွဲသွားတာ၊ အဆစ်ပြုတ်သွားတာ တစ်ခုခုတော့ ဖြစ်နိုင်၏။ အမြင့်မှ အကျမတော်သည့်ဒဏ်။

အရိုးကျိုးသွားတာ မဖြစ်နိုင်၊ အရိုးကျိုးသွားလျှင် တစ်ချိန်လုံး မခံမရပ်နိုင်အောင် နာကျင်နေပေလိမ့်မည်။

ယခုမူ ညခြေကို ထောက်မှသာ မခံမရပ်နိုင်အောင် နာကျင်၏။

အဓိပ္ပါယ်မရှိတာတွေ ခိုင်းစေခဲ့သည့် ချစ်သူကိုလည်း အပြစ်မမြင်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကပေးသော ဒဏ်ရာအသစ်ဟုပင် စိတ်က ထင်ချင်၏။

ခြေထောက်ရိုးတွေ အက်သွားသလားမသိ။ အကြော ထုံးသွားသလား မသိ။ အဆစ်လည်သွားသလား မသိ။

အိမ်ကသိသွားလျှင် အရိုးအကြောပါရဂူထံ ရောက်မည်။ ဒဏ်ရာမဖြစ်စလောက်ကို တစ်ကိုယ်လုံးကျန်းမာရေး စစ်ဆေး နိုင်းပြီး ငွေညှစ်ယူတာခံရမည်။ ငွေကုန်ကြေးကျများ၍ အဆူအပူ ခံရမည်။

မနက်ပိုင်း လမ်ထလျှောက်ခြင်းကြောင့် ဖြစ်ရသည့် အတွက် လမ်းထလျှောက်ခြင်းအမှုကို တားမြစ်ခံရမှာ ကျိန်းသေ နေ၏။

သည်းထိပ်ရင်ဖို အိမ်ကြီးအကြောင်းကို စိတ်ရောက် သွားဟဲ့၊ စတင်တွေးလာသမျှ အတွေးအလျှဉ်တွေကို သူအား လုံးမေ့သွား၏။

လူနှင့်မတူသော လူပုံစံတွေ၊ စိတ်ထင်တိုင်း ဝုန်းဒိုင်း ကြဲထားသည့် ပစ္စည်းပစ္စယတွေ၊ မာတ်မီးရောင်တွေ၊ ဝုန်းခနဲ အသံ၊ ဝေါင်းခနဲဟိန်းဟောက် .မာန်ဖီသံ။

သူပျော့ခွေသွားမိ၏။ အဘယ်မျှအထိ ပျော့ခွေသွား





သနည်းဟု ဆိုရလျှင်. . .

ကြက်သီးမွေးညင်း ထခြင်းပင်လျှင် သူ့အတွက်. . . ဒဏ်ဖြစ်ချင်နေ၏။

※ ※ ※ ※



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

အကောင်းဆုံး အနှိပ်သည်နှင့် ဆေးမျိုးစုံ လိမ်းပြီး ကုသသည်။ မပျောက်၊ အိမ်သားတွေသိသွားကြပြီ။ အရိုးအကြော ပါရဂူဖြင့်ပြကာ ဓာတ်မှန်ရိုက်ကြည့်၏။ ဘာမှ ကြီးကြီးကျယ်ကျယ်ဖြစ်တာ မတွေ့ရဟူသော အဖြေထွက်၏။ ဆေးဝါးကုသပေးမှုကို ခံယူခဲ့သော်လည်း မသက်သာ။

ရက်သတ္တပတ်တိတိ ကြာလာသောအခါ ခြေထောက်ကြီးမှာ အလိုလို ယောင်ကိုင်းပြီး ဆင်ခြေထောက်နီးနီး ဖြစ်ချင်လာ၏။ အားလုံးလန့်သည်ထက် သူ ပိုလန့်လာရ၏။ ချစ်သူဟန်နီက သူမကြောင့်ဖြစ်ရသည်ဆိုပြီး ကွယ်ရာမှာ ဝမ်းနည်းငိုကြွေး၏။ သူငယ်ချင်းတွေနှင့် နေ့စဉ်လာကြည့်ပြီး အားပေး





စကားပြော၏။

"ကိုယ် ဒုက္ခိတဖြစ်သွားရင် ပစ်သွားမှာလား ဟန်နီ"

"အို. . . ဘယ်တော့မှ မပစ်ဘူး၊ ပိုချစ်မှာသိလား၊ ဟန်နီ့ကြောင့် သူ ဒီလိုဘဝမျိုး၊ ဖွ. . . လွဲပါစေ ချော်ပါစေ၊ ရောက်ခဲ့ရင်လည်း အရင်ထက်ပိုပြီး သူ့ကို ချစ်မှာပဲဆိုတာ ယုံပါနော်"

ဟုတ်သည်မဟုတ်သည် အပထား၊ ပျားရည်နှင့် ဝမ်းချလိုက်သည့်စကားကြောင့် စိတ်ဓာတ်ကျနေရာမှ သူ့မှာ အင်အားရှိလာရပြန်၏။ ပါရဂူကြီးတွေ ရောဂါရှာဖွေမရ၍ လက်လျှော့ချင်လာသော ခြေထောက်ယောင်ယမ်းသည့် သူ့ဒုက္ခကို နောက်ဆုံးကုသမည့် သမားတော်များမှာ ပယောဂဆရာ၊ အထက်လမ်းဆရာများ ဖြစ်လာကြပြန်၏။

မြေကိုင်တာဟုဆိုပြီး ခြေထောက်ဒဏ်ရာရခဲ့သည့် မြေနေရာကို မေး၏။ သူတစ်လွဲတွေ လျှောက်ပြေနေ၍လားမသိ၊ ကုသသည့် ပယောဂဆရာသာ ကြိမ်ရိုက်ခေါ်ကြိမ်များပြီး ဇော ချွေးပြန်သွားရသည်။ ရောဂါ သက်သာမလာ။

နောက်ဆုံး နေရာအမှန်ကို အဖြစ်မှန်ချန်ပြီး ပြောပြလိုက်သည့်အခါ ပယောဂဆရာ ဆန်စေ့တွေနှင့် အင်းကွက်ချကာ



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရာဆိုင်ရာ နတ်ဒေဝတာတွေပင့်ဖိတ်ပြီး တရားခံ ပရဝိညာဉ်ကို ရှေနှင့် မန်းမှုတ်ခေါ်တော့၏။

လမ်းထဲမှာ အပူးအကပ် ဝါသနာထုံသော မဂျမ်းစိန်ဆိုသည့် ခဝါသည်ကြီးကို ဝင်ပူးပြီး အင်တာဗျူးလုပ်ကြ၏။ ဟုတ်သည်မဟုတ်သည် အပထား၊ သူနှင့် သူ့သူငယ်ချင်းတွေ၊ သူ့အိမ်သားနှင့် အနီးဝန်းကျင်မှ ညည်ပရိတ်သတ်တွေကဖြင့် စည်းကားသိုက်မြိုက်စွာ အားပေးကုန်ကြ၏။

သူ့ကို ခြေဆင်းခိုင်းထား၏။ မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေသော မိဘနှစ်ပါးက သူ့ဘေး တစ်ဖက်တစ်ချက်မှာ၊ ဟန်နီက သူနှင့် လက်နှစ်ကမ်းအကွာလောက် , ၊ ဒေသွတို့ အဖွဲ့နှင့် စောင့်ကြည့်အားပေးနေ၏။

ဒေါ်ဂျမ်းစိန်က ပူး၍ကောင်းနေဆဲ၊ အထက်လမ်းဆရာက ဆန်စေ့ဖြင့် ခင်းထားသော အင်းကွက်ဘေးမှာ လှံချွန်လေး ဝဲဝှေ့ပြီး၊ ထိုလှံချွန်ဖြင့် မဂျမ်းစိန်ကို တို့တို့ထိုး၏။

"ကြောက်သလား မှတ်ပလား"

"ကြောက်ပါပြီ၊ မှတ်ပါပြီ"

"နင်က ဘာလို့ ဒီကလေးကို ဒီလောက်တောင် လုပ်ထားရတာလဲ"





"ချစ်လို့ ကျီစားတာပါ"

"ဘာချစ်လို့လဲ၊ မှန်မှန်ပြော၊ မပြောရင် ငါထပ်ထိုးလိုက်နယ်"

"မထိုးပါနဲ့ ဖြေပါ့မယ်၊ တစ်ကိုယ်လုံးကိုလည်း တိုက်ဆင်ကြီးနင်းထားလို့ ဖားဖင်လို ပြားဝင်နေပါပြီ၊ အပူတွေ တိုက်ထားလို့ ဦးစွန်းဖုတ်က မီးတို့လို့ရအောင် တစ်ကိုယ်လုံးကို ကျွတ်ကျွတ်ဆူအောင် ပူနေရပါပြီ"

"လျှာမရှည်နဲ့ မှန်မှန်ဖြေစမ်း"

"စားချင်သောက်ချင်လို့ လုပ်တာပါ"

"စောစောကပြောပါလား"

"ပြောပါတယ်၊ ကျုပ်လုပ်ထားတဲ့ သောက်ကောင်လေးကလည်း အိပ်မက်ပေးတာကို အလေးမထားဘူးလေ"

"ဟုတ်လား၊ မောင်ဝေဟန် မင်းကို အိပ်မက်ပေး သေးတယ်ဆို"

"ဆောင်းတွင်းအိပ်မက် ဂယောက်ဂယက်ဆိုတော့ မက်တာတွေ ရှုပ်ထွေးနေလို့ ကျွန်တော်လည်း ကောင်းကောင်း မမှတ်မိဘူး ဆရာ"

"ဟဲ့. . . ဘဝခြားတဲ့ တခြားသော လောကသား၊ နင်



www.burmeseclassic.com

www.burmeseclassic.com



စားချင်ရင် နင့်ကိုကျွေးမယ်၊ ကိုယ်စားဟော့. . . ကိုယ်စား၊ နင် ဗုဒ္ဓဟူးသားသမီးကို မိမွေးတိုင်း ဖမွေးတိုင်းဖြစ်အောင် ပြန်လုပ် ထားခဲ့၊ နင့်ပညာတွေ တစ်စမကျန် ပြန်နုတ်ယူသွား၊ ဖြစ်ပြီးသမျှ ဒဏ် နင့်မှာသာ ပြန်ခံစေ. . . ငါပြောတာ ကျေနပ်လား''

''ကျေနပ်ပါတယ်. . . ကျေနပ်ပါတယ်''

''နေပါဦး၊ နင်က ဒီလောက် လူတွေပေါများတဲ့ မြို့မှာ နေတယ်ဆိုတဲ့ အဆင့်ဆိုတော့ နင့်အဆင့် ဘယ်သေးမလဲ''

''မသေးပါဘူး။ ဆရာကြီးဖြစ်နေပါပြီ''

''အံ့မယ် ဆရာကြီးတဲ့၊ ဘာဆရာကြီးလဲ''

''အဲ့ဒီ လမ်းဘေးက သစ်ပင်မှာ [illegible]ရတဲ့ ဆရာကြီး ပါ''

''ဆရာကြီး ခေါ်ရလောက်အောင် နင့်မှာ တပည့်ဘယ် လောက်ရှိလို့လဲ''

''အယောက်နှစ်ဆယ်လောက်ရှိပါတယ်''

''လာသေးတယ် သူက''

''မြန်မြန်ပြန်လွှတ်ပါတော့၊ ပူလို့ သေရပါတော့မယ်။ ဟင်း ဟင်း ဟင်း ဟင်း ဟင်း''

''နင့်ပညာ အခုချက်ချင်းယူ''





''ယူလိုက်ပြီ၊ ယူလိုက်ပြီ''

''ဘုရားကို ဦးတိုက်''

''ဟုတ်. . . ဟုတ် ဟုတ် ဟုတ်''

''သွားတော့''

''ခဏလေး ဆရာကြီးရယ်၊ ဘယ်နေ့လောက် လာ ကျွေးမလဲ''

''အခုရေးထဲ ဝတ်ဘာက ကျနေသေးတယ်၊ အားတဲ့နေ့ လာကျွေးမယ်၊ ထပ်မမေးနဲ့ ရေမန်းနဲ့မှုတ်လိုက်လို့ အအေးပတ်ပြီး သေသွားဦးမယ်၊ ထွက်ဆိုထွက်. . . အခုထွက်။

အထက်လမ်းဆရာကြီး ပိတ်ဟောက်လိုက်၍ မဂျမ်းစိန် ထိုင်ပြီး ရှေ့တိုးနောက်ငင် ယိမ်းထိုးတုန်ယင်နေရာမှ အရုပ်ကြိုး ပြတ်သလို လဲကျသွား၏။ အနီးအနားက နတ်ထိန်းလုပ်ဖူးဟန် တူသော အဖော်မိန်းမတွေက ဝိုင်းပွေ့ပြီး ယပ်ခပ်ပေးနေကြ၏။

ဆရာကြီး ပါးစပ်လှုပ်ရွရွရွတ်ဆိုပြီး သူ့ခြေထောက်အ ပေါ်ပိုင်းမှ အောက်ပိုင်းအထိ ရောက်အောင် လက်နှင့်သပ်ချ နေ၏။

အကြမ်းကုခန်း ပြီးဆုံးသွားသောအခါ အကြမ်းကုဆရာ ကို ငွေနှင့်လက်ဆောင်ပစ္စည်း အတော်များများ ပေးအပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရ၏။ အစားဝင်ပူးပေးသော မဂျမ်းစိန်ကိုလည်း မုန့်ဖိုးပဲဖိုး ပေးလိုက်ရပြန်သည်။

တစ္ဆေစာပစ်သည့်နေ့ ဆရာပြန်ရောက်လာပြီး စီစဉ်ပေးမည်ဟု ဆရာက မှာကြားသွား၏။ တွေးခေါ်မြော်မြင်တတ်သော လူကြီးတွေက သူ့အိမ်သားတွေကို ပယောဂဆရာ မှာသွားသည့်အတိုင်း လုပ်ပေးလိုက်ကြဖို့ တိုက်တွန်းကြသည်။

အိမ်သားတွေက ယုံရခက်နေသဲမို့ အခက်တွေ့နေစဉ် နံဘေးကပါ တိုက်တွန်းနေ၍ တစ္ဆေစာကျွေးရန် သဘောတူလက်ခံလိုက်ကြ၏။

တောထဲတောင်ထဲ မဟုတ်ပါဘဲနှင့် မြို့ထဲမှာ တောစာပစ်ရခြင်းမှာ အတော်ကို အူကြောင်ကြောင်နိုင်သော ရှက်စရာကောင်းသည့်အမှုကြီး ဖြစ်နေလေသည်။

''ဟုက် ဟုတ် မဟုတ်ဟုတ်ဗျာ ရှိသမျှ ဆေးနည်းကုနည်းတွေ စုံသွားအောင်တော့ လုပ်စရာရှိတာ လုပ်ပေးလိုက်ရမှာပဲ၊ ပျောက်တော့လည်း သူ့ကံပေါ့၊ မပျောက်တာလည်း သူ့ဝဋ်ရှိလို့ သူခံရတယ်လို့ပဲ သဘောထားလိုက်ပါပြီ''

သူ့မိဘနှစ်ပါးက ညည်းသည့်လူကြီးသူမတွေကို ပြောပြနေခြင်းဖြစ်သည်။ သူ့ခြေထောက်အရောင် ပျောက်အောင်





ဆေးနည်းစုံဖြင့် သူရောထွေးကုသခဲ့မိ၏။ မည်သည့်ဆေးချက်က ထိသွားသည်မသိ။ အကြမ်းကုဆရာ ကုသပြီးသည့် နောက်ပိုင်းမှာ သူ့ခြေထောက်အရောင် ပြန်လျှော့ကျလာ၏။ လမ်းပြန်လျှောက်နိုင်သော်လည်း သွေးကျလျှင် ပြန်ရောင်လာမှာစိုး၍ အနားယူနေလိုက်ရတော့သည်။

ကျောင်းပျက်ရက်နှစ်ပတ်တိတိ ဖြစ်လာသောအခါ သူလမ်းပြန်လျှောက်လာနိုင်တော့သည်။ ဟန်နီက စာကူးပေးသည်။ လက်တွေ့အချို့တွေကို လက်လွတ်လိုက်ရ၍ သူနှမြောသော်လည်း ချစ်သူရဲ့ ဂရုစိုက်ခံရမှုကြောင့် တင်းကျပ်ခံစားရသမျှ အရာရာ ကျေပျက်သွားရပြန်သည်။

သူလူကောင်းတစ်ယောက်လို ပြန်ဖြစ်လာသောအခါမှ ချစ်သူကပင်စတင်၍ ရပ်နားထားခဲ့သော စုံထောက်ဇာတ်လမ်းနှင့် အိမ်ကြီးမာယာအကြောင်းကို ဖွင့်ဆွေပြောလာပြန်သည်။ ချစ်သူကလွဲလျှင် ကျန်သော ကျား/မ အားလုံးက အိမ်ကြီးမာယာဇာတ်လမ်းကို ပြန်မဆက်စေချင်ကြ။ သူကိုယ်တိုင်ကလည်း ခါးသီးနေလေပြီ။ မရ။

ဟန်နီက သူမဘာသာ သူမ အရဲစွန့်ပြီး စုံစမ်းမည့်အကြောင်းကိုင်ပြောဆိုလာသောအခါ သူ့မှာ ငါးရင်ပူဆာဖြစ်နေသာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပြန်တော့လေသည်။

နောက်တစ်နေ့နံနက် ယခင်ကလို လမ်းလျှောက်ထွက်ဖို့ ဟန်နီက အမိန့်ချ၏။ ကျန်လူတွေအားလုံးက မလျှောက်လိုတော့ကြောင်း ပြောပြီး ရှောင်ဖယ်ကြ၏။ ဟန်နီတစ်ဖွတ်ထိုးလုပ်နေတာကို အမြင်ကတ်သွားကြ၍ တမင်လမ်းမလျှောက်ကြဖို့ အချင်းချင်း ပိုင်းညှိထားကြဟန်တူ၏။ ဟန်နီ ဂရုမစိုက်။ သူမ အိမ်ရှေ့နားအထိ ရောက်အောင် သူရောက်လာပြီး ခေါ်ဖို့ တတွတ်တွတ်မှာ၏။

တားမရသည့် ချစ်သူအပေါ် တင်းမာလိုက်လျှင် နားလည်မှုလွဲပြီး ပြတ်စဲကုန်ကြဖို့ရာသာ အကြောင်းရှိတော့သည်။ လိုက်လျောမှုဖြင့် အလိုက်သင့်နေပြီး ဟန်နီကို နားချနိုင်သည့်နေ့အထိ သူ တွေ့အောင်စောင့်ဆိုင်း၏။

''အဲဒီအိမ်ကြီးကို မင်းဒီလောက် စိတ်ဝင်စားနေတာဘာကြောင့်လဲလို့ ကိုယ် ခဏခဏ တွေးကြည့်မိတယ်''

''ဘယ်လို အဖြေရသလဲ''

''မရခဲ့ဘူး။ မင်းမှာရှိတဲ့ အဖြေကို ပြောပြပါလား''

''လောကမှာ ထူးခြားဆန်းပြားတာ မြင်ရသိရ ကြားရချင်တာ လူ့သဘာဝပါ။ သူပဲ စဉ်းစားကြည့်။ ဘယ်လိုမှ တွက်ဆ





မရအောင်ကို အဲ့ဒီအိမ်ကြီးနဲ့ အိမ်သားတွေက ထူးဆန်းလွန်းနေတယ်''

''တစ်ခါ ခြေထောက်ယောင်ရုံနဲ့ အားမရလို့ အသက်ပါအချောင်ဆုံးအောင် မင်းလုပ်နေတာလား ဟန်နီ။ မင်းကိုယ့်ကို သေစေချင်ရင်လည်း တခြားနည်းလမ်းတွေ မင်းမှာ အများကြီး ရှိပါတယ်။ အမိပ္ပါယ်ရှိရှိ သေပါရစေ''

''ရှင်က အဓိပ္ပါယ်ရှိမှုအတွက် ရှင်သန်တာလား၊ အရင်က ပြောခဲ့ဟာ ပြန်မှတ်မိသေးလား၊ ကျွန်မအတွက် အသက်ရှင်တာပါဆို''

သူမထံမှ သူ အဖြေတောင်းစဉ်က စီကာစဉ်ကာ ပြောခဲ့သမျှတွေ ပြန်လည်ထုတ်နှုတ် ကိုးကားလာတိုင်း သူ့မှာ အောင့်သက်သက်ကြီး လိုမ့်ပိန့်ငြိမ်ခံနေရတော့သည်။

ဂျပန်တွေလိုသာ တဟိုက်ဟိုက်အော်ပြီး ခေါင်းညိတ်ပြပစ်လိုက်၏။ သူမက...

''ဘာလဲ တမင်အရွဲ့တိုက်ပြတာလား''

အာရပ်တွေလို ခေါင်းခါပြလိုက်၏။ သူမက သဘောကျကျေနပ်သွားဟန်ဖြင့် အင်္ဂလိပ်မတွေလို လည်တိုင်ကြော့ကြော့မြင်သာအောင်ပင် မော့ထား၏။ သူက လူဝံကြီးတွေ ပြာညစ်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခီးသလို ရင်ဘတ်စည်တီးသလို တီးပြီး ဂါးဂါး ဂီးဂီး လုပ်ပြ ချင်စိတ်ပေါက်သွား၏။



အခန်း (၄)

နောက်တစ်နေ့ မနက်သုံးနာရီနှင့် မိနစ်ငါးဆယ်မှာ သူလမ်းလျှောက်ထွက်ပြီး နှစ်ရပ်ကွက်ခြားသော သူမတို့အိမ်ကို သွားရောက်စောင့်ခေါ်ရ၏။ သူမနှင့် သူနှစ်ယောက်တည်း လမ်းလျှောက်ဖြစ်ကြ၏။

အပေါ်င်းအသင်းတွေက တကယ်ကို နေခဲ့ကြ၏။ သူမက ဂျင်းဘောင်းဘီ အတိုအကျပ်ကို ဝတ်ဆင်ထားပြီး ဝေ့ါကင်းရှူးကို စီးထား၏။ ကျွန်တော်က ဘောင်းဘီတိုဝတ်ပြီး တင်းနစ်ရှူး ဖိနပ်အနီကို စီးထား၏။ အပြေးလေ့ကျင့်သူတွေပုံစံ ပေါက်နေ၏။ သူမက ခပ်မှန်မှန်ပြေးကြဖို့ လောဆော်၏။

လေးနာရီထိုးပြီး မိနစ် (၂၀)မှာ အိမ်ကြီးမာယာရှေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာ၏။ အတန်အသင့်လည်း သွေးနွေးပြီး မောပန်းနေကြသည်။ သူမက. . .

"ဒီနေ့ ကျွန်မပါလိုက်မယ်"

"ဒီခြံတံခါးအမြင့်ကြီး မင်း ကျော်ဝင်လို့ ဖြစ်မလား၊ တော်ကြာ ပြဲရွဲကုန်မှာ"

"ဘာပြဲရွဲကုန်ရမှာလဲ"

"ဒူးတွေ ပေါင်တွေ ခြေသလုံးတွေကို စူးချွန်နဲ့ ထိရှကုန်လို့ အနာအရွတ်တွေ ဖြစ်ကုန်မှာမျိုးကို ပြောတာပါ"

"မပူပါနဲ့ ရတယ်။ ကျွန်မက အမြင့်တက်ကျင့်ရှိတယ်။ အိမ်ခြံထဲမှာဆိုရင် ကျွန်မ မတက်ဘူးတဲ့ သစ်ပင်မရှိဘူး။ ဒီခြံစည်းရိုးတံခါးလောက်ကတော့ အသာကလေးရယ်"

အခြေအနေကို လေ့လာအကဲခတ်ပြီးသည်နှင့် ရင်တထိတ်ထိတ်နှင့် ခြံစည်းရိုးအနား ကပ်လိုက်စဉ် ခြံတံခါးကြီး တကျွီကျွီမြည်ပြီး ပွင့်လာ၏။ စည်းရိုးဘေးကို သူနှင့်သူမ ကျောကပ်ရပ်ကွယ်လိုက်၏။

အိမ်ကြီးဆီမှ ထွက်လာသော နောက်ဆုံးပေါ် ဂျစ်ကားတစ်စင်းကို တွေ့ရသည်။ အမိုးရှင်တပ်ထား၏။ ကားပေါ်မှာ ကျွန်တော် စတင်ချောင်းသည့်နေ့က တွေ့ခဲ့သော မိန်းမလှ





လေးကို တွေ့လိုက်ရ၏။ မိန်းမလှလေးအပါးမှ ကားမောင်းသွားသည့် လူမှာ ဂင်တိုတိုနှင့် လူထွားကြီးတစ်ယောက် ဖြစ်နေ၏။ ထိုလူကြီးကို တစ်ခါ ချောင်းကြည့်စဉ်က တွေ့ခဲ့ဖူးသည်။

တံခါးကြီးပြန်ပိတ်ခါနီးမှာ သူက သူမကို လက်ဆွဲပြီး အတွင်းကို ပြေးဝင်လိုက်၏။ သူက ချုံကွယ်မှာ ရပ်ရင်း. . .

"ဒီနေရာမှာ မိလို့ကတော့ အလကားနေရင်း သူခိုးအဖြစ် စွပ်စွဲခံရမှာပဲ"

"အို့. . . ရမလား၊ သူတို့ မဟုတ်မဟပ်တွေ လုပ်နေတာကို ဖော်ထုတ်ဖို့ စေတနာ့ဝန်ထမ်း ဝင်လုပ်ရတယ်ဆိုတာ ရှင်းပြလိုက်မှာပေါ့"

"သူတို့ မဟုတ်မဟုတ်လုပ်တဲ့ အထောက်အထားက ဘယ်မှာလဲ. . . မင်း ဘယ်လို သက်သေပြနိုင်မလဲ၊ မင်းနဲ့ကိုယ်နဲ့ သိထားရုံနဲ့ တရားခွင်မှာ ရှင်းလင်းသက်သေပြလို့ ရနိုင်မယ် ထင်နေသလား"

"ဟာ. . . ရှုပ်တယ်၊ အဲဒါတွေ တကယ်မဖြစ်သေးဘဲနဲ့၊ ဘာမှ ဆက်ပြောမနေနဲ့၊ ရှင့်ကို မြေစာဆိုလား၊ ကျတ်စာဆိုလား လာကျွေးတုန်းက အဲ့ဒီခြံတံခါးဝနားမှာ စားစရာတွေ ထားခဲ့ရတာလေ၊ ကျွန်မနဲ့ ဖေဖြိုး လိုက်ပို့ပေးတာပေါ့။ ပယောဂ



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက အကုန်လုပ်ပေးသွားတယ်။ တော်သေးတာပေါ့၊ အဲဒီအချိန်မျိုးမှာ ခြံထဲကလူတွေ ကားတွေ ထွက်မလာလို့ သူတို့ ခြံရှေ့မှာ ကျွန်မတို့ ဘာလာလုပ်နေသလဲဆိုတာတောင် သူတို့ သိလိုက်ကြမယ့်ပုံ မပေါ်ဘူး''

''ဘယ်မှာလဲ လှောင်အိမ်''

''အပြင်ဘက်မှာ မတွေ့ဘူး၊ အိမ်ထဲမှာ ကြိုးနဲ့ချည်ထားသလားမသိဘူး။ အဲဒီခွေးဆိုးတွေ ထွက်လိုက်ရင် ပြေးလွတ်ဖို့ မလွယ်ဘူး။ မင်းကို တားလို့မရလို့သာ အရဲစွန့်ရတယ်။ ကိုယ့်မှာ ထန်းလျက်ခဲနည်းနည်းပါတယ်။ အဲဒါ ပစ်ကျွေးလို့မှ မရရင် ဒီသံပိုက်တုတ်နဲ့ ပြတ်ကစ်ပစ်ရတော့မှာပဲ''

သူက ခါးကြားမှာ ထိုးထားသည့် သံပိုက်နှင့် ထန်းလျက်အိတ်ကို ထုတ်ပြ၏။ သူမက. . .

''လာပါ မြန်မြန်လေး၊ အိမ်ကြီးတစ်ခုလုံး မီးလင်းနေတုန်း အတွင်းထဲဝင်ပြီး လေ့လာလို့ရရင် လေ့လာရအောင်''

''အဲဒီလောက်အထိ အတင့်မရဲသင့်ဘူး ဟန်နီ''

''အိမ်ပြင်က ကြည့်နေလို့ ဘာသိရမှာလဲ၊ သူတို့ မသိအောင် ဝင်ကြည့်တာကမှ ပိုသိရဦးမယ်''

''အဲဒီအိမ်ကြီးရဲ့ အတွင်းပိုင်းဖွဲ့စည်းပုံတွေ မင်းက





သိထားလို့လား၊ အိမ်သားတွေမိသွားရင် သူခိုးစွပ်စွဲလာသမျှ လုံးဝ ငြင်းချက်ထုတ်မရအောင် ဖြစ်သွားလိမ့်မယ်''

''ဒီခြံထဲရောက်မှတော့ ဘာထူးမှာလဲ၊ အိမ်ထဲအထိ ရောက်အောင်ဝင်တော့မှာပေါ့၊ ဟော. . . တိုက်ဘေးက ပြတင်းပေါက်တစ်ပေါက် ပွင့်နေပါလား၊ လာ. . . ဝင်လို့ရမရ သွားကြည့်ရအောင်''

ဝင်လို့မရ။ သံပန်းတပ်ဆင်ထား၏။ သူက သူမကို တိုက်နောက်ဖက် ပတ်ခေါ်သွားပြီး အပေါ်ထပ် ဝရန်တာ ရောက်အောင် ပိုက်လိုင်းမှ တွယ်တက်ခိုင်းလိုက်၏။

သူမ တင်ပါးနှစ်ဖက်ကိုလည်း တွန်းတင်ပေးရသေး၏။ လက်ကိုင်လျှင်ပင် အဖြစ်သည်းချင်သော မချောက သူမ သိချင်တာသိရဖို့ စိတ်ဇောလောကြီးနေပြီး တွန်းတင်နေတာ လုံးဝမမှု၊ ဂရုမထား။ ကိုင်ချင်၍ ကိုင်သည်လည်းမဟုတ်ရ။ ထိုသို့မှ တွန်းမတင်လျှင် ရာဝင်စဉ့်အိုးထဲ ကျနေသော ကြွက်လို ခုန်တက်လိုက် ပြန်လျှောကျလိုက်နှင့် ဖြစ်ဖြစ်နေ၏။

ပိုက်လိုင်းကို ဖိနပ်ကြီးနှင့် ညှပ်တက်ရတာခက်၏။ ဝက်အူရစ် အထိန်းတွေကို ကန်တက်သွားမှ အပေါ်ဆက်၍ ရောက်၏။ ဝရန်တာ သိပ်မမြင့်၍ တော်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ရောက်သွားသော သူမက သူ့ကိုမစောင့်။ သူ့ဘာသာသူ အမြန်လိုက်တက်လာသောအခါ အပေါ်တစ်ဆင့်ကိုပင် သူမဘာသာ သူမ တက်ရောက်သွားလေပြီ။ သူလိုက်တက်သောအခါ အပေါ်ထပ်ပြတင်းပေါက် အနားမှာ သူမကပ်ရပ်ပြီး အတွင်းထဲကို ချောင်းမြောင်းကြည့်နေတာ တွေ့ရ၏။ သူမအနားမှာ သူရပ်ပြီး အတွင်းထဲကို ချောင်းကြည့်လိုက်သောအခါ ဘီးတပ်ခုတင်တစ်ခုပေါ်မှာ လူတစ်ယောက် လဲလျောင်းနေတာကို တွေ့ရ၏။ အဝတ်ဖြူအုပ်ထား၏။

ရုပ်အလောင်းပုံစံ ပြင်ဆင်ထားပြီး ပန်းစည်းပန်းခွေတွေအနားမှာ ဝေဝေဆာဆာ ချိတ်ဆွဲထား၏။ ကုတ်အင်္ကျီဝတ်ထားသော ယောက်ျားတစ်ယောက်က သူတို့ကို ကျောပေးထိုင်နေ၏။ အလောင်းကို မျက်နှာမူပြီး ဒူးထောက်ဝတ်ပြု ဆုတောင်းပေးနေဟန် ထိုင်နေခြင်းမျိုးဖြစ်နေသည်။

ရင်တမိုမိုဖြင့် ချောင်းကြည့်နေကြရာမှ သူမက. . .

"ဒီအိမ်မှာ မှုခင်းတစ်ခုခုဖြစ်နေတာ သေချာနေပြီ"

"ဒီလောက်သိရရင်လည်း ပြန်ကြရအောင် ဟန်နီရယ်၊ မင်းက အမှုလိုက်အရာရှိလည်း မဟုတ်ဘူး။ မင်းအကူအညီပေးချင်ရင် နီးရာရဲစခန်းမှာသာ သွားတိုင်လိုက်တော့။ အခုတို့လုပ်နေတာ ပြစ်မှုဖြစ်နေပြီ"





"ရှူး. . . ရှင့်အသံကို ကြားသွားလိမ့်မယ်၊ လေသံနဲ့ပြောပါ၊ သေချာအောင် ထပ်စောင့်ကြည့်ပါဦး"

ဟန်နီအသံအဆုံးမှာ "ဝေါင်း" ခနဲ ဟိန်းဟောက်သံကြီးကို အိမ်အတွင်းဘက်မှ ကြားလိုက်ရ၍ သူနှင့်ဟန်နီ သွေးလန့်ချောက်ချားသွားကြ၏။ သူတို့နှစ်ယောက် နံရံမှာပြားနေအောင် ကပ်နေစဉ်မှာပင် အောက်ထပ်ဝရန်တာမီးတွေလင်းလာပြီး လူတစ်ယောက် ထွက်လာ၏။ ဓာတ်မီးတစ်လက်ဖြင့်ဝန်းကျင်အနှံ့ကို လိုက်လံ ထိုးကြည့်နေ၏။

ရှောင်ပုန်းစရာမရှိ၍ နံရံထဲနစ်ဝင်မတတ် ကပ်နေစဉ်မှာပင် ဓာတ်မီးအလင်းရောင်က အပေါ်ထပ်သို့ ရောက်လာ၏။ သူတို့ကပ်နေသော နံရံကို မွှေ့အထိုးမှာ. . .

ဓာတ်မီးရောင်တွေ လှုပ်ရှားနေရာမှ သူ့အပေါ် တည့်တည့် အရောက်မှာ ရပ်တန့်သွား၏။

ပြီးလျှင် သူ့ဘေးတစ်ဘက်တစ်ချက်ကို အနည်းငယ်ရွှေ့ထိုးလိုက်ရာ ဟန်နီကိုယ်ပေါ် ကျရောက်သွားရပြန်သည်။ သူတို့နှစ်ယောက်ကို ဓာတ်မီးနှင့် လှမ်းထိုးထားသူက. . .

"ဟိတ်. . . ဘယ်သူတွေလဲ မင်းတို့ ဘယ်သူတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမီးကိုင်ထားသည့် လူက အသံသြသြ အစ်အစ်ကြီးဖြင့် လှမ်းမေး၏။ ဟန်နီက. . .

"ကျွန် . . . ကျွန်မတို့ လူကောင်းတွေပါ၊ ဟို . . . ဟို ဒီအိမ်ကြီးထဲက အော်သံဟစ်သံတွေကြားလို့ အကူအညီပေးရအောင် ရောက်လာရင်းနဲ့ ဘာဖြစ်မှန်းသိရအောင် အခုလို တက်ချောင်းကြည့်တာပါ"

"ဆင်းခဲ့ကြစမ်း. . . မင်းတို့ဘာတွေလဲ၊ ငါ့အိမ်ထဲကို ဒီအချိန်ကြီး ဝင်လာရဲသေးတယ်၊ ကြည့်စမ်း. . . ကျူးကျူး ကျော်ကျော် စော်စော်ကားကားနဲ့ အခုအမြန်ဆင်းခဲ့ကြ၊ မင်းတို့ သူခိုးတွေလား၊ ဓားပြတွေလား"

"မဟုတ်ပါဘူး၊ တကယ်ကို မဟုတ်ပါဘူး"

သူနှင့်သူမ ထိတ်ထိတ်လန့်လန့်ဖြင့် အောက်ထပ်ဝရန်တာကို ဆင်းခဲ့ကြ၏။ ခေါင်းမီးနှင့် မျက်နှာတွေကို ထိုးထား၍ တစ်ဖက်လူကို မမြင်ရ။ အလင်းစူးစူးကြောင့် မျက်လုံးတွေ ကျိန်းစပ်ပြာဝေနေမိ၏။

"အထဲဝင်ကြစမ်း. . . သွားဝင်. . . "

ခေါင်းမီးထိုးထားသူက တရားခံဖမ်းသလို လေသံဖြင့် ပြောကာ သူနှင့်သူမကို အတွင်းခန်းထဲသို့ အကင်းမောင်းသွင်း





၏။ ခေါင်းမီးပိုင်ရှင်မှာ အရပ်ထောင်ထောင်မောင်းမောင်းရှိပြီး အသံသြဇာ ရှူးရဲလွန်းသည်။

❧ ❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

အိမ်ကြီးမှာ အဆင့်သုံးဆင့် ဝရန်တာပါ၏။ ရှေ့ဘက်မှ ကြည့်လျှင် နှစ်ထပ်ဖြစ်သလောက်ရှိသော်လည်း အနောက်မှ သုံးထပ် သုံးလွှာ ဆောက်လုပ်ထားခြင်းဖြစ်တာကို အထဲရောက်မှ သိလိုက်ရသည်။

"မင်းတို့ ထွက်ပြေးလို့ရမယ်ထင်သလား၊ ဉာဏ်များ မယ်မကြံနဲ့၊ ငါရဲ့ကောင်ကြီးကို လွှတ်ပေးလိုက်ရင် မင်းတို့ အရိုးတခြား၊ အသားတခြား ဖြစ်သွားပါလိမ့်မယ်၊ ဆက်သွား"

အတန်သင့်ကျယ်ဝန်းသော အခန်းကြီးထဲရောက်လာ၏။ ပရိဘောဂပစ္စည်းတွေရှိသော်လည်း ဖရိုဖရဲနှင့် စိတ်ထင်တိုင်း ကြဲထားသလို ပြိုကွဲကြွေမွနေကြ၏။ ဆိုဖာဆက်တီတွေ ဓားနှင့်





ထိုးဖောက်ထား၏။ ဒွေးခြေထိုင်ခုံတွေ ရိုက်ချိုးထား၏။ မှန်စား ပွဲတွေ အစိတ်စိတ် အမွှာမွှာ ကြေမွနေ၏။ ပန်းချီကားတွေ ပြုတ်ကျတွဲလောင်း။ ဖန်မီးဆိုင်းတွေအပြည့် မီးမလာ။

"ထိုင်"

ဆိုဖာဆက်တီအပေါက်ကြီးပေါ်မှာ ထိုင်ခိုင်း၍ သူမက သူ့လက်ကို တင်းတင်းဆုပ်ကိုင်ပြီး ထိုင်ချလိုက်၏။ ကြောက်စိတ်ဖြင့် အေးစက်နေသော ချစ်သူ့လက်ကို အသာဆုပ်ထွေးပြီး သူလည်းရောထိုင်လိုက်သည်။ နှစ်ယောက်ထိုင် ထိုင်ခုံပေါ်မှာ သူနှင့်သူမ မျက်နှာငယ်လေးတွေနှင့် ဟိုကြည့်ဒီကြည့် ဖြစ်နေကြ၏။

သူတို့ရှေ့မှ လူကြီးကိုလည်း မီးရောင်ဖြင့် ခြေဆုံးခေါင်းဆုံး ကြည့်မြင်ခွင့် ရခဲ့လေပြီ။

အသက်သုံးဆယ်ကျော်အရွယ်၊ လူလတ်ပိုင်း အမျိုးသား တစ်ယောက်ဖြစ်နေသည်။ ဥပဓိရုပ်သန့်ခန့်၏။ နက်ကတိုင် ဖြုတ်ထားသော ရှပ်အင်္ကျီကို ရင်ဘတ်ဟပြဲ ဝတ်ဆင်ထားပြီး၊ နက်ပြာရောင် ဘောင်းဘီကို အချိုးအစား ကျနစွာ ဝတ်ဆင် ထား၏။

စာရွက်စာတမ်းတွေ ရှုပ်ပွနေသော စားပွဲတစ်လုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



ထိုသူဝင်ထိုင်၏။ ဆုံလည်ကုလားထိုင်လေးပေါ်မှာ အသာလှည့်ကစားရင်းမှ သူနှင့်သူမကို အထူးအဆန်း သတ္တဝါပမာ စိုက်ကြည့် လေ့လာအကဲခတ်နေ၏။

ဆံပင်ကို သေသပ်စွာဖြီးထားပြီး ခေါင်းလိမ်းဆီ ရွှဲရွှဲလိမ်းထားသည်။ နိုင်ငံကြီးသားစတိုင်(လ်) ထွားနေသော ထိုလူနှင့် သူ၏ဧည့်ခန်းမှာ လားလားမျှမဆိုင်။ သေသပ်ကြော့မော့စွာ နေကတတ်သူတစ်ယောက်က ဤသို့ ရှုပ်ပွညစ်ပေနေသော အခန်းတစ်ခုကို သူ၏အိမ် ဧည့်ခန်း (သို့) အလုပ်ရုံးခန်းအဖြစ် ရွေးချယ်ထားရှိနိုင်မတဲ့လား။ မဖြစ်နိုင်သော ဆန့်ကျင်ဘက်နှစ်ခု ဒွန်တွဲနေသလိုပင်။

"မင်းတို့ ဘယ်သူတွေလဲ"

"လူကောင်းတွေပါ"

"ဒီမှာ မိန်းကလေးအမည်ကိုမေးနေတာ"

"ကျွန်တော်ဖြေမယ်။ ကျွန်တော့်အမည်က ဝေဟာန်၊ သူရဲ့အမည်က ချယ်ရီနန္ဒီ ခေါ် ဟန်နီ"

"ဘယ်မှာနေလဲ"

"လှိုင်မြင့်မိုရ်အိမ်ရာအနီးမှာ နေတယ်"

"ဒီကို ဘာသဘောနဲ့ ရောက်လာတာလဲ"





"ဒီမှာ မင်းတို့နဲ့ သက်ဆိုင်တာ ဘာမှမရှိဘူး"

"မရှိမှန်းသိပေမဲ့ အကူအညီလိုရင် ပေးရအောင်လို့ပါ"

"သူများခြံထဲ ကျူးကျော်ဝင်ရောက်ရင် ဘာဖြစ်သွားမယ်ထင်သလဲ"

"အဲ့ဒါတွေ ကြိုတွေးမိပြီးသားပါ၊ အဲ့ဒါတွေထက် အကူအညီပေးချင်တဲ့စိတ်၊ လူပီပီ စူးစမ်းလေ့လာချင်တဲ့ စိတ်တွေကြောင့် ဒီထဲကို ရောက်လာခဲ့ကြရတာပါပဲ"

ထိုလူက တုံ့ပြန်စကားမဆိုတော့။ ထပ်မံစူးစိုက်ကြည့်နေပြန်၏။ ပြီးမှ ထိုင်ခုံပေါ်မှ ထ,လာပြီး. . .

"မင်းတို့ကို ကြည့်ရတာ ကလေကချေပုံ မပေါက်ဘူး၊ ခိုးသား ဓားပြပုံမပေါက်ဘူး။ ဒါပေမဲ့ ဘယ်လိုပြောရမလဲ အခုခေတ် ကလေကချေ ခိုးသားဓားပြတွေကလည်း အယောင်ဆောင် ပရိယာယ်တွေနဲ့ ဝတ်တတ်စားတတ် နေတတ် ထိုင်တတ်နေကြတာပဲ ချိုပါတာမဟုတ်တော့ ခွဲခြားရခက်တယ်"

"ခွဲခြားရလွယ်ပါတယ်၊ ကျွန်တော်တို့ရဲ့ လိပ်စာအတိုင်း စုံစမ်းကြည့်ပေါ့"

သူတို့စကားကို ထိုလူ သဘောကျသွားပြီး ခေါင်းတဆတ်ဆတ်ညိတ်နေ၏။ သူမက. . .



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်မတို့ကို ဘာလုပ်ဦးမှာလဲဟင်''

ထိုလူက မျက်လုံးစွေစောင်းကြည့်၏။

''မင်းတို့ ဒီအိပ်ထဲမှာ ဘာတွေထူးထူးဆန်းဆန်း ဖြစ်နေတာကို မြင်ခဲ့ကြသလဲ။ အမှန်အတိုင်းဖြေရင် လွှတ်ပေးမယ်။ မဖြေရင် မင်းတို့ကို လက်စဖျောက်ပစ်မယ်''

သူမက စိုးရိမ်ပူပန်သောစိတ်ဖြင့် ပြန်ပြောလိုက်သော လေသံတွေ တုန်အပ်နေ၏။

''ဟို. . . ဟို. . . ဘာမှ ထွေထွေထူးထူး မတွေ့ရပါဘူး။ မတွေ့ရလို့လည်း အပေါ်ထပ်ထိ တက်ကြည့်မိတာပါရှင်''

''အဲဒီ အပေါ်ထပ်မှာရော ဘာတွေ့လဲ''

ထိုလူကြီးက သိထားပြီးပုံပေါ်၏။ ညာပြောလျှင် ထိုလူကြီး ခြိမ်းခြောက်သလို ဖြစ်သွားမည်ထင်၍ သူမက ထစ်ထစ် ငေါ့ငေါ့ဖြင့် ဝန်ခံပြောကြားလိုက်လေသည်။ တားချိန်မရ။

''ဟို. . . ဟိုလေ. . . လူတစ်ယောက်. . . အလောင်း လိုသေအလောင်းတစ်ခုဘေးမှာ ငိုနေတာလား. . . ခေါင်းငိုက် စိုက်ချပြီး ဝမ်းနည်းတဲ့အနေနဲ့ ဆုတောင်းမှုတစ်ခုခုများ လုပ်နေတာလား မသိဘူး။ အဲ. . . အဲဒါမျိုးကိုပဲ တွေ့ခဲ့ရတယ်''





ထိုလူက မျက်မှောင်ဆွဲပြီး စဉ်းစားသွား၏။ ပြီးမှ. . .

''အဲ့ဒီလို မြင်ခဲ့ရတော့ မင်းတို့ဘယ်လို ထင်သွားကြသလဲ''

''အဲ. . . ဟို. . . အယ်''

''သူ့သဘောသူဆောင်ပြီး ဖြစ်နေတာကို ကျွန်တော်တို့ ဘာမှ ထင်ကြေးပေးစရာ အကြောင်းမရှိပါဘူး''

သူ လေသံတင်းတင်းဖြင့် ပြောလိုက်ခြင်းကြောင့် ထိုလူ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း စဉ်းစားနေရာမှ တန့်ခနဲ ရပ်သွား၏။

''ဒီလိုမျိုးတွေ ဖြစ်လာခဲ့တာ မင်းတို့နဲ့ပါဆိုရင် သုံးကြိမ် မြောက်ဖြစ်နေပြီ။ ပထမက အိမ်နီးချင်းလူနှစ်ယောက်၊ အဲ့ဒီ အော်သံဟစ်သံတွေကြားလို့ လာချောင်းကြည့်ကြတယ်။ ငါရှင်း ပြပြီး ပြန်လွှတ်လိုက်တယ်။

ဒုတိယအကြိမ်ကြတော့ ရပ်ကွက်ထဲက လူကြီးတွေနဲ့ ရဲစခန်းက ရဲတွေရောက်လာပြီး တစ်အိမ်လုံးကို မွှေနှောက်စစ် ဆေးတယ်။ အဖြစ်မှန်သိရမှ သူတို့လည်း စိတ်ချလက်ချ နှုတ်ဆက်ပြီး ပြန်သွားကြတယ်။

မထူးပါဘူး၊ မင်းတို့ကိုလည်း တိုတိုနဲ့ လိုရင်းရှင်းပြမယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့တွေ့ခဲ့တဲ့လူဟာ ငါ့ရဲ့ညီပဲ၊ အလောင်းပုံစံလုပ်ထားတာ ပလောစတာကိုင်ထားတဲ့ လူရုပ်ကြီး၊ ငါ့ညီက စိတ်မနှံ့ဘူး၊ ဒီအခန်းကိုပဲ ကြည့်၊ သူထင်သလို လာဖွထားတာ၊ တစ်အိမ်လုံးလည်း သူ့လက်ချက်နဲ့ ဇရပ်ပျက်ထက် ဆိုးအောင် ပျက်စီးကုန်ပြီ။ သူ့ရဲ့စိတ်ရောဂါကို ကုသဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့တယ်။

ငါရော ဆေးရုံက ဝန်ထမ်းတွေပါ လက်မြှောက်ရတယ်၊ ဆေးရုံမှာ သူ့ကို ချုပ်ထားရင် လူကောင်းလိုနေပြတယ်၊ လူနာစောင့်တွေက ယုံကြည်လို့ အပြင်မှာ နေခွင့်ပေးရင် ထွက်ပြေးတယ်။

လူကောင်း တွေထက်တောင် ဉာဏ်များပြီး အခွင့်အရေးရှာ ပြေးတတ်တဲ့ မရှူးမကောင်း လူစားမျိုးပေါ့ကွာ၊ အဲ့ဒီလိုနည်းနဲ့ ဆေးရုံကို အကြိမ်ကြိမ် ဒုက္ခပေးခဲ့လို့ ကြာတော့ ဆေးရုံကပါ လက်မခံ နိုင်တော့တဲ့အဆင့် ဖြစ်လာတယ်။

သူ့အဆင့်က သူသေသွားမှသာ ငြိမ်ကျသွားမဲ့ နောက်ဆုံးစိတ်ရောဂါအဆင့်မျိုးကို ရောက်နေပြီ၊ သံသေးသံကြောင်အော်ဟစ်တာလည်း သူပဲ၊ မင်းတို့ ငါပြောတာကို မယုံရင် ရပ်ကွက်လူကြီးနဲ့ ဒီမြို့နယ်ရဲ့စခန်းမှာ သွားရောက်စုံစမ်းလေ့လာပေတော့။





ငါကတော့ အတိုချုံးပြီး ရှင်းရှင်းပဲ ပြောပြလိုက်ပြီ။ ငါ့နာမည် ''နေမိုးသစ်'' မင်းတို့ နောက်တစ်ကြိမ် ဒီလို အမှားမျိုးထပ်မဖြစ်စေနဲ့၊ မင်းတို့ နှစ်ယောက်စလုံး ပြန်နိုင်ပြီ၊ ဒီဘက်တံခါးကထွက်ရင် လှေကားတွေ့လိမ့်မယ်၊ အောက်ထပ်မှာ စောင့်နေတဲ့လူကို အချက်ပေး ဘဲလ်နှိပ်လိုက်မယ်၊ သူတံခါးလိုက်ဖွင့်ပေးလိမ့်မယ်၊ ဆိုးသော မနက်ခင်းပါပဲ၊ ကံမကောင်းသူ နှစ်ယောက်ရေ''

နေမိုးသစ်က လိုက်လျောခွင့်ပြုလိုက်၍ သူနှင့်သူမ ဘာမှပြန်လည်ပြောချိန်မရ၊ အပြင်ရောက်အောင်သာ နောက်ကျတဲ့ ခြေထောက် သစ္စာဖောက် လုပ်လိုက်ရ၏။ အောက်ထပ်မှာ အရပ်လေးပေလောက်သာရှိသော လူပုလေး တစ်ယောက်ကို တွေ့ရ၏။ ကိုယ်ရံတော်ချုပ်ဝတ်တန်ဆာတွေ ဝတ်ဆင်ထားပြီး သူတို့ကို မှုန်ကုတ်ကုတ်နှင့် ကြည့်နေ၏။ ဘဲ(လ်)သံမြည်သံကြားရသည်နှင့် လူပုလေးမှာ ခါးကြားကသော့ကို ထုတ်ပြီး တံခါးဖွင့်ပေး၏။

အိမ်တံခါးသော့က လူပုလေးနှင့်ဆိုလျှင် လက်ခုပ်တစ်ဖောင်နီးပါး မြင့်နေ၍ လက်နှစ်ဖက် အပေါ်မြှောက်ပြီး သော့ဖွင့်တာကို မကြည့်ရက်၍ သူကသွားကူညီသောအခါ လူပု



www.burmeseclassic.com

www.burmeseclassic.com



လေးက ကြောင်မာန်ဖီသံမျိုး တခွီးခွီးနှင့် စိတ်ကိုပြုံးကြည့်ပြီး သူ့လက်ကို ရိုက်ပုတ်ထုတ်၏။

သူနှင့်သူမ အလန့်တကြားဖြစ်နေကြစဉ် တံခါးပွင့်သွားပြီး ပေမမီဒေါက်မမီ ငတီက သူနှင့်သူမကို အသံတိတ် အမူအရာဖြင့် မောင်းထုတ်ဟန် လုပ်ပြ၏။

လှူကြည့်တော့ တစ်ကိုင်ပေါက်လောက်ရှိသည်။ ရန်လိုဒေါကန်နေလိုက်သည့် မျက်နှာပုံစံကြီးက ဟစ်တလာနှင့်မူဆိုလိုနီစပ် ကျထားသလိုပင်။ ခြံဝင်းအပြင် ရောက်သည့်အခါမှ စိုးရိမ်စိတ်တွေ တစ်ထစ်လျှော့ကျရ၏။

နံနက် ဝေလီဝေလင်း ဖြစ်လုနေပြီ။ လမ်းလျှောက်ဖို့မရဲ။ စိတ်ပြောင်းပြီး နောက်မှ လိုက်လာမှာကို သူမကလန့်နေ၍ ရရာ Taxi တစ်စီး တားစီးကာ အိမ်ပြန်လာကြ၏။

လမ်းထိပ်ရောက်ခါနီး လမ်းဆုံတစ်ခုအနားမှာ "ရွှေနံနက်ခင်း" နံနက်စောစော ဆိုင်ဖွင့်နေ၍ ဆိုင်ရှေ့မှာပင် ကားကို သူရပ်ခိုင်းလိုက်၏။ သူမက. . .

"ဘာလုပ်မလို့လဲ"

"စားရင်းသောက်ရင်း စကားပြောချင်သေးလို့"

"ဒီမှာ ရင်တုန်မပြေသေးဘူး၊ သံပုရာရည်တစ်ခွက်





လောက် အိမ်ရောက်မှ သောက်မလို့ ကြံစည်နေတာ၊ ဒီဆိုင်မှာ သံပုရာရည် ရနိုင်ပါ့မလား"

"ဖြစ်အောင် ကြိုးစား လုပ်ခိုင်းကြည့်မယ်လေ။ ရမှာပါလာပါ"

သူနှင့်သူမ ဆိုင်ရှေ့မှာ ထိုင်ဖြစ်ကြ၏။ သူတို့လိုပင် အကြောင်းအမျိုးမျိုးနှင့် ရောက်လာကြသူတွေ စားသောက်နေကြ၏။

သူက ငါးသလောက်ဥကြော်နှင့် ထမင်းကြော်တစ်ပွဲမှာတီး၏။ သူမက မုန့်ဟင်းခါး၊ အအေးဆိုင် မဟုတ်သောဆိုင်မှာ ဆောင်းတွင်း နံနက်ခင်းကြီး သံပုရာရည် တစ်ခွက်မှာရသည်။ ဆိုင်ရှင်က နားလည်မှုဖြင့် ဖြစ်အောင် လုပ်ပေးရှာ၏။

သံပုရာရည်ကို သောက်ပြီးသောအခါမှ သူမစိတ်တွေကြည်လင်လာ၏။

မုန့်ဟင်းခါးကို ငရုပ်သီးမှုန့်စပ်စပ်ထည့်ပြီး ခေါင်းမဖော်စတမ်း လွေးနေ၏။

သူမ မုန့်ဟင်းခါး ပန်းကန်ထဲမှ ငါးဖယ်၊ ဘဲဥ၊ ငါးသလောက်ဥ၊ ပဲကပ်ကြော်တွေ ပါ၏။ မုန့်အစပ်အဟပ်ကို ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



သွား၍ နောက်နေ့ လမ်းလျှောက်ပြန်တိုင်း ဤဆိုင်မှာ ဝင်စားရန် သူမ ဆိုလာ၏။

သူက ငရုပ်သီးကြော်နှင့် အချဉ်သုတ်ကို ထမင်းကြော် ဇွန်းထဲ အချိုးမျှတင်ပြီး တစ်လုပ်စားလိုက်သည်။ ပြီးလျှင် ငါး သလောက်ဥကြော်ကို ဇွန်းနှင့်ဖဲ့ယူကာ လျှာအရသာခံ ဝါးလိုက်ရင်း. . .

"ဟိုအိမ်ကြီးအကြောင်းကို တမင်တကာမေ့ပြီး ခဏ နေလိုက်ကြတာ ဘယ်လောက်စိတ်ငြိမ်းချမ်းသွားသလဲ ဟန်နီ၊ အဲ့ဒီအိမ်ကြီးနဲ့ အဆက်ဖြတ်လိုက်တာနဲ့ ကိုယ်တို့ဘဝရဲ့ ပျောက်ဆုံးသလိုဖြစ်နေတဲ့ ချစ်ခြင်းရသကို ပြန်လည် အပြည့်အဝ ခံစားရလိမ့်မယ်လို့ ကိုယ်ယုံနေတယ်"

"တမင်တကာ မေ့ထားတာမဟုတ်ပါဘူးနော်၊ အဲဒီ အိမ်ကြီးနဲ့ပတ်သက်ပြီး ရှင်ဘာပြောလာမလဲဆိုတာ ကျွန်မ စောင့်နားထောင်နေတာ ရှင်သတိမထားမိဘူးလား၊ နေမိုးသစ် ဆိုတဲ့ လူကြီး ပြောသွားတဲ့ စကားတွေကို ရှင်ပြန်တွေးမိရဲ့လား"

"ဘာ. . . နေမိုးသစ်ရဲ့စကား မယုံရင် အဲ့ဒီအပိုင်က လူကြီးတွေနဲ့ ရဲစခန်းကို သွားမေးကြည့်ပေါ့၊ နေမိုးသစ်က ခွင့်ပြု ထားသားပဲဟာ"





"အဲဒီလူကြီးတွေက ဟန်နီ စုံးစမ်းသိထားသလောက် သိထားချင်မှ သိထားမှာပေါ့။ မျက်နှာအရေပြားခွာထားသလို သွေးချင်းချင်းနီရဲနေတဲ့ အရုပ်ဆိုးဆိုး မိန်းမတစ်ယောက်ကို တွေ့ခဲ့ရတာကိုရော ဘာပြောမလဲ။

စိတ်မနှံ့တဲ့ မိန်းမတစ်ယောက်လို ပြောလာရင်လည်း စိတ်မနှံ့တဲ့လူက ယောကျ်ား မိန်းမ နှစ်ယောက်ရှိနေရမယ်။ ရှိတယ်လို့လည်း နေမိုးသစ်က ဝန်ခံပြောရလိမ့်မယ်။ တစ်ယောက်တည်းရှိတယ်လို့ ပြောတာ လျှို့ဝှက်ထားတာပဲ။

နောက်ပြီး ဟိန်းဟောက်သံကြီး၊ အဲ့ဒီအသံမျိုးကို မိုက္ကရိုဖုန်းနားကပ်ပြီး အသံတု လုပ်တတ်တဲ့သူက အော်မှပဲ ဖြစ်လိမ့်မယ်။ သာမန်ပါးစပ်နဲ့အော်လို့ အဲ့ဒီအသံမျိုး မထွက်နိုင်ဘူး။

ပြီးတော့ အဲ့ဒီအိမ်မှာ ဝင်ထွက်နေကြတဲ့ လူ ထူးထူးဆန်းဆန်းတွေက ဘာတွေလဲ၊ ဟန်နီတော့ မထင်ဘူး၊ အဲဒီအိမ်ကြီးမှာ လျှို့ဝှက်တဲ့ မှုခင်းတစ်ခုခု ကြီးကြီးကျယ်ကျယ်ကို ဖြစ်နေလောက်ပြီလို့ပဲ ထင်တယ်"

"မင်း အခုထက်ထိ စိတ်မလျှော့သေးဘူးပေါ့။ ဟိုက သဘောကောင်းလို့ ပြန်လွှတ်လိုက်တာကို ထပ်ဝင်လေ့လာဦးမှာလား၊ ဒီတစ်ခါ မိရင်တော့ သူ့ရဲ့သတ္တဝါနဲ့ လွှတ်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်''

''အဲ့ဒီ သတ္တဝါဆိုတာ ကျားဟိန်းသံမျိုးပါ။ ကျွန်မ စိတ်ထင် တရားဝင်ခွင့်ပြုချက်မရဘဲ အန္တရာယ်ရှိတဲ့ တိရစ္ဆာန်ကို အဲ့ဒီသူတွေ နိုးမွေးထားကြတယ်လို့ပဲ ထင်တယ်''

''ဘယ်လိုပဲဖြစ်ဖြစ် အဲဒီအိမ်ကြီးကို မေ့ပစ်လိုက်ပါတော့ဟန်နီ၊ မင်းဘာလို့ အန္တရာယ်တောကိုမှ တိုးဝင်ချင်နေရတာလဲ''

ဟန်နီက မုန့်ဟင်းခါးစားလက်စကို ရပ်ပြီး၊ သူ့ကို ငဲ့စောင်းကြည့်၏။

ပြီးမှ မုန့်ဖတ်တွေကို မစားချင်တော့သလို ဆော့စကားမွှေနှောက်နေ၏။ စိတ်ပျက်ညစ်ညူးသွားပုံရသည်။ မိန်းကလေးတစ်ယောက်ဖြစ်နေပြီး ထိုမျှအထိ သည်းထိတ်ရင်ဖို အမှုတွေကို စွန့်စားလုပ်ဆောင်နေခြင်းမှာ နားလည်ရခက်လွန်းပါသည်။

သူ့အနေနှင့် ချစ်သူဘဝကို အလေးထား ရင်ခုန်သွားလိုက်ချင်သည်။ ကျောင်းပြီးလျှင် ကိုယ်စီ အလုပ်ခွင်ဝင်ကြမည်။ ပြီးလျှင် နှစ်ဖက်မိဘကို ဖွင့်ဟခွင့်တောင်းပြီး လက်ထပ်ထိမ်းမြားမည်။ သာယာတင့်တယ်သော အိမ်ထောင်တစ်ခုကို လုပငြိမ်းချမ်းစွာ တည်ဆောက်သွားကြမည်။ သားသမီးတွေမွေးမည်။





လုပ်ကျွေးမည်။ ကြွေးဟောင်းဆပ်ပြီး ကြွေးသစ်ယူမည်။

ဘဝရဲ့ နေဝင်ချိန်နား ရောက်ခါနီးလျှင် သုံးလောကထွဋ်ထား ဗုဒ္ဓရှင်တော် မြတ်ဘုရားအား ဦးခိုက်ညွှတ်တွား ပူဇော်၍ တရားတော်တွေကို နှလုံးသွင်း ကျင့်ကြံသွားမည်။ နေတတ်အောင် နေပြီး။ သေတတ်အောင် သေသွားမည်။

သူ့ရည်ရွယ်ချက် အကုန်အစင်ကို သူမ သိအောင် ပြောပြထားတဲ့ဖူးပြီးပြီ။

သူမကမူ သူနှင့်မတူသော ရည်ရွယ်ချက် လုပ်ဆောင်မှုများဖြင့် သင့်လျော်သလို စခန်းသွားနေသူ၊ သူမ လေးနက်ချင်သည့် နေရာမှာ လေးနက်ပြီး ပေါ့ပျက်ချင်သည့် နေရာမှာ ပေါ့ပျက်နေတတ်၏။

လက်ထပ်ဖို့အရေး အိမ်ထောင်ရှင်ဖြစ်ကြမည့်အရေး သားရေးသမီးရေး ဘာဆိုဘာမျှ ကြိုတင်တွေးမြင်ထားတာ မရှိ။ နှလုံးသွင်းမှုနတ္ထိ၊ ယခုပင်ကြည့်. . .

အဓိပ္ပါယ် မရှိသော အန္တရာယ်တောကို အသက်အပ်ပြီးတော့ တိုးဖို့ စိုင်းပြင်းနေချင်သေးသည်။ သူစိတ်ဓာတ်ကျပြီး။ သူမကို ငေးကြည့်နေလိုက်၏။

သူမကမူ. . . သူ့ကိုအားယူပြီး နောက်တစ်ဆင့်တက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အကူအညီတောင်းလိုဟန်ဖြင့် ပြန်ကြည့်နေသည်။

သူမရဲ့ အကြည့်အောက်မှာ. . .

သူပျောက်သွား၏. . .



## အခန်း (၆)

တစ်ဖွဲလုံး သူ့အက်က ထောက်ခံကြသော်လည်း သူမမှာ ထောက်ခံချက်တွေကိုပယ်ချနိုင်သော ဗီတိုအာဏာ ရှိနေပြန်၏။ သူမရဲ့ တစ်ချက်လွှတ်အမိန့်တော်ကြောင့် နောက်တစ်နံနက် လေးနာရီတိတိမှာ သူမနှင့်သူ လမ်းလျှောက်ဖြစ်ရပြန်၏။

မြို့ပြတစ်ခုလုံး လမ်းပေါင်းမြောက်မြားစွာ ရှိသည့်အထဲမှာမှ အိမ်ကြီးမာယာဆီ သွားမည့်လမ်းကိုသာ သူမလှမ်း၏။

အိမ်ကြီးမာယာရှေ့မှာ ရပ်တန့်လိုက်သောအခါ. . .

''အိမ်ထဲဝင်မှာလား''

''အရိပ်အကဲကြည့်ချင်သေးတယ်''

နာရီကိုငုံ့ကြည့်လိုက်တော့ (၄)နာရီခွဲတိတိ ရှိပြီ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးဆီ လှမ်းကြည့်လိုက်လျှင် အပေါ်ထပ်အခန်း တစ်ခန်းသာ မီးလင်းနေသည်ကို တွေ့ရသည်။

အောက်ထပ်မှာတော့ လုံးဝ အမှောင်။ ခြံဝန်းတစ်ခုလုံးတွင်လည်း တံခါးမကြီး အနီးရှိ နီကျင်ကျင် မီးလုံးတင် လုံးမှအပ တစ်ခြံလုံး မှောင်မဲနေသည်။

ဆိတ်ငြိမ်ချပ်ကွက်မို့ အသံကလည်း တိတ်ဆိတ်လျက်ရှိသည်။

ခြံတံခါးမှာ သံချွန်တွေနှင့်မို့ ဟန်နီ ကျော်တက်ရန် လုံးဝ မဖြစ်နိုင်။ အုတ်နံရံကိုဘဲ ကျော်ဝင်ရပေမည်။

ခြံတံခါးအနီးရှိ မီးလုံးအလင်းမ… ပေးရာ၊ မှောင်ရိပ်များသည့် ခြံထောင့်စွန်းအနီးရှိ စက္ကူပန်းချုံများရှိသော နေရာမှ မှောင်ရိပ်ခိုကာ ခြံထဲဝင်ရန် စဉ်းစားမိသည်။

ထိုစဉ် ဟန်နီက. . .

"ရှင် ဘာတွေစဉ်းနေတာလဲ. . . ခြံထဲဝင်မယ်လေ"

"ဘာလောနေတာလဲ. . . ခြံထဲကို အန္တရာယ်ကင်းကင်း ဝင်နိုင်ဖို့ လေ့လာနေတာ၊ မနေ့က ခြံတံခါး ပွင့်လာပြီး ပြန်မပိတ်ခင် ဝင်သွားနိုင်လို့ အဆင်ပြေသွားတာ၊ မလောနဲ့. . . ငါ စိတ်ကူးထားတဲ့နေရာ ရှိတယ်၊ လာ. . . ဟိုခြံထောင့် မှောင်ရိပ်





နားက ကျော်ဝင်မယ်"

ဟန်နီ့လက်ကိုဆွဲပြီး ကျော်ဝင်မယ့်နေရာ ရောက်သည့် အခါ အုတ်နံရံနား ကပ်ကြည့်လိုက်သည်။

အမြင့်က လက်ချပ်တစ်ဖောင် နီးပါးပါလား၊ နံရံကို လက်နဲ့ဆွဲခိုပြီး အပေါ်တက်လိုက်၏။ အပေါ်ရောက်မှ ဟန်နီ့ကို လက်ကမ်းပေးပြီး အပေါ်ဆွဲတင်လိုက်သည်။

ခြံထဲကိုလှမ်းကြည့်တော့ ဘာလှုပ်ရှားမှုမှ မရှိဘူး။ ဟန်နီ လက်ကိုတွဲပြီး အောက်ကို ပြိုင်တူခုန်ချလိုက်၏။

မြေပြင်ပေါ် အရောက်မှာဘဲ. . .

"ဖရော. . . ဖရော. . . ဖရော"

အသံကြားလို့ ဟန်နီ့ကိုဖက်ပြီး ပန်းချုံဘေးမှာ ဝင်ပုနေလိုက်ရသည်။ ဟန်နီ့ကိုယ်လေးမှာ ကြောက်လန့်စိတ်ကြောင့် ထင့်. . . အနည်းငယ် တုန်ယင်နေသည်။

သူ့ကိုယ်တိုင်လည်း တစ်ချက်တုန်သွားသည်။ အချိန် အနည်းငယ် စောင့်ကြည့်ပြီးမှ.

"ဘာမှမဟုတ်ပါဘူး၊ ကြွက်တိုးသံ ဖြစ်မှာပါ. . . လာ အိမ်ဘေးကို အရင်ကပ်မယ်"

ဟန်နီက. . .



www.burmeseclassic.com

www.burmeseclassic.com



"နေအုံး. . . ဟိုမှာ. . . အောက်ထပ်က ပြတင်းတစ်ပေါက် ပွင့်နေတယ်၊ အဲ့ဒီအခန်းထဲက အပြာရောင်မီးမှိန်မှိန် လင်းနေတာတွေ့လား၊ အဲ့ဒီနေရာကို သွားကြမယ်"

နှစ်ယောက်သား လက်တွဲပြီး ပြတင်းပေါက်ရှိရာ အိမ်နံရံကို ပြေးကပ်လိုက်သည်။

ထို့နောက် မှိန်ပျပျ အလင်းရောင်အောက်ရှိ အခန်းတွင်းကို ခေါင်းပြူကြည့်လိုက်သောအခါ. . .

ဆံပင်စုတ်ဖွားနှင့် ဖက်ကျိုးကျနေပြီး ဒူးထောက်ထိုင်နေသည့် လူတစ်ယောက်။ ထိုသူ၏လက်ထဲတွင် တစ်စုံတစ်ခုကို ဆုပ်ကိုင်ထားသည်။ အလင်းရောင်အားနည်းသဖြင့် ဘာပစ္စည်းဆိုတာ သဲသဲကွဲကွဲ မမြင်ရပေ။

ထိုလူကို အုပ်မိုး၍ ခေါင်းငုံ့ပြီး ခါးကိုင်းရပ်နေသူတစ်ယောက်ကို မြင်ရသည်။ ရပ်နေသူမှာ ဂါဝန်အဖြူရောင်ညစ်ညစ်ကို ဝတ်ဆင်ထားပြီး၊ ခေါင်းငုံ့ထားသဖြင့် ဆံပင်ရှည်များက မျက်နှာကို ဖုံးကွယ်ထားရာ မျက်နှာကို မမြင်ရသော်လည်း အမျိုးသမီးတစ်ယောက်ဖြစ်မည်ဟု ထင်ရသည်။

အမျိုးသမီးက ဘယ်ဘက်လက်ဖြင့် ဒူးထောက်ထိုင်နေသူကို ခေါက်လိုက်၊ ထိုင်နေသူက. . .





"ကြောက်ပါပြီဗျ. . ." ဟု အော်လိုက်။

အမျိုးသမီးက ညာဘက်လက်တွင် ကိုင်ထားသော ဓါးမြှောင်ဖြင့် ထိုင်နေသူ၏ ကျောပြင်ကို စိုက်လိုက်၊ ထိုင်နေသူက. . .

"အောင်မယ်လေး. . . ဗျ"

ဟု အော်လိုက်နှင့် အချက်ပေါင်းများစွာ ခေါက်လျက်၊ အချက်ပေါင်းများစွာ ထိုးနေရာ ထိုင်နေသူမှလည်း အကြိမ်ကြိမ်အော်ဟစ်နေသည်မှာ စည်းဝါးအကိုက်ပင် ဖြစ်နေသည်။

တစ်ခါတစ်ရံတွင် အော်သူမှ. . .

"ကြောက်ပါပြီ. . . ရှင့်"

"သေပါပြီ. . . ရှင့်" ဟု မိန်းကလေးအသံဖြင့် ပြောင်းလဲအော်ဟစ်လိုက်သေးသည်။

ရိုက်နှက်နေသူ မိန်းမထံမှလည်း "မသဲမကွဲ အော်ဟစ်ကြိမ်းမောင်းသံ ထွက်ပေါ်နေလျက်ရှိသည်။

သူနှင့် သူမတို့ နှစ်ယောက်မှာ မျက်လုံးအစုံ ပြူးထွက်ကာ ကြည့်နေရသော်လည်း၊ ထိတ်လန့်ကြောက်ရွံ့ရမလို၊ အံ့သြရမလို၊ မည်သို့ခံစားရမည်မသိ ဖြစ်နေသည်။

ထိုအချိန်တွင် ခြေဖျားထောက်ကာ ကြည့်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီမှာ ဟန်ချက်ပျက်သွားပြီး လဲကျမလို ဖြစ်သွားရာ ကံခါး ဘောင်ကို ရုတ်တရက် လှမ်းဆွဲလိုက်သဖြင့် အသံအနည်းငယ် ထွက်သွားသည်။

ထိုအသံကို ကြားသည်နှင့် ရပ်နေသည့် မိန်းမသည် သံကြားရာ ပြတင်းပေါက်ဆီသို့ ဖျက်ခနဲ လှမ်းကြည့်ရာ. . .

အနီကွက်၊ အညိုကွက်၊ အဖြူကွက်များနှင့် အရေပြား ...ွန့်လိမ်နေပြီး၊ ပါးရိုးငေါငေါ၊ မေးရိုးချွန်ချွန်၊ ပိန်ပိန်မျက် ...ကြူးကို မြင်တွေ့ရလိုက်သည်။

တချိန်တည်းမှာပင် ဇက်ကျိုးလျှက် ဒူးထောက်ထိုင်နေ သူက ခေါင်းမော့၍ လှမ်းကြည့်ရာ. . .

မျက်လုံး၊ နှာခေါင်း၊ ပါးစပ် ကစ်စုံတစ်ရာ မမြင်ရဘဲ ဖြူရော်ရော် သားရေချပ်ကြီးကဲ့သို့ ပြင်ညီမျက်နှာကြီးကိုသာ မြင်တွေ့ရသည်။

တစ်ဆက်တည်း လက်တစ်ဖက်ကို မြှောက်လျှက် ...ူး. . . ဝါး. . . ဝါး ဗလုံးဗထွေး အော်ဟစ်နေရာ၊ သူ၏ ...တွင် ကိုင်ထားသည့်အရာကို ကြည့်လိုက်သည့်အခါ သွေးသံ ...ရဲရဲနှင့် လက်ပြတ်ကြီးတစ်ဖက် ဖြစ်နေသည်ကို တွေ့ရလေ သည်။





ထိုအရာများကို တစ်ခုပြီးတစ်ခု တွေ့မြင်ရသည့် ဟန်နီ မှာ ပါးစပ်ဟောင်းလောင်း ပွင့်လျှက်။

မျက်လုံးအစုံမှာ တစ်စထက်တစ်စ ပြူးကျယ်လာလေ သည်။

အခြေအနေ မကောင်းတော့ပြီကို ငိုမိသည့် ဝေဟန်က သူမခေါင်းကို ပြတင်းပေါက်ဘောင်အောက် မမြင်ကွယ်ရာသို့ နှိမ့်ချလိုက်သည့် တစ်ခဏမှာပင် အခန်းတွင်းရှိ မိန်းမထံမှ စူးစူးဝါးဝါး အော်ဟစ်သံ ထွက်ပေါ်လာလေသည်။

ဆက်နေရန် မသင့်တော့ပြီကို သိသဖြင့် သူမကို ဆွဲ ပြီး အုတ်နံရံဆီ အမြန်ပြေးကာ၊ ပြန်ထွက်ရန် ခြံစည်းရိုးပေါ် အမြန်တွန်းတင်ရသည်။

တစ်ပြိုင်တည်းမှာပင် အိမ်ရှေ့ဝရံတာမီးနှင့် အိမ်ပေါ်ထပ် မှမီးများ ပွင့်လာကာ၊ လူသံနှင့် ခွေးဟောင်သံများကို ဆက် တိုက်ကြားလာရသဖြင့် ခြံနံရံကို အမြန်ကျော်ပြီး လမ်းတစ်ဘက် ခြမ်းရှိ မှောင်ရိပ်သို့ ပြေးရသည်။

စောင့်ကြည့်နေရာ၊ ခြံအပြင်သို့ မထွက်လာသော်လည်း ခြံထဲတွင် ပတ်ရှာနေသည့် လူသံနှင့် ခွေးဟောင်သံများကို ကြားနေမြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၅)မိနစ်ခန့်အကြာ အခြေအနေ ငြိမ်သက်သွားမှ ထိုနေရာမှ လစ်ထွက်လာရသည်။

❧ ❧ ❧ ❧



## အခန်း (၇)

သူငယ်ချင်းအားလုံး ဆုံမိကြသည့်အချိန်တွင် ညက အဖြစ်အပျက်ကို ဝိုင်းဝန်းစဉ်းစား အဖြေရှာကြည့်ကြသည်။

ဝေဖြိုးက. . .

"နင်တို့ပြောတဲ့ထဲမှာ သွေးစက်လက်နဲ့ လက်ပြတ်ကြီးက ဘယ်လိုပါလာတာလဲဟ"

"အဲဒါက ရှင်းပါတယ်ဟာ၊ ညတုန်းက ကြောက်လန့်နေလို့ မစဉ်းစားမိဘူး၊ အခုတော့ အဖြေပေါ်ပြီ၊ ငါတို့နဲ့ တွေ့တုန်းက ကိုနေမိုးသစ်က ပြောတယ်၊ သူ့ညီမှာ ပလာစတာကိုင်ထားတဲ့ လူရုပ်ကြီး ရှိတယ်ဆိုတာလေ. . . အဲဒီအရုပ်ကြီးက ဖြစ်ထားတာနေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့်. . . မျက်နှာက ဘယ်လိုဖြစ်နေသလဲ"

"အဲဒါ စဉ်းစားလို့မရဘူးဟ"

"နောက်ပြီး. . . ဟိုင်းနဲ့မောင် ဘယ်ကရောက်လာတာလဲ၊ သူ့မျက်နှာကလည်း ကြောက်စရာ"

"ငါထင်တာတော့ [illegible] နောက်ထပ် စိတ်ရောဂါရှင် အမျိုးသမီးတစ်ယောက် [illegible] ရှိအုံးမယ်ထင်တယ်"

မောင်လွင်က. . .

"မင်းတို့ဟာက. . [illegible]ရတာလိုလို၊ တကယ် မြင်ရတာလိုလိုနဲ့ကွာ၊ ဘာပဲဖြစ်ဖြစ် အဲဒီအိမ်ကို နောက်ထပ် မသွားရင် ကောင်းမယ်ကွ၊ ငါတော့ ကြောက်တယ်"

[illegible]ခွေကတော့. . .

"အောင်မယ်လေး [illegible] . ငါတို့မိန်းကလေးတွေ မ ကြောက်ရဘူး၊ နင်က [illegible]နေတယ်"

တစ်ဆက်တည်း [illegible]ကိုကြည့်၍. . .

"[illegible] . . နင် စုစမ်းထောက်လှမ်း တာကို ရပ်လိုက်ပါတော့၊ [illegible]ပါတယ်၊ အနည်းဆုံး [illegible]ရရင်ကို မလွယ်ဘူး"

"အေးပါဟယ်. . ငါလည်း တော်တော်လန့်သွားတယ်၊





အေးအေးဆေးဆေး စဉ်းစားပါအုံးမယ်"

သူငယ်ချင်း အများရှေ့တွင် စဉ်းစားပါအုံးမယ်ဟု ပြောသည်မှာ နောက်တစ်ကြိမ် ဘယ်ရက်သွားရမည်၊ ဘယ်လိုဝင်ကြည့်မည်ကို စဉ်းစားမယ်ဟု ဆိုလိုကြောင်း ပေဟန်နှင့် နှစ်ယောက်တည်း တွေ့မှ အဖြေက ပေါ်လာသည်။

"ရှင် စဉ်းစားကြည့်လေ၊ ကျွန်မတို့ ဝင်ကြည့်တဲ့အကြိမ် များလာလေ၊ မဖြေရှင်းနိုင်တာ၊ မသိတာ ပိုများလာလေပဲ၊ ဒီတော့ ဆက်မလေ့လာဘဲ ရပ်လိုက်လို့ ဘယ်ဖြစ်မှာလဲ"

ထိုမှတဆင့် အပြန်အလှန်၊ အချေအတင်း ပြောဆိုကြရပြန်သည်။

သို့သော်လည်းပေါ့လေ၊ နောက်ဆုံးတော့ သူမဘက်ကပဲ အလေးသာ၍ နောက်ဆုံးတစ်ခေါက်အနေဖြင့် ဝင်ကြည့်ရန် အိမ်ကြီးမှာယာရှေ့သို့ ရောက်ခဲ့ရပြန်လေသည်။

သူ့ရင်မှာ စိုးရိမ်စိတ်ကဲနေ၏။ သူမဘက်ကို ဆုပ်ထွေးသောအခါ အေးစက်သော အထိအတွေ့ကိုရ၏။ သူမစိတ်ကလှုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှားနေတာ သူသိလိုက်ပြီ။ တားမရသည့်အဆုံး ဖြစ်လာသမျှ အားလုံး ရင်ဆိုင်ဖို့ သူစိတ်ဒုံးဒုံးချလိုက်တော့သည်။ ခြံဝင်းရှေ့မှာရပ်လိုက်သည်နှင့် ခြံတံခါးဟသွားပြီး အတွင်းမှ လူနှစ်ဦး ပေါ်လာ၏။ သန်မာတုတ်ခိုင်သော ဂင်တိုတို၊ အပေါက်ဆိုးဆိုး လူနှင့် နေမိုးသစ်တို့ ထွက်လာ၏။

လက်ပူးလက်ကျပ်မိနေ၍ ရှောင်ထွက်သွားရခက်စွာ ရင်ဆိုင်လိုက်ရသည်။ အခြေအနေကို အကဲခတ်လေ့လာရုံရှိသေး၏ တန်းခနဲ မိနေလေပြီ။ နေမိုးသစ်က အေးဆေးသော အမူအရာ ရှိသလောက် အပေါက်ဆိုးသောလူက ရန်လိုပုံရ၏။

အမှန်၌ နေမိုးသစ်ရဲ့ဒေါသက ပိုကြောက်စရာကောင်းနေပြီး အပေါက်ဆိုးသူရဲ့ ဒေါသက အပေါ်ယံဒေါသမျိုး ဖြစ်နေပေလိမ့်မည်။

"ခြံဝမှာ မင်းတို့အသံကြားလို့ ထွက်ကြည့်တာ ဟိုတစ်နေ့က သေသေချာချာ မှာလိုက်ရဲ့သားနဲ့ နောက်ထပ်. . ."

သူက အလျင်အမြန် ကြားဖြတ်ဝင်၍. . .

"စိတ်မတင်မကျဖြစ်နေတဲ့ အချက်ကလေးတွေ ရှိနေလို့ ခင်ဗျားနဲ့တွေ့ရင် မေးချင်လို့ပါ"

"ဟုတ်ပါတယ်ရှင်. . . ဟုတ်ပါတယ်"





နေမိုးသစ်ရဲ့ အကြည့်တွေမှုးရဲသွား၏။ မျက်နှာမှာ ဒေါသ သွေးတက်သလို ပွက်ခနဲ နီးမြန်းသွားပြီး. . .

"ဘာသိချင်တာလဲ"

မာထန်သည့် သံပြတ်ဖြင့် မေး၏။

"နောက်ထပ်စိတ်ရောဂါရှင် အမျိုးသမီးများ ရှိနေသေးသလားလို့ပါ"

"ဘာကို တွေ့ခဲ့လို့ အဲ့ဒီလို မေးရတာလဲ"

သူက တွေ့ခဲ့သည့်အတိုင်း ပြန်ပြောလိုက်သောအခါ နေမိုးသစ် ခါးခါးသက်သက်ရယ်မော၏။

ပြီးလျှင် တည်တင်းသော မျက်နှာဖြင့်. . .

"ငါ့ရဲ့ညီ စိတ်ဝေဒနာရှင်က လူကောင်းဘဝကတည်းက ပြည်ပမှာ မိတ်ကပ်အထူး ပြုလုပ်ဖန်တီးချက် ဒီပလိုမာ ရခဲ့တဲ့သူကွ၊ ဒီနောက်မှ သူစိတ်ဖောက်သွားပြီး သူ့ကိုယ်သူ မိန်းမလို အသွင်နေချင်တယ်၊ မင်းတို့တွေ့ခဲ့သလို မျက်နှာကို မိတ်ကပ်ပညာနဲ့ သူခြယ်ချင်သလိုခြယ်၊ လုပ်ချင်သလိုလုပ်တယ်. . . ဒါပဲ"

သူနှင့် သူမ အကြည့်ချင်း ဆုံတိုက်မိသွားကြ၏။

နေမိုးသစ်က လက်ပိုက်ကြည့်နေပြီး၊ အပေါက်ဆိုးသောလူ



www.burmeseclassic.com

www.burmeseclassic.com



ကေါင်းထောက်ကာ မိုက်ကြည့်ကြည့်နေ၏။

"ဒီလောက်ဆို ရှင်းပါပြီ"

"ကျားဟိန်းသံ ကြားရတာကကော"

သူမက မပြီးနိုင်၊ မစီးနိုင်အောင် ပိုင်စိုးပိုင်နင်း မေးရာ ရောက်နေလေပြီ၊ နေမိုးသစ်က မေးကြောင်းထောင်အောင် အံကြိတ် ရင်း. . .

"မင်းလို မိန်းမတစ်ယောက်ကို အစအဆုံး လိုက်ရှင်း ပြနေစရာ မလိုဘူး၊ မင်းတို့ ဘာတွေလဲ၊ မင်းတို့ကိုယ် မင်းတို့ ဘာထင်နေလို့ ဒီလောက်တောင် လူပါးဝပြီး စော်ကားနေရ တာလဲ၊ ပြောစမ်း"

သူက သူမကို အသာလက်ဆွဲပြီး. . .

"ခွင့်ပြုပါဦး၊ ဒီလိုမေးမိတာ စိတ်မရှိပါနဲ့၊ ဘယ်လိုမှ လဲ သဘောမထားပါနဲ့"

"အို. . . သူတို့ လူတချို့ကို ဖမ်းချုပ်ပြီး နှိပ်စက် သတ်ဖြတ်နေကြတာ ကျွန်မသိတယ်၊ သူတို့ ပါမ်ညာ လုပ်ကြ ပြောနေကြတာ၊ သူတို့ လူလိမ် လူညာတွေ"

သူမရဲ့စကားကြောင့် နေမိုးသစ်က ငြိမ်သွားသလောက် ဂင်တိုတိုလူမှာ ရှုံးရှုံးရားရား ဖြစ်၍သွားပြီး ပြေးဝင်ထိုးတော





မည့်ဟန်ပြင်နေ၏။ သူက သူမလက်ကို အတင်းဆွဲခေါ် လာလိုက်၏။ သူမ ရုန်းကန်အော်ဟစ်ရင်း ပါလာ၏။

"ရှင် သူရဲဘောကြောင်တယ်၊ သတ္တိနည်းတယ်၊ သွေး ကြောင်တယ်၊ အလကားလူ"

သူနှင့်သူမ တွန်းထိုးရုန်းကန်လုမ်းလျှောက်ရင်း အော်ကြီး ဟစ်ကျယ် စကားတွေများလာကြ၏။ အိမ်ခြံ (ငါး) ခြံခန့် ကျော် လွန်လာသောအခါ သူက သူမကို ဆောင့်တွန်းလွှတ် လိုက် ရင်း. . .

"မင်းသေမှာစိုးလို့ ငါပြောနေတာ၊ ငါသေမှာ ကြောက် လို့မဟုတ်ဘူး ဟန်နီ၊ မင်း ဒီလောက်တောင်ဖြစ်နေရင် ငါ တစ်ယောက်တည်းပြန်သွားပြီး အဲ့ဒီလူတွေကို ရင်ဆိုင်မယ်၊ ဖြစ်ချင်တာဖြစ် တစ်ဖောက်ကန်း၊ ကာစ်ထုတ်ပစ်မယ်၊ အခု လုပ်ရမလား၊ ပြော. . . ပြောလေ. . . ပြော"

သူဒေါသနှင့် ပြန်အော်ပစ်လိုက်သောအခါ သူမ အသာ ငြိမ်သွား၏။

ပြီးလျှင် မိန်းမသားတို့နိုင်စားရာ နှုတ်ရေး စွမ်းရည်ကို ပြသလေတော့သည်။

"ဘာသေစရာ အကြောင်းရှိသလဲ၊ သူတို့ လိမ်ချင်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းလုပ်လို့ ရမလား၊ ကျွန်မတို့ကို အန္တရာယ်ပြုရင် သူတို့လည်း ဥပဒေရဲ့ စီရင်မှုကို ခံသွားရမှာပေါ့၊ ကြောက်မုန်းသိရင် ပိုခြောက်ချင်တဲ့ ညဉ့်မျိုး အဲ့ဒီလူတွေမှာ ရှိနေတာ ရှင်မသိပေမဲ့ ကျွန်မသိတယ်၊ အမှောင်လောကက လူဆိုး လူမိုက်တွေကို အလင်းထဲက လူက ဘာမှ တုန်လှုပ်နေစရာ အကြောင်းမရှိဘူး။

သူတို့ မဟုတ်တာလုပ်တာကို လက်ပူးလက်ကြပ်မိအောင် ဖမ်းပစ်ရမယ်။ ရက်စက်တဲ့ လူစားတွေ ငရဲပို့မယ့် အရေးမှာ ရှင်ဟာ သခင်ကိုချစ်တဲ့ခွေး လောက်တောင် သတ္တိမရှိဘူး''

''ဟန်နီ''

သူ့အော်သံ ထစ်ချုန်းသံ ပေါက်သွား၏။ ဟန်နီက ဆတ်ခနဲ တစ်ဖက်ကို မျက်နှာလွှဲပြီး အပီအပြင် ခါးသက်နေ၏။

''မင်း ငါ့ကို စော်ကားတာလွန်ပြီ၊ မင်းဒီနေရာကနေ လှည့်ပြန်တော့၊ ငါသွားတွေ့မယ်၊ အခုပဲသွားမယ်၊ မင်းသိပ်ရှိုင်းတယ်ကွာ၊ ခွေးနဲ့နှိုင်းတဲ့အထိ ငါ့မှာ အစော်ကားခံရတာ. . . တောက်''

''ရှင်အခုမှ သူခိုးပြေးမှ ထိုးခွင်းထသလို လုပ်ပြ မနေနဲ့၊





ကျွန်မက ပညာရှိနည်းနဲ့ ထပ်စုံစမ်းမှာ၊ ပညာမဲ့နည်းနဲ့ သွားပြီးရန်လိုမှာ မဟုတ်ဘူး၊ စိတ်ထဲကပါလို့ နှိုင်းတာ မဟုတ်ဘူး၊ ရိုင်းသွားတယ် ထင်တော့လဲ ကျွန်မဒေါသနဲ့ ပြောမိတဲ့အပေါ်မှာ စိတ်မကောင်းပါဘူးလို့ ဝမ်းနည်းစွာ တောင်းပန်ပါတယ်။ ရှင်နဲ့ ဒီလမ်းပေါ်မှာ ဒီလိုပဲ ဆက်အော်နေလို့ မကောင်းတော့ဘူး လာ. . . လမ်းဆက်လျှောက်ကြရအောင်''

နှင်းမှုန်ရီ နီယွန်မီးရောင်အောက်မှာ ဒေါသတွေ လည်မျိုထဲ အတင်းပြန်မျိုသိပ်ရင်း နှစ်ကိုယ်တူ လမ်းလျှောက် ဖြစ်တယ်၊ (၂) ဦးစလုံး နောက်ကြောင်းမအေး။ စိတ်မချ။

နောက်မှလာသော မီးရောင်တွေ့လျှင် မသိမသာနှင့် ကြည့်ကြတာ အန္တရာယ် ဟုတ်မဟုတ် စစ်ဆေးရတာလည်း သတိတစ်ခု ဖြစ်သည်။

သတိကို လက်လွှတ်၍မရ။ နောက်ကြောင်းမအေး။ ထိုနေ့မှ နှင်းတွေ ပိုမိုသည်းကျသလို ထင်ရပြန်၏။

ထိုစဉ်မှာပင် ကားတစ်စင်း ခပ်ကြမ်းကြမ်း မောင်းချလာသံ ကြားလိုက်ရ၏။

သူနှင့်သူမ ပလက်ဖောင်းပေါ် လျှောက်နေရသော်လည်း မောင်းလာသော ကားစက်သံခပ်ပြင်းပြင်းကို စိတ်မချ။



www.burmeseclassic.com

www.burmeseclassic.com



အသာငဲ့ကြည့်လိုက်သောအခါ ကားဦးက သူနှင့်သူမထံ ပြေးဝင်လာနေပြီ။

ဘေးကွယ် အုတ်နံရံခံနေသဖြင့် သူနှင့်သူမတို့ မပြေးနိုင်လျှင် ဤနေရာမှာပင် ညှပ်တိုက်ခံရနိုင်၏။

သူက သူမလက်ကိုဆွဲပြီး မိုးရိမ်စိတ်ဇောဖြင့် ရှေ့က အတင်းပြေး၏။ ကားက သူတို့ထက်ပိုမြန်ပြီး သူနှင့်သူမ ရောက်နေရာ ပလက်ဖောင်းအစပ်မှာ ပါဝါစတီယာရင်ဖြင့် အသာကွေ့ထွက်သွားပြီး။ သူတို့ရှေ့မှာ "ကျွီ" ခနဲ ထိုးရပ် လိုက်၏။

ကားပေါ်မှ နင်းဂျားဝတ်စုံလို ဝတ်စုံဝတ်ထားသည့် လူငါးယောက် ဆင်းချလာကြ၏။ ကားပ[illegible] ပွင့်သွားပြီး အဆောတလျင် ဆင်းချလာသူတွေက သူနှင့် သူမကို ပိတ်ဆို့ဝိုင်းထား လိုက်ကြ၏။

သတ္တိကောင်းသည်ကို သဘောကျသော သူမမှာ ယုန်သူငယ်လေးပမာ ပုဝင်ပြီး သူ့ကို အားကိုးတကြီး တွယ်ကပ်လာတော့တယ်။ ဖြစ်ချင်တာဖြစ် အသေအကြေ တုံ့ပြန်တိုက်နိုက်ဖို့ သူ ဆုံးဖြတ်လိုက်ပြီ။

"ဒါ ဘာလုပ်တာလဲ"

ဒီလိုမေးလိုက်တော့ တစ်ယောက်က ထရယ်၏။ လူနှစ်





ယောက်မှာ သူနှင့် မတိမ်းမယိမ်းအရွယ်ရှိပြီး၊ ကျန်သုံးယောက်မှာ အနည်းငယ် ကိုယ်ထည်သေးကွေးသည်။

မတိမ်းမယိမ်း (၂) ယောက်ထဲက တစ်ယောက်က လက်ပိုက်ပြီး ဟားတိုက်ရယ်မောပြန်၏။

ကျန်တစ်ယောက်က လည်ပင်းညှစ်ထားသံမျိုးနှင့်–

"မင်းတို့နှစ်ယောက် ငါတို့ခေါ်ရာကို အသာတကြည်နဲ့ လိုက်ခဲ့ကြ"

"ဘာလို့ လိုက်ရမှာလဲ၊ လာရှူးမနေနဲ့ ကိုယ့်လမ်းကိုယ်သွားကြ"

"မင်း တော်တော်သတ္တိကောင်းပါလား၊ ငါတို့က မကြမ်းချင်တာကို ကြမ်းရအောင် လုပ်နေတယ်ပေါ့. . . ငါတို့ ဒေါသမထွက်ခင် လိုက်ခဲ့"

ငါးယောက်နှင့်နှစ်ယောက် သူ ဉာဏ်ကူ စဉ်းစားလိုက်ပြီး ခေါင်းဆောင်ဖြစ်ဟန် တူသူကို–

"နေပါဦး ငါတို့က ဘယ်ကို လိုက်ရမှာလဲ"

"ရွှေနံ့နက်ခင်းကို လိုက်ရမယ်"

သူနှင့်သူမ အံ့ဩသွားကုန်ကြသည် သူက –

"အကြောင်းက. . ."



www.burmeseclassic.com

www.burmeseclassic.com



"အပြွတ်ဝါးဖို့"

သူ သဘောပေါက်သွား၏။ သူမ သဘောမပေါက်သေးလို့ သူ့လက်မောင်းကို တင်းတင်းဆုပ်ကိုင် ထားနေဆဲပင်။ သူက–

"ဒါဆိုလဲ သွားကြမယ်လေ"

"အို. . . ရှင် ဘယ်လိုပြောလိုက်တာလဲ ဘယ်ကလူတွေမှန်းမသိဘဲ သူတို့ခေါ်ရာကို လိုက်သွားရမှာလား"

"လိုက်သင့်လို့ လိုက်တာဘဲ ဘာဖြစ်လဲကွာ"

သူတို့ ဝိုင်းရန်ပြုမှာကို ရှင်လန့်ကြောက်ပြီး လိုက်သွားမလို့လား၊ ကျွန်မ မလိုက်နိုင်ဘူး၊ သူတို့လက်က လွတ်အောင်ထွက်ပြေးရမှာပဲ"

ဒီမှာတင် နင်းဂျားတစ်ယောက်က–

"မိန်းကလေး တယ်လဲ ခေါင်းမာနေပါလား"

နင်းဂျား ခပ်ရွယ်ရွယ်တစ်ယောက်ကလဲ ဝင်ခြောက်ပြန်တယ်။

"ဒီမိန်းကလေး ပျော့ပျောင်းသွားအောင် လုပ်ပေးရမယ်ကွ"

အဲ့ဒီ ပြောသံကို ကြားဖူးနားဝ ရှိပုံနဲ့ ဟန်နီက နင်ဂျာ





တွေကို လက်ညှိုးထိုးရင်း–

"နင်. . . နင်တို့. . . နင်တို့. . . ခုနပြောတာ မာဆွေ့အသံပဲ ဟုတ်တယ်. . . ကြည့်စမ်း ကြည့်စမ်း တမင်သက်သက်လုပ်ကြတယ်ပေါ့လေ၊ ရင်ကို ထိတ်သွားတာပဲ၊ ကောင်မတွေအခု မျက်နှာဖုံးတွေ ချွတ်လိုက်ကြစမ်း"

ထိုအခါကြမှ နင်းဂျားတွေ အသီးသီး တဟားဟားနှင့်ပျော်မြူးခုန်ပေါက် အူနှိပ်လှောင်ပြောင် ရယ်မောကုန်ကြ၏။ မျက်နှာဖုံးစွပ်တွေ ချွတ်လိုက်တော့မှ–

မောင်လွှကား၊ ဖေဖြိုး၊ မာဆွေ၊ ခင်မိုးဝါ၊ မေသဇင်မိုးတို့ဖြစ်နေကြ၏။ ရယ်မောလှောင်ပြောင်ခြင်းကို အဆုံးမသတ်နိုင်ကြသေး။

သူမက အားလုံး လိုက်ထု ဆွဲဆိတ် တွန်းထိုး ပစ်လိုက်တော့မှပဲ ရယ်သံတွေ စဲကုန်ကြ၏။

"နင်တို့ကြောင့် ငါတို့မှာ လန့်သေတော့မယ်။ ဒီလောက်အထိ လိုက်ဒုက္ခပေးကြတာ ဘာသဘောလဲ"

သူမရဲ့ အမေးကို မောင်လွှကားက ပြန်ဖြေ၏။

"နင်တို့ (၂) ယောက်ကို စိတ်မချလို့ ကူညီစရာ [illegible] ကူညီရအောင်လို့ပါဟာ"



www.burmeseclassic.com

www.burmeseclassic.com



မာဆွေက–

ရှင်တို့နောက်က လိုက်နေတာ၊ ဟိုအိမ်ရှေ့မှာ ဘယ်သူတွေနဲ့ စကားပြောနေတာလဲ၊ ကျုပ်တို့ ခပ်လှမ်းလှမ်းမှာ ကားရပ်ပြီး ကားထဲက ထိုင်ကြည့်နေကြတာလေ"

"အဲ့ဒီအိမ်က နေမိုးသစ်နဲ့ပေါ့၊ သူ့အိမ်နဲ့ သူတို့အကြောင်း မစုံစမ်းဖို့ ခြောက်လှန့်လွှတ်နေတာလေ"

ခင်မိုးဝါက–

"နင်တို့ကလဲ သူကိုသိအောင် သွားချောင်းတာကိုး"

သူမက–

"ဒီလိုလဲ ဘယ်ဟုတ်မလဲ သူတို့ ကိုယ်၌က တို့လာမယ်ဆိုတာကို ကြိုသိသလို ချောင်းနေလို့ မိသွားရတာ၊ တော်သေးတယ်၊ ခြံအပြင်မှာမို့လို့ပေါ့"

မေသဇင်ဖူးက–

"ရှင်တို့ ကမြင်းကြောကချင်တာနဲ့ ဒီဝတ်စုံတွေကို ကျုပ်က ငွေစိုက်ထုတ်ပြီး အော်ဒါချုပ်ပေးခဲ့ရတာနော်၊ နောက်နောင် စားဝိုင်းမှန်သမျှ အလှည့်ကျရှင်းရမဲ့အထဲက ကျုပ်ကို မထည့်နဲ့၊ ဟန်နီတို့ရဲ့ အရေးအကြောင်းကြီးကလည်း ဘယ်ပြော့ပြီးမယ်ဆိုတာ မသိရသေးဘူး၊ ညအမှောင်မှာ ဝေဟာန်နဲ့





ဟန်နီ အဲ့ဒီအိမ်ကြီးထဲ နိုးဝင်ပြီး စုံစမ်းရင် ဒီဝတ်စုံတွေက အရေးပါ အသုံးဝင်လာမှာ"

ဟန်နီက–

"ရှင်တို့ ဒီဝတ်စုံတွေ ဝတ်ထားလျက်သားနဲ့ အဲ့ဒီခြံကြီးကို မှောင်ရိပ်ခိုပြီး ဝင်လေ့လာကြည့်ကြပါလား။ လန့်ပြီးပခုံးတွန့်ပြမနေနဲ့ ဒီတစ်ခါ ရှင်တို့အလှည့် ဖြစ်သင့်နေပြီ. . . ဟွန့်"

မောင်လွဏ်းက–

"မလုပ်ပါနဲ့ ဟန်နီရယ် ကျားဖင်ပြေးနှိုက်ဆို နှိုက်မယ်"

ဝေဖြိုးက–

"အဲ့ဒီအိမ်ကြီးက လူတွေက ဟန်နီနဲ့ ဝေဟာန် ပြောပုံအရဆိုရင် ဒရက်ကူလာလိုခေါ်တဲ့ သွေးစုပ်ဖုတ်ကောင်လိုလိုလူ သားစားတဲ့ လူယောင်ဆောင် မိစ္ဆာကောင်ကြီးတွေလိုလိုနဲ့ လန့်စရာကြီးပါဟာ"

ခင်မိုးဝါကတော့. . .

"ကဲပါ. . . အဲ့ဒါတွေ အသာထား၊ ကားပေါ်တက်ကြ ရွှေနံ့နက်ခင်းဆီ သွားကြမယ်လေ"

ဒီလိုနဲ့ ကားနဲ့ပြန်ထွက်ဖြစ်ကြ၏။ သွေးစုပ်ဖုတ်ကောင်လိုလို မိစ္ဆာကောင်တွေနေတဲ့ ခြံကြီးရှေ့က ကားဖြတ်လာတော့–



www.burmeseclassic.com

www.burmeseclassic.com



ခြံတံခါးကြီးပိတ်လျှက်သား–

ခြံဝင်းထဲမှာ မိန်းတထိန်ထိန် ထွန်းလျှက်သား–

လူရိပ်လူယောင် တချို့ကိုလည်း ရိပ်ခနဲ ရိပ်ခနဲ မြင်လျှက်သား–

ရွှေနံနက်ခင်းမှာ နံနက်စာ ဝင်ကျွေးဖြစ်ကြစဉ် အိမ်ကြီးအကြောင်းကိုသာ အလေးပေးပြီး ပြောကြားဝေဖန် ငြင်းခုံဖြစ်ကြ၏။

နေမိုးသစ်ရဲ့ ပုံစံ ဟန်ပန်၊ ပြောဆိုဆက်ဆံမှု အကြောင်းတွေ ထပ်နေအောင်ပြောတဲ့ ဟန်နီကြောင့် သူမှာ တွေဝေငေးမောသွားမိ၏။

ဟန်နီတစ်ယောက် အဲ့ဒီအိမ်ကြီးကို စိတ်ဝင်စားနေရာက နေမျိုးသစ်အပေါ်မှာပါ ဝင်စားစိတ် သွင်းလိုက်မိလေပြီလား။

သူ့အာရုံထဲမှာလဲ အိမ်ကြီးအတွင်းမှာ တွေ့ခဲ့ရသည့် ခပ်လှလှ မိန်းမရဲ့ ပုံစံကို ပြန်လည်မြင်ယောင် လာမိ၏။

ဆံပင်ရှည်ကြီးတွေ အုပ်လုံးသိမ်း နောက်လှန်ချထား၏။

နဖူးပြောင်တင်းတင်း။

နှာတံစင်းစင်းသွယ်သွယ်နှင့် မိန်းမလှ။





ထိုမိန်းမလှလေးက သူ့ကို တည့်တည့်ကြီး စိမ်းစိမ်းစူးစူး စိုက်ကြည့်နေသလို ကြည့်နေခဲ့တာ သူ့အမှတ်ရမိပြန်၏။ အဲ့ဒီအကြည့်ကို သူ့ အသိစိတ်ထဲက ဘယ်လိုမှ မေ့ပျောက်လို့ ရမယ်မထင်တော့။

သွေးရောင်တွေ လွှမ်းဖြာသွားသော အတွေးတွေကို 'ဖျတ်'ခနဲ ပြန်ရုပ်သိမ်းလိုက်စဉ်–

"ဟန်နီ့အထင်တော့ မိန်းမလှလေးတွေကို ဖျားယောင်းသွေးဆောင် လိမ်ညာ လှည့်ပတ်ခေါ်ပြီး ရက်ရက်စက်စက် လက်စဖျောက်ပစ်နေတဲ့ လူယုတ်မာတွေလို့ပဲ ထင်တယ်။ ဘာရည်ရွယ်ချက်နဲ့ လုပ်နေသလဲတော့ မပြောတတ်ဘူး။ ဟန်နီတော့ အဲ့ဒီလိုပဲ ထင်တယ်"

ဟန်နီ့စကားသံကြား၍ နေမိုးသစ်အပေါ် ဝန်တိုစိတ်တွေ ပါးကျသွားရပြန်၏။ သို့ငြား ဟန်နီ့စကားကြောင့်ပင်၊ စိတ်မကောင်းခြင်းတွေ ရင်ထဲ တဒိတ်ဒိတ် လွှမ်းမိုးခံလိုက်ရပြန်၏။

"ဝေဟန်တို့တွေ့ခဲ့တဲ့ မိန်းမလှလေးဆိုတာ အဲ့ဒီလူယုတ်မာတွေရဲ့ သားကောင်ဖြစ်နိုင်တယ်။

အခုနောက်ပိုင်း အဲ့ဒီမိန်းကလေးကို မတွေ့ရသော့တာသာ ကြည့်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



သူကလွဲရင် (အသံထွက်၊ ခေါင်းညိတ်) ထောက်ခံသူတွေချည်းပင်၊ သူကတော့ မထောက်ခံချင်ပါ၊ ကန့်ကွက်နိုင်စွမ်းလဲ မရှိပါ။



## အခန်း (၈)

သရဲဆိုတာ ညဘက်မှာသာ ခြောက်ကြတာများပါတယ်။ နေ့ဘက်မှာတော့ ခြောက်တာ နည်းပါတယ်။

နေ့ဘက်မှာ သရဲအခြောက်ခံချင်ရင်တော့

ပျော်စရာကစားကွင်းတွေမှာ

သရဲခြောက်သောအိမ်ကြီးတို့

သရဲရထားတို့

သရဲလိုဏ်ခေါင်းတို့

သရဲဝက်ဘာစ်အိမ်တို့လိုတွေမှာ ဝင်ခငွေကြေးပေးပြီး သွားကြည့်မှသာ ရပါလိမ့်မယ်။

ဝေဟာန်၊ မောင်လွှဏ်း၊ ဖေဖြိုး၊ မာဆွေ၊ ခင်မိုးဝါ၊



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီ၊ မေသဇင်ဖူးတို့ ခုနစ်ယောက်အဖွဲ့မှာတော့ နေ့ခင်းကြောင်တောင် အုပ်စုလိုက်ကြီး သရဲတစ္ဆေ ခြောက်လှန့်တာကို ထိတ်လန့်သွေးပျက်ဖွယ်ရာ ခံစားခဲ့ကြရတယ်။

သရဲဆိုတာ ညဘက်ခြောက်တာတောင် တစ်ယောက်တည်း အားတငယ်ငယ်နဲ့ ရှိနေတဲ့အခါမျိုးမှ ရွေးခြောက်ကြတာပါ။

လူအုပ်စုကြီးရှိနေရင် ခြောက်ဖို့ခဲယဉ်းကြတယ်။

နေ့ခင်းကြောင်တောင်၊ လူခုနစ်ယောက် ရှိချိန်မှာ ခြောက်လှန့်ခံရတော့ အတော်ထူးဆန်းတဲ့ဖြစ်ရပ်လို့ပဲ သိပ္ပံနည်းကျ ဆန်းစစ်အဖြေထုတ်ရပေလိမ့်မယ်။

သူတို့အဖွဲ့ သာကေတဖက်က စက်ရုံဟောင်းကြီးတစ်ခုထဲကို နေ့ခင်းဘက်ကြီး ရောက်ရှိသွားကြတယ်။

အားလုံးရဲ့ စုပေါင်းစပ်ပေါင်းငွေနဲ့ စတူဒီယိုကြီးတစ်ခု ထူထောင်မလို့ပေါ့။ ချစ်ခင်လက်တွဲနေကြတဲ့ လူပျိုလူလွတ်၊ အပျိုစင်တွေမို့ ကိုယ်ပိုင်စီးပွားရေးကို ထူထောင်ချင်လို့ သွားကြည့်ကြတာပါ။

မောင်လွင်ဏ်းက သော့ကိုမြှောက်ရင်း

"ပိုင်ရှင်က ငါ့ကိုယုံတယ်. . . စိတ်ကြိုက်ဝင်ကြည့်ဖို့





သော့ပေးလိုက်တယ်. . . ဒီမှာသော့"

မာဆွေနဲ့ ခင်မိုးဝါက

"ဟဲ့. . . ငါတို့ ဟိုရှေ့နားက မုန့်ဆိုင်လေးမှာ သကြားလုံး သွားဝယ်တော့ မုန့်ဆိုင်က မိန်းမကြီးက ငါတို့ကို စပ်စုလိုက်တယ်ဟဲ့"

"ဟုတ်တယ်. . . ဒီစက်ရုံဂိုဒေါင်ဟောင်းကြီးထဲ လာတာ ဝယ်မလို့လား ငှါးမလို့လားတဲ့၊ ဒီဟာကြီးကို ပိုင်ရှင်က ရောင်းလို့ရရင်ရောင်းမယ်. . . ငှါးလို့ရရင် ငှါးမယ်လို့ ပြောသံကြားထားလို့ပါတဲ့. . . ပွဲစားမအာပ်ဖူးနဲ့တူတယ်တဲ့"

ဇေဖြိုးက. . .

"နင်တို့ကတော့ အရှုပ်ထုပ်တွေလုပ်လာပြီ"

"အဲ့ဒီလို စုံစမ်းမှ အကြောင်းစုံသိရမှာပေါ့ဟဲ့. . . နင်ဘာသိလို့လဲ. . . ဒီဂိုဒေါင်ဟောင်းကြီးရဲ့ သမိုင်းကြောင်းကို ငါတို့ သိလာခဲ့ရပြီ"

"ဘာသိတာလဲ. . . သမိုင်းအကြောင်း သိချင်တာများ သမိုင်းလမ်းဆုံသွားလိုက်ရင် ပြီးရောပေါ့"

"နင် နောက်မနေနဲ့. . . ဒီစက်ရုံကြီးက သရဲအရမ်းခြောက်တာတဲ့၊ အဲ့ဒါကို ပြောပြလိုက်တာယ်"



www.burmeseclassic.com

www.burmeseclassic.com



မာဆွေက အဲ့ဒီလိုပြောတော့ ဖေဖြိုးက

''ဟုတ်လို့လားဟာ''

''ဟုတ်ပါတယ်ဆိုနေမှ''

မောင်လွှဏ်းက

''မုန့်ဆိုင်ကမိန်းမကြီး ပြောလိုက်တာလား''

''ဟုတ်တယ်''

''ဒါများ. . . အဲ့ဒီမိန်းမကြီးက ပွဲစားလုပ်စားနေတာ၊ သူ့ကို သော့မအပ်လို့ သူပွဲစားမလုပ်ရတာနဲ့ ဒီကိုဒေါင်ကြီး မကောင်းကြောင်းကို လုပ်ကြံပြောနေတာပါဟာ''

''ဟဲ့. . . နင်တို့ကလည်း. . . အဲ့ဒီအဒေါ်ကြီးက စေတနာနဲ့ ပြောတာပါ''

''အဲ့ဒီစေတနာကြီးက လန့်စရာကြီးဟ''

''နင်တို့မယုံလည်းနေဟာ. . . ငါတို့ကတော့ ဒီကိုဒေါင်ကြီးနား ကပ်မိတာနဲ့ ကျောချမ်းနေပြီ. . . အကျယ်ကြီးရယ် ဒီကိုဒေါင်ကြီးကလဲ''

''အဲ့ဒါမှ စတူဒီယိုအခန်းတွေ အများကြီး လုပ်လို့ရမှာပေါ့. . . ရုပ်ရှင်ရိုက်ဖို့ ငှါးမယ်၊ အသံသွင်းဖို့ ငှါးမယ်၊ ဘယ်လောက်အဆင်ပြေသလဲ. . . ဆက်တင်တွေ အထဲမှာ အများကြီး





ဆောက်လို့ရတယ်''

မောင်လွှဏ်းက စိတ်ကူးယဉ်ပြီး မြင်းအိုးပေါက်သလို တဖွတ်ဖွတ် ပြောနေလေရဲ့။ ဖေဖြိုးက သော့ယူပြီးဖွင့်တယ်။ သော့က သံချေးတွေတက်နေလို့ တော်တော်နဲ့ ဖွင့်မရဘူး။

''အုန်းဆီလေးဖြစ်ဖြစ် ထည့်မှရမယ်ကွ''

''ဘယ်မှာလဲ အုန်းဆီ''

''ရှေ့ကမုန့်ဆိုင်မှာ ရှိတယ်ဟဲ့''

''အဲ့ဒါဆို သွားဝယ်လေဟာ''

သူဆိုတဲ့ ဝေဟာန်က ပြောလိုက်တော့ ဖေဖြိုးက

''ငါပဲသွားဝယ်မယ်. . . သူတို့သွားဝယ်ရင် စကားရှုပ်လာဦးမယ်''

ဖေဖြိုးက သွားဝယ်တယ်။ သူပါလိုက်သွားတယ်။ မုန့်မျိုးစုံတင်ရောင်းတဲ့ ကွမ်းယာဆိုင်ကလေးရှေ့ ရောက်တော့. .

''အုန်းဆီရှိလား အန်တီ''

''အုန်းကြည်လား မရှိဘူးကွဲ့. . . သူက ပွဲစားလုပ်စားရင်း သေသွားပြီ. . . မအေးသန်း ဆိုတဲ့ ကျွန်မပဲရှိတော့တယ်၊ ကျွန်မလဲ ပွဲစားပဲ. . . ဒီကိုဒေါင်ကြီးကို မောင်လေးတို့ ငှါးကြမယ့်လူတွေလားဟင်''



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ အလိုက်အထိုက်ပေါ့။

"ဟုတ်ပါတယ်. . ."

ဖေဖြိုးက ခေါင်းကို တချင်းချင်းကုတ်ရင်း . . . . .

"အုန်းကြည်ကိုမေးတာ မဟုတ်ဘူး. . . ဆံပင်လိမ်းလို့ ရတဲ့ အုန်းဆီ အုန်းဆီဗူးလေးတွေကို ပြောတာ"

"ဪ ဟော်ဟော်. . . ဒါလား. . . ရှိသပေါ့ရှင်. . . ဟော့ဒီမှာရော့. . . ဘယ်နှစ်ဗူးယူမှာလဲ"

"နှစ်ဗူးလောက်ပါ"

ဖေဖြိုးက အုန်းဆီဗူးလေးတွေ ဝယ်လိုက်တယ်။ တစ်ထောင်တန်ပေးတာကို အကြွေပြန်အမ်းရင်းနဲ့. .

"အဲ့ဒီဂိုဒေါင်ကြီးက သရဲအရမ်းခြောက်တာကွဲ့"

"ဟုတ်လား. . . ကျွန်တော်တို့အဖွဲ့က သရဲမကြောက်ကြဘူး. . . ဒါနဲ့ သရဲက ဘယ်လိုခြောက်တာလဲ"

"အမျိုးမျိုး ခြောက်တာပေါ့ကွယ်"

"အတိအကျ သိချင်တာ"

"အဲ့ဒီမှာ အစောင့်မထားနိုင်တာပဲ ကြည့်ပေတော့. . . အစောင့်ထားခဲ့ဖူးတဲ့ မောင်ဝင်း ဆိုရင် ကုတင်ပေါ်ကနေ ဆောင့်ဆွဲချတာ. . . နာရင်းတောင် ခဏခဏ အအုပ်ခံရတယ်၊ ဒါ





တောင် သရဲမကြောက်တဲ့ မောင်ဝင်းမို့လို့ပေါ့. . . ကြောက်တတ်တဲ့လူသာဆိုရင် လိပ်ပြာလွင့်ပြီး သေသွားနိုင်တယ်"

"ဒါဆိုရင်တော့ အဲ့ဒီမောင်ဝင်းကို ခြောက်တာ သရဲမဖြစ်နိုင်ဘူး. . . မောင်ဝင်းကို စ,နောက်ချင်တဲ့ လူတစ်ယောက်ယောက် ဖြစ်လိမ့်မယ်၊ ဒါမှမဟုတ် တစ္ဆေပဲ ဖြစ်လိမ့်မယ်၊ တစ္ဆေတွေကလဲ လူ့ဇတွေကို ကံနိမ့်လွန်းတဲ့လူတွေကို ထိတွေ့ရိုက်ပုတ် နပန်းလုံးနိုင်ကြတယ်၊ သရဲတွေကတော့ ခြောက်လှန့်ရုံပဲ ခြောက်လှန့်နိုင်တယ်. . . ကိုယ်ထိလက်ရောက် ဘာမှမလုပ်နိုင်ကြဘူးတဲ့"

"သိပါဘူးတော်. . . ပြူးပြူးပြဲပြဲတာကလဲ မျက်လုံးတစ်လုံးကို ထန်းသီးလောက်ရှိသတဲ့၊ လျှာကလဲ ဆယ်တောင်လောက်တောင် ရှည်သတဲ့၊ ခေါင်းကြီးတွေ ကြီးတာများ ပုတ်လောက်ကြီးတဲ့. . . အမလေး ပြောရင်းနဲ့တောင် ကြက်သီးထတယ်"

"အဒေါ်ကြီးကလဲ. . . လူတွေက ချဲ့ကားပြောကြတာပါဗျာ"

"အဲ့တော်. . . အဟုတ်. . ကျုပ်တောင်မှ ညနေ ငါးနာရီခေါင်ခနဲထိုးတာနဲ့ ဆိုင်သိမ်းပြီးသား၊ ကြောက်လို့၊ ဒီကလေးတွေတော့ ဂဃနဏ မသိဘဲနဲ့၊ ဒုက္ခ [illegible] ်ခုနိုတော့မှာပဲ. . . အဲ့ဒီ



www.burmeseclassic.com

www.burmeseclassic.com



ဂိုဒေါင်ကြီးကို ငှါးလဲမငှါးနဲ့၊ ဝယ်လဲမဝယ်နဲ့၊ ကျုပ်ကပွဲစား. . . အကုန် အကြောင်းသိတယ်''

ဒီမှာတင် ဖေဖြိုးက ပြန်အမ်းငွေကို ဘောင်းဘီထဲ ထိုးထည့်ရင်း

''အန်တီကြီးကို ဒီဂိုဒေါင်သော့အပ်ပြီး ပွဲစားမလုပ်ခိုင်းလို့ ဒီလိုစကားမျိုးတွေ ပြောတာရော မဖြစ်နိုင်ဘူးလား''

''အလိုလေးလေ. . , ကျုပ်စေတနာကို စော်စော်ကားကား၊ ဒီဟာကြီး ငှါးစားလို့ ပွဲခမရတော့ရော ကျုပ်အတွက် ဘာအရေးလဲ. . . ကျုပ်စီးပွားနဲ့ကျုပ် တခြားအိမ်တွေ ပွဲစားလုပ်ပြီး စားနိုင်လိုက်တာမှ နေသာသပ လေ[illegible]ပါတော်. . . အေးလေ. . , တော်လေးတို့တာသာ မယုံချင်လဲနေကြ၊ လက်တွေ့သာ ဝင်ကြည့်ကြပေတော့. . . ကျုပ်ပြောမိတာ မှားပါတယ်တော်၊ ဒါမျိုးပေါ့. . . စေတနာတွေ ဝေဒနာဖြစ်ရတယ်ဆိုတာ''

သူ(ဝေဟာန်)က မျက်ရိပ်ပြလိုက်လို့ ဖေဖြိုးလဲ ပခုံးတွန့်ပြီး ပြန်လှည့်လာတယ်။ လမ်းမှာ . . .

''လူတစ်ယောက်က အကြောင်းမဲ့[illegible]တော့ ဒီလိုပြောမှာ မဟုတ်ဘူးကွ. . . စေတနာနဲ့ ပြောတာဆိုရင် အားနာစရာကြီးကွာ. . . ပြီးတော့. . . ဒီဂိုဒေါင်ထဲကို ငါတို့ သတိထားပြီးဝင်တာ





ကောင်းတယ်. . . တို့က သူစိမ်းတွေလေ၊ ဒီပတ်ဝန်းကျင် ဒီဂိုဒေါင်ထဲက နေသားတကျ ရှိမှုတွေနဲ့ဆို ငါတို့ဟာ အစိမ်းသက်သက်တွေ. . . သတိဆိုတာ ပိုတယ်မရှိဘူး၊ လိုတယ်ပဲရှိတယ်ကွ''

''လျှောက်ယုံနေပြန်ပြီ. . . လေတယ်ကွာ. . . မင်းကတော့''

ဖေဖြိုးက တံခါးပေါက်မှာခတ်ထားတဲ့ အာမခံသော့ပေါက်ထဲကို အုန်းဆီတွေ လောင်းထည့်နေလိုက်တယ်။ မာဆွေက

''ဝေဟာန်. . . အဲ့ဒီအဒေါ်ကြီး ဘာပြောလိုက်သေးသလဲ''

''ဒီထဲမှာ သရဲကော တစ္ဆေကော ရှိတယ်တဲ့''

''ဟယ်. . . အဟုတ်''

''မကြောက်ပါနဲ့ မာဆွေရယ်. . . ငါဆိုတဲ့ မောင်လွှတ်းရှိပါတယ်၊ ငါက သရဲကားမျိုးစုံ ကြည့်ထားလို့ သရဲမကြောက်တော့ပါဘူး၊ သရဲကို ငါပြန်ခြောက်ရဲပါတယ်''

''အားကိုးပါတယ် ကိုလွှတ်းရယ်''

''အားကိုးလိုက်ပါ မာဆွေလေးရယ်''

ဝေဟာန်က သူတို့နှစ်ယောက်ကြားကို လက်ဝါးနဲ့ ပိတ်ရိုက်လိုက်တော့ သူတို့ လန့်ပြီး ဖီးလ်တက်နေတာတွေ ပျက်ကုန်ကြရော။



www.burmeseclassic.com

www.burmeseclassic.com



"သော့ပွင့်ပြီဟေ့"

ရောမတံခါးကြီးတွေကို တွန်းဖွင့်ရတယ်။ အောက်မှာ ဘီးပါတယ်။ ဟိုဘက်ကိုတွန်း၊ ဒီဘက်ကိုတွန်းကြတာပေါ့။ တံခါးပေါက်ကြီးကဝင်လာတဲ့ အလင်းရောင်နဲ့ ဟိုး အပေါ်ဘက် လေဝင်ပေါက် မှန်ပြတင်းတွေက ဝင်နေတဲ့ အလင်းရောင်ကြောင့် သာ အထဲကို ရှင်းရှင်းလင်းလင်း မြင်နိုင်တာပါ။

ဒါပေမယ့် တချို့နေရာတွေ၊ အခန်းကန့်ထားတာတွေ၊ အပေါ်ထပ် အမှောင်ခန်းတွေကတော့ မလင်းမရှင်းနဲ့ပေါ့။

ခြေသံတွေကအစ ဖိနပ်ခွါသံတွေအဆုံး အထဲမှာ အသံလှိုင်းတွေ ပဲ့တင်ပျံ့နေတယ်။

"အကျယ်ကြီးပဲ. . . အထဲမှာ ထပ်ခိုးလို စင်မြင့်နဲ့ လူနေခန်းတွေလဲ ပါတယ်. . . အောက်ထပ်မှာလဲ စက်ပစ္စည်းအစိတ်အပိုင်းတွေနဲ့၊ အဲ့ဒါတွေ ဖယ်ရှားလိုက်ရင် တော်တော့်ကို ကျယ်သွားမှာဟ၊ အောက်မှာလည်း အခန်းတွေနဲ့နော်"

မောင်လွှတ်ဦးရဲ့စကားသံတွေ လှိုက်သံပေါက်ပြီး ပဲ့တင်ပျံ့နေလို့ ရှေ့စကား နောက်စကားတောင် ရောထွေးကြားကုန်ကြရတယ်။

ဖေဖြိုးက ရှူးဖိနပ် ခွာသံပေးပြီး အတွင်းထဲကို လျှောက်





ဝင်သွားတယ်။ မောင်လွှတ်ဦးက ဘယ်ဘက်အခြမ်း။ ဝေဟာန်က ညာဘက်အခြမ်းထဲကို လှမ်းဝင်သွားတော့ ခင်မိုးဝါက. . .

"ဟဲ့. . . ဟဲ့. . . ငါတို့ကိုလဲ စောင့်ခေါ်သွားဦးလေ ဟယ်"

"လာကြလေ. . . ငါ့နောက်ကို ဘယ်သူလိုက်မှာလဲ"

ဟန်နီက. . .

"ငါလိုက်မယ်. . . ကြောက်လို့ပါဟယ်"

မေသဇင်ဖူးကတော့. . .

"ငါကတော့ မကြောက်ဘူး. . . မောင်လွှတ်ဦးနောက်ကို လိုက်မယ်"

ခင်မိုးဝါက–

"ဝေဟာန့်နောက်ကို လိုက်မယ်ဟေ့"

သုံးဖွဲ့ ခွဲပြီး အတွင်းထဲကို ဝင်ကြည့်ကြတယ်။ ဒီအခိုက်မှာပဲ. . . . .

"ဟာ. . . မှောင်သွားပြီ"

"အေးဟ"

"ကျိမ်း"

"အောင်မလေး"



www.burmeseclassic.com

www.burmeseclassic.com



"အိုး. . . အမေ့"

"အင်းဟင်းဟင်း"

"တ. . . တံခါးကြီး ပိတ်သွားပြီ. . . ဘယ်သူလာပိတ်သွားတာလဲ. . . လုပ်ကြပါဦး"

မောင်လွှတ်းနဲ့ ဝေဟန်တို့ တံခါးမကြီးရှိရာကို အပြေးပြန်ကပ်သွားကြတယ်။ တံခါးမကြီးရဲ့ လက်ကိုင်ကွင်းနေရာကနေ အတင်းဆောင့်ဆွဲပြီး ပြန်ဖွင့်ကြတယ်။

ဘယ်လိုဆွဲဆွဲ ပြန်ဖွင့်လို့ကို မရတော့ဘူး။

ကျန်တဲ့အဖွဲ့တွေလည်း အနားကိုရောက်လာကြတယ်။ ဝိုင်းဖွဲ့ပြီး တံခါးဖွင့်လို့ရဲအောင် ဝိုင်းဆွဲကြတယ်။ မပွင့်ဘူး။ တုပ်တုပ်တောင် မလှုပ်ဘူး။

"အီးဟီးဟီး. . . လုပ်ကြပါဦး. . . အထဲမှာ ပိတ်မိကုန်ပြီ"

မာဆွေက အော်ငိုတယ်။ ခင်မိုးဝါက. . .

"အေးဟယ်. . . ငါတို့ ဘယ်လိုဆက်လုပ်ကြမလဲ"

မိန်းမတွေပီပီ တစ်ယောက်တစ်ပေါက် ကြွက်စီညံကုန်ကြတော့ မောင်လွှတ်းက ပိတ်ငေါက်လိုက်တယ်။

"တော်စမ်းပါဟာ. . . နင်တို့လုပ်တာနဲ့ ငါတို့ယောက်ျား





တွေပါ သွေးပျက်ကုန်လိမ့်မယ်"

အဲ့ဒီအချိန်မှာပဲ အောက်ထပ်အတွင်းခန်းထဲက သံသံချင်း ရိုက်ခတ်သံ တချွင်းချွင်း ပေါ်ထွက်လာတယ်။ အထဲမှာ သူတို့အဖွဲ့ကလွဲရင် ကျန်တဲ့သူတစ်ဦးဦး ရှိနေသလိုပဲ။

"ဒုံး"

"ဂွမ်း"

"ချလွမ်း"

"ချွင်း"

"အီး. . . အီး. . . ယီး. . . ယီး. . . ခီး. . . ခီး. . . ခွီး. . . ခွီး"

နောက်ဆက်တွဲ ညည်းတွားသံလိုလို၊ ဟီလာတိုက်သံလိုလို၊ ကြောင်မာန်ဖီသံလိုလိုကြီးကို ကြက်သီးမွေးညှင်းထလောက်အောင်ကို ကြားလိုက်ရတယ်။

"လုပ်ကြပါဦး. . . ဘာသံကြီးတွေလဲ. . . ကြောက်တယ်၊ အရမ်းကြောက်တယ်. . . ကယ်ကြပါဦး"

"ခင်မိုးဝါ တိတ်တိတ်နေစမ်း ဘာမှမကြောက်နဲ့ ငါတို့ရှိတယ်. . . အသာနေ ငြိမ်နေ. . . ငါသွားကြည့်မယ်"

ဝေဟန်က တစ်ယောက်ထဲ ရှေ့ထွက်တယ်။ ဖေဖြိုးက



www.burmeseclassic.com

www.burmeseclassic.com



"ငါလဲလိုက်မယ်. . . ဒါ မသက်ာဘူး၊ မှန်ဆိုင်က အဒေါ်ကြီးက သူ့လူတွေငှါးပြီး ငါတို့ကို တမင်ကြောက်အောင် ခြောက်လှန့်တာပဲ ဖြစ်လိမ့်မယ်"

မောင်လွှတ်းကပါ လိုက်မယ်လုပ်နေလို့ ကောင်မလေးတွေက ဝိုင်းဆွဲထားကြရတယ်။ ဒါနဲ့ပဲ ကောင်မလေးတွေ အနားမှာ မောင်လွှတ်း အသာရပ်နေလိုက်ရတယ်။

အဲ့ဒီအချိန်မှာပဲ

"ဝုန်း. . . ဒိုင်း. . . ဝုန်း. . . ဒိုင်း. . . ဖုန်း. . . ဖောင်း"

❋ ❋ ❋ ❋



## အခန်း (၉)

ဘယ်လောက်အံ့ဩဖို့ကောင်းတဲ့ကိစ္စမျိုးပါလဲ။ စက်ပစ္စည်းအဟောင်းပုံကြီးထဲက စက်လည်ပတ်သံတွေ ထွက်ပေါ်လာတာကြောင့် အတွင်းမှာရှိတဲ့လူအားလုံး ကြက်သေသေသွားမိတယ်။ တုန်လှုပ်ချောက်ချားစိတ်နဲ့ ကွဲနေတဲ့အုပ်စုတွေ တံခါးဝမှာပြေးပြီး ပူးကပ်သွားမိတယ်။

ပြန်လည်တိတ်ဆိတ်သွားပြန်ပြီ။ တစ်ဦးရဲ့ ရင်ဖိုလှိုက်မောသံ၊ တစ်ဦးရဲ့ အသက်ရှူသံပြင်းပြင်းတွေ ကြားနေရတဲ့အထိကို ငြိမ်သက်သွားကုန်ကြတယ်။

"ဘယ်သူလဲကွ. . . အထဲမှာ ဘာလို့သောင်းကျန်းနေတာလဲ၊ ဟင်. . . ဟိတ်. . . ငါ့ကို ဘာကောင်လဲနေသလဲ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ ဒီလိုခြောက်လှန့်နေတာတွေ အခုရပ်လိုက်စမ်း. . . ငါ့နံမယ် ဆရာလွှတ်းကွ''

''ဝုန်း. . . ဒိုင်း. . . ဂွမ်း''

''အမလေး''

''မင်းတို့က ကြမ်းတာပေါ့လေ. . . ငါပြန်ကြမ်းပြမယ်ကွ''

''ဟော့ကောင် မောင်လွှတ်း. . . ပရလောကသားတွေက ဘယ်လောက်စွမ်းမှန်း မသိဘူး. . . စွတ်လုပ်မနေနဲ့ဟ''

''ကြောက်မွေးပါရင် မွေးညှပ်နဲ့ ဆွဲနုတ်ပစ်ကွ ဝေဟာန်ရ''

''ဟော့ကောင်. . . ဇာဂနာ့နဲ့ နုတ်ရမှာပါကွ''

''မင်းရဲ့ကြောက်မွေးက မွေးညှပ်နဲ့နုတ်မှ ရမှာကွ''

''ငါ ဘာလို့ကြောက်ရမှာလဲ. . . ကြည့်နေ ငါသွားပြမယ်''

ဝေဟာန်တစ်ယောက် နောက်ခန်းထဲကို လှစ်ခနဲ ပြေးဝင်သွားတယ်။ သူတို့တစ်တွေ တအံ့တသြနဲ့ ဖြစ်ကျန်ရစ်ခဲ့တယ်။

မှောင်ရီပိုးဝါးနဲ့ ဖုံမှုန့်နံ့တွေ ထူလွှမ်းနေတဲ့ ချောင်ကြို ချောင်ကြား နေရာတွေထဲကို ဝေဟာန် လိုက်ကြည့်မိတယ်။ နီးရာ





သံတုတ်တစ်ချောင်းကို ဆွဲကိုင်လိုက်မိမှ သတ္တိပါရှိလာတယ်။ ကိုက်(၁၅၀)လောက် ဝင်မိပြီးတဲ့အခါမှာတော့ အတွင်းခန်းတစ်ခုထဲက တံခါးက. . .

''ကျွီး. . . ကျွီ. . . ကျွီး. . . ကျွီ''

တံခါးပေါက်ကို ပိတ်လိုက်ဖွင့်လိုက် လုပ်နေတာကို ကြက်သီး ဖြန်းခနဲထပြီး မြင်လိုက်ရတယ်။ ကိုယ့်အဖွဲ့တွေနဲ့ သင်းကွဲထွက်လာတာ အတော်ကွာလှမ်းနေပြီလေ။ တစ်ယောက်ထဲဆိုတဲ့ အားငယ်စိတ်က ရင်ခုန်သံကို ဒိတ်ခနဲ ဒိန်းခနဲ။

ဖွင့်လိုက်ပိတ်လိုက် လုပ်နေတဲ့ တံခါးအနားကို ကပ်သွားလိုက်ပြီး

''ဝုန်း'' ခနဲ တံခါးကို ကန်ဖွင့်ကာ အထဲကို ခုန်ဝင်ပြီး သံတုတ်နဲ့ ဝှေ့ယမ်းရိုက်ပစ်လိုက်တယ်။

ဝုစ်ခနဲ ဗိုးခနဲ လေထဲကို ရိုက်မိသံသာ ပေါ်လာတယ်။ အခန်းထဲက တော်တော်ကြီးကို မှောင်နေတယ်။

''အထဲက ဘယ်ကောင်လဲကွ. . . ဟေ''

ရဲစိတ်ရဲမာန်အသံ ပေါ်အောင် ဟိန်းဟောက်မေးလိုက်မိတယ်။ လိုဏ်ဂူသံပေါက်ပြီး ငြိမ်သွားတာနဲ့ အထဲမှာ စာရွက်ဌေး တစ်ရွက်ချင်း ပြုတ်ကျသံလိုလို။ ဖိနပ်ကို ကြမ်းပြင်နဲ့ ရှင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



စီးလာသံလိုလို အသံမျိုးကို ကြားလိုက်ရတယ်။

ကျောထဲ စိမ့်ခနဲ ဖြစ်သွားတာပေါ့။ အသံလာရာ အမှောင်ထဲကို သံတုတ်နဲ့ အတင်းလိုက်ရိုက်ပစ်တယ်။ ကြောက်စိတ်မွှန်ပြီး ဒေါသထွက်လာတော့ လုပ်မိလုပ်ရာကို သွေးရူးသွေးတမ်း လိုက်လုပ်ပစ်တော့တာပေါ့။

''ချွမ်း''

''ဂလွမ်း''

ရိုက်မိတယ်။ သံထည်ပစ္စည်းတွေကို ရိုက်မိလို့ မီးတောင်ပွင့်ကုန်တယ်။ လက်တွေလဲ ထုံအောင် နာကျင်သွားတယ်။ ခြေသံတွေက အတွင်းနံရံဘက်ကို တိုးကပ်သွားပြန်တယ်။ စိတ်ပေါက်ပေါက်နဲ့ လိုက်ရိုက်တော့ နံရံတွေကို ရိုက်မိသံ ပေါ်လာတယ်။

အပြင်ဘက်မှာလဲ စက်ကြီးလည်ပတ်သံလို ဆူပွက်သံတွေ ဆက်တိုက်ထွက်ပေါ်လာပြန်တယ်။ မာဆွေတို့ရဲ့ သွေးပျက်ဖွယ်ရာ အော်သံတွေကြောင့် ဝေဟာန်လဲ အပြင်ကို ပြန်အထွက်မှာ အတွင်းထဲ လှမ်းဝင်လာတဲ့ မဲမဲအရိပ်ကြီးကို တွေ့လိုက်ရတယ်။

ဝေဟာန် သွေးပျက်ထိတ်လန့်သွားပြီး လက်ထဲက သံ





တုတ်နဲ့ မဲမဲကောင်ကြီးကို ပိတ်ရိုက်ချလိုက်တယ်။

''ချွမ်း''

''ဟ. . . ဟောကောင်. . . ဝေ. . . ဝေဟာန်. . . ငါ. . . ငါပါကွ မောင်လွင်ဏ်း''

''ဟင်. . . အမလေးကွာ၊ ငါ့နှယ် သရဲမှတ်လို့ဟ. . . အသံလေးဘာလေး ပေးပါလား တော့်ရဲ့၊ ကံကောင်းလို့ သေတော့မလို့''

''ငါ့လက်ထဲက သံတုတ်နဲ့ ခုခံလိုက်လို့ပေါ့ကွာ၊ အသံပေးရအောင် စက်သံတွေနဲ့ ဆူပွက်နေတဲ့ဟာကို ဟော. . . အသံတိတ်သွားပြီ''

''အေး. . . ခင်မိုးဝါတို့ကို ဘာလို့ထားခဲ့တာလဲ''

''သူတို့ကြောက်လို့ တံခါးပေါက်နားကနေ ချောင်ထဲကို သွားပြီး ကျောချင်းကပ်နေကြတယ်ကွ. . . ဖေဖြိုး ရှိနေပါတယ်''

''ဟုတ်ရဲ့လားကွာ. . . သူတို့ အသံတိတ်နေတယ်၊ အသံပေးပြီး လှမ်းခေါ်ကြည့်စမ်းပါဦး၊ ခုန သူတို့ရဲ့ အသံနက်ကြီးနဲ့ ရူးရူးဝါးဝါး အော်လိုက်သံကြီးကို ကြားလိုက်ရတယ်ကွ၊ တစ်ခုခုများ ဖြစ်သွားသလား''

''ဟုတ်လား. . . အဲ့ဒါဆို ငါအော်ကြည့်မယ်၊ မာဆွေ



www.burmeseclassic.com

www.burmeseclassic.com



မာဆွေ. . . ခင်မိုးဝါ. . . ခင်မိုးဝါရေ. . . ဖေဖြိုး. . . ဖေဖြိုးရေ"

"တွေ့လား. . . ဘာသံမှ မကြားရတော့ဘူး"

"ဟင်. . . ဒါ. . . ဒါဆို သရဲတစ္ဆေကြီးကများ ကုပ်ချိုးသတ်ပစ်လိုက်ပြီလား၊ သေသွားတဲ့သူတို့ရဲ့ ဗိုက်တွေကိုဖောက်ပြီး ကလီစာတွေကို စားပစ်လိုက်ပြီလား. . . ဟား. . . လာ. . . လာ. . . သွားကြည့်ရအောင်"

နှစ်ယောက်သား ရေးကြီးသုတ်ပျာနဲ့ တံခါးမဝင်ပေါက်ကြီး ရှိရာကို ပြန်လျှောက်လာကြတယ်။ တံခါးမကြီးဘေးမှာလဲ မရှိတော့ဘူး။ ချောင်နေရာလေးမှာလဲ မာဆွေ့ဖိနပ်၊ ခင်မိုးဝါရဲ့ခေါင်းစည်း၊ ဟန်နီ့ရဲ့ ဦးထုပ်နဲ့ မေသဇင်ဖူးရဲ့ နေကာမျက်မှန်လေး ကျကွဲနေတာကို အလင်းမှောင်ပျမှာ တွေ့လိုက်ကြရတယ်။ ဒီဘက်က အမဲကွက်လေးကို ကြည့်လိုက်တော့

"ဒါဘာတွေလဲ. . . လက်နဲ့ကိုင်ပြီး အလင်းမှာ မြှောက်ကြည့်စမ်း"

"စေးထန်းထန်းနဲ့. . . ဟာ. . . ဒါ. . . သွေးတွေကွ၊ သွေးကွက်ကြီးပါလား. . . တို့အဖွဲ့တွေတော့ တစ်ခုခုဖြစ်နေပြီ၊ ဟော့ဟိုမှာ သွေးစက်တွေ. . . အဲ့ဒီအတိုင်း ခြေရာခံပြီး လိုက်ကြည့်ရအောင်"





သူတို့နှစ်ယောက်ရဲ့ စိုးရိမ်ပူပန်စိတ်က ရင်ကို ပွက်ပွက်ဆူဝေစေကုန်တယ်။ နှစ်ယောက်သား သံတုတ်တွေကို မြှောက်ရွယ်ပြီး သွေးစက်ကျရာအတိုင်း ခြေရာခံလိုက်ကြည့်ကြတယ်။ အတွင်းပိုင်းထဲကို ရောက်ရှိသွားတဲ့ အခြေအနေကို တွေ့လိုက်တယ်။

ဝေဟာန်က မအောင့်အီးနိုင်တော့ဘူး။ အတင်းထိုးပြီး အမှောင်ကျရာဘက်ထဲကို ပြေးလိုက်ဝင်သွားတယ်။

စီးထားတဲ့ ကွင်းထိုးဖိနပ်သံကြီး ကျယ်လောင်စွာနဲ့ ထွက်ပေါ်သွားရော။

"ဖြောင်း"

"အား"

"ဟေ့ကောင် ဝေဟာန်. . . ဘာဖြစ်တာလဲ"

"အီး. . ." (ခေါင်းမူးထွက်သွားတယ်။ ခေါင်းထဲ ဒိုင်းခနဲပဲ။ အရိုက်ခံလိုက်ရသလို ဖြစ်သွားလို့ ဝေဟာန် တော်တော်နဲ့စကားပြန်မပြောနိုင်ဘူး။ အနားကို စမ်းတဝါးဝါးနဲ့ သံတုတ်ကြီးဝှေ့ယမ်းရောက်လာတဲ့ မောင်လွဏ်းကြောင့်. . .

"ငါ ဒီမှာကွ. . . အမှောင်ထဲ စွတ်ရမ်းရိုက်မနေနဲ့၊ မင်းနဲ့ငါ တစ်ပေပဲကွာတော့တယ်. . . အောက်မှာ ဖင်ထိုင်ကျနေ



www.burmeseclassic.com

www.burmeseclassic.com



တာ အရိုက်ခံလိုက်ရလို့ကွ. . . ဘုတွေထွက်သွားပြီ၊ ခေါင်းထဲ မှူးနောက်သွားတာပဲ. . . အီး. . . ခေါင်းကွဲပြီး သွေးမထွက်တာပဲ တော်သေးတယ်. . . အား. . . ကျွတ်. . . ကျွတ်''

ဒီတော့မှ မောင်လွတ်းက ဝေဟန့်ဘေးမှာ မှဆိုးဒူး ထောက် ထိုင်ချရင်း ဝေဟန့်ခေါင်းကို စမ်းသပ်ကိုင်တွယ်ကြည့် တယ်။

ဒီမှာတင်ပဲ အပေါ်ထပ်က မိန်းကလေးတွေရဲ့ စူးရူးဝါး ဝါး အော်ဟစ်လိုက်သံကြီးကို ကြားလိုက်ရပြန်တယ်။ ပြီးတော့

❀ ❀ ❀ ❀

''ဂျိမ်း. . . ဒုန်း. . . ဂျိမ်း. . . ဝုန်း''

စက်ရုံခေါင်မိုးပေါ်(သွပ်တွေပေါ်က) အသံဗလံတွေကို ကြားလိုက်ရပြန်တယ်။ မောင်လွတ်းက. . .

''ဇေဖြိုးရေ. . . ဇေဖြိုး. . . ဟန်နီရေ. . . ဟန်နီ''

ဝေဟန်ကပါ လိုက်အော်ပေးတယ်။

''ဟန်နီ. . . ဟန်နီရေ. . . မေသဇင်ဖူးရေ''

ဘာသံမှ ပြန်မထူးဘူး။ ဒီခေါ်သံကလဲ မကြားစရာ





အကြောင်း မရှိဘူး။ ဂိုဒေါင်တစ်ခုလုံး ဟိန်းညံသွားစေတဲ့ အော် သံတွေပဲဟာကို။

သူတို့နှစ်ယောက် အပေါ်ဘက်ကို သံတုတ်တွေကိုင်ပြီး သတိထားကာ တက်ကြတယ်။ မှောင်ရီဖြိုးဖျ အလင်းရောင်ပဲ ရလိုက်တယ်။

''ဒေါက်. . . ဂလောက်. . . ဒေါက်. . . ဂလောက်. . . ဒေါက်''

ကြမ်းပြင်ပေါ်ကို ပုလင်းတစ်လုံး လှိမ့်လိုက်တဲ့အသံ။ ပဲ့တင်ပျံ့နေလို့ ဘယ်အခန်းထဲက ထွက်ပေါ်လာမှန်း မသိဘူး။ ဒါနဲ့ပဲ နှစ်ယောက်သား လမ်းခွဲလိုက်ကြတယ်။ ဝေဟန်က

''မင်းက ညာဘက်ခြမ်းကသွား. . . ငါက ဘယ်ဘက် ခြမ်းက သွားမယ်''

''ငါ. . . ငါ. . . တစ်ယောက်ထဲ ကြောက်တယ်ကွ''

''ခွေးတယ်မှ. . . ပြောတော့ သရဲမကြောက်တဲ့ ဆရာ လွတ်းဆိုကွ''

''ဆရာလွတ်းထက် သူတို့က ပိုကြမ်းနေတာကိုး၊ ပရ လောကသားတွေဆိုတာ နေ့ခင်းကြောင်တောင် ဒီလောက် မွှမ်းနေတာ. . . ဒါ. . . တော်တန်ရုံ အကောင်ကြီးတွေမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



နှစ်ချို့အကောင်ကြီးတွေ''

''နှစ်ချို့မကလို့ ဘာပဲဖြစ်ဖြစ်ကွာ. . . သွား. . . ဟိုဘက်ကို''

မောင်လွဏ်းလဲ ကြောက်ကြောက်နဲ့ ညာဘက်ခြမ်းကို ထွက်သွားတယ်။ ပြောသာပြောရတယ်။ မိန်းကလေးတွေကို စိတ်ပူနေလို့သာပေါ့။ အဲ့ဒီဖောနဲ့မို့ ကြောက်စိတ်ကို ခေါက်ထားနိုင်တာ။ နို့မို့ဆို ဝေဟန်လဲ ကျောချမ်းပြီး နောက်ပြန်ဆုတ်မိမှာ အမှန်ပဲ။

မဲမဲအရိပ်ကြီး လှစ်ခနဲ အခန်းထဲက ထွက်လာတယ်။

''ဖေဖြိုး. . . မင်း ဖေဖြိုး မဟုတ်လား''

ဘာမှမပြောဘူး။ လှေကား(နောက်ဘက်လှေကား)ကို ဆင်းချသွားတယ်။ ဝေဟန်လဲ နောက်ကနေ သံတုတ်နဲ့ လိုက်ရိုက်တော့တာပေါ့။

မဲမဲကောင်ကြီးက အမှောင်ထဲမှာတောင် ကျင့်သားရကျင်လည်နေတဲ့အတိုင်း လှေကားပေါ်ကနေ လျှောတိုက် ဆင်းချသွားတယ်။ ဝေဟန်က သံတုတ်နဲ့ လှမ်းပေါက်ဖို့ပြင်လိုက်တော့. . .

''ဟိတ်ကောင်''





''ဟင်. . . ဖေဖြိုး. . . မင်း ဖေဖြိုး မဟုတ်လား''

''အင်. . . အေ. . . တော်သေးတာပေါ့. . . မင်း ဝေဟန် မဟုတ်လား. . . ဟော့ဒီမှာ အုတ်ခဲကျိုးနဲ့ ဆွဲထုမိတော့မလို့''

''မင်းတို့ကို ငါ ဒီလောက်အော်ခေါ်နေတာ မကြားဘူးလား. . . ဟန်နီတို့အဖွဲ့တွေရော ဘယ်ရောက်ကုန်ပြီလဲ. . . ဘာတွေဖြစ်ကုန်ပြီလဲ''

''ငါတို့နောက်ကို မဲမဲကောင်ကြီး လိုက်နေလို့ မင်းတို့အော်တာ အကုန်ကြားတယ်. . . မဲမဲကောင်ကြီးက ငါတို့နားမှာ ပတ်ရှာနေလို့ တစ်ဖွဲ့လုံး ဝပ်ပုန်းနေရတာကွ. . . ပြန်ထူးရင် နီးတဲ့ အဲ့ဒီကောင်ကြီးက တို့ကို လုပ်သွားမှာပေါ့. . . နောက်က လိုက်လိုက်လာလို့ ငါတို့လဲ အပေါ်ကို ရောက်လာတာ. . . မင်းနဲ့ မောင်လွဏ်းတို့ကို မဲမဲကောင်ကြီးနဲ့ လွတ်တဲ့ဇနရာကနေ အော်ခေါ်မလို့ကွ''

''အဲ့ဒီမဲမဲကြီးက စက်ရုံထဲ ဝင်နိုင်နေတဲ့ သူခိုးလား''

''မဟုတ်ဘူး. . . နာနာဘာဝကြီးနဲ့တူတယ်. . . ခေါင်းကြီးကိုယ်သေးနဲ့၊ လက်သည်းက အရှည်ကြီး. . . ကြောက်စရာ ပုံစံကြီးကွာ''

''အနီးကပ် အသေအချာ တွေ့လိုက်ရလို့လား''



www.burmeseclassic.com

www.burmeseclassic.com



"အမှောင်ပျပျမှာ တွေ့လိုက်ရတာပဲ"

"ငါတို့အဖွဲ့ထဲက ဘယ်သူတွေ ဘာဖြစ်သေးလဲ၊ သွေးတွေ တွေ့ရလို့ စိတ်ပူလိုက်ရတာကွာ"

"အဲ့ဒါ မေသဇင်ဖူးလေ. . . တန်းနဲ့ခေါင်းနဲ့ ဆောင့်မိလို့ နဖူးကွဲသွားတာ၊ နှစ်ချက်ချုပ်လောက်တော့ ရှိလိမ့်မယ်၊ သွေးတိတ်အောင် ဟန်နီမှာ အသင့်ပါလာတဲ့ ပလာစတာ ကပ်ပေးထားတယ်၊ ရုတ်တရက်တော့ အမှောင်ထဲကနေ နာနာဘာဝကြီးက ပိတ်ရိုက်လိုက်တယ် ထင်မိတာပေါ့"

"ဟူး. . . တော်သေးတာပေါ့"

အဲ့ဒီအချိန်မှာပဲ တစ်ဖက်ညာခြမ်းက မောင်လွှကျား‌ရဲ့ အသံနက်ကြီးနဲ့ အော်လိုက်သံကို ထိတ်လန့်တကြား ကြားလိုက်ကြရတယ်။

❀ ❀ ❀ ❀



အခန်း (၁၀)

ဟန်နီ၊ မေသဇင်ဖူး၊ ခင်မိုးဝါ၊ မာဆွေ၊ ဇေဖြိုးတို့အဖွဲ့နဲ့ ဂေဟန်တို့ ပြန်တွေ့ဆုံမိပြီးကြတာနဲ့ မောင်လွှကျား အော်သံကြားရာဘက်ကို လက်နက်ကိုယ်စီ ဆွဲကိုင်ပြီး သွားကြည့်မိကြတယ်။

ဟန်နီနဲ့ မေသဇင်ဖူးက ဝက်အူလှည့်နဲ့ ဓား တစ်ယောက်တစ်ချောင်းစီ ကိုင်လို့၊ ခင်မိုးဝါနဲ့ မာဆွေက ဖဲထိုးသံချောင်းလို အချောင်းတွေနဲ့၊ ဇေဖြိုးကတော့ သစ်သားတုတ်ကြီး ကိုင်လို့ပေါ့။

အဲ့ဒီအချိန်မှာပဲ ငုတ်တုတ်ကြီး ထိုင်နေတဲ့ မဲမဲကြီးရဲ့ ညည်းတွားသံလိုလို ဟိန်းတိုက်သံလိုလို အသံကြီးကို ကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရတယ်။

"အီးဟီးဟီးဟီး. . . ဟင်းဟင်းအင်းအင်း"

"ရှတ်. . . အသာနေ. . . တို့ကို ကျောပေးထားတယ်၊ နောက်ကနေ ဖြတ်ရိုက်ပစ်မယ်"

ဝေဟာန်က ဓားမြှောင်တို့ကို ငြိမ်ခိုင်းပြီး ခြေသံလုံလုံနဲ့ နောက်ကနေ အသာတိုးကပ်သွားတယ်။ လက်တစ်ကမ်းအကွာ ရောက်တာနဲ့ မဲမဲကြီးရဲ့ခေါင်းကို တုတ်နဲ့ အသေအချာချိန်ပြီး ရိုက်ဖို့ တုတ်ကို အပေါ်မြှောက်တင်လိုက်တယ်။

"တောက်. . . ခွီးမတား သရဲတစ္ဆေတွေ. . . ငါတို့ကို တော်တော်ဒုက္ခပေးတယ်. . . တော်ပြီ ဒီလောက်ဆိုးတဲ့နေရာ အလကားပေးတောင် မယူတော့ဘူး. . . စိတ်ညစ်သွားပြီ တော်ပြီ"

"ဟိုက်. . . မောင်. . . မောင်လွတ်း. . . မင်း ဘယ်လို ဖြစ်နေတာလဲ. . . ကံကောင်းလို့၊ ဒီဘက်ခြမ်းက မှောင်လွန်း တော့ အမှောင်ထဲမှာ မှားရိုက်မိတော့မလို့. . . ဟင်. . . မင်း ခြေထောက် ကြမ်းထဲကျွံနေပါလား"

"မင်းလွှတ်လို့ ငါလာရတာ. . . ဒီကြမ်းတွေက ဆွေးနေ ပြီ၊ ကံသီလို့ ခြေတစ်ဖက်ထဲ ကျွံသွားတာပေါ့. . . နို့မို့ဆို တစ် ကိုယ်လုံး ကျွံကျကုန်မှ ငါပါ နာနာဘာဝလိုင်းထဲ ရောက်ကိန်း





ဆိုက်သွားလိမ့်မယ်. . . နုတ်ပေးကြပါဦး ငါ့ခြေထောက်ကို"

ဝေဟာန်တို့အဖွဲ့တွေ ဝိုင်းဆွဲနုတ်ပေးကြရတယ်။ မောင် လွတ်းက ကိုယ့်တစ်ဖွဲ့လုံး ပြန်လွတ်လာတာကို တွေ့ရလို့ ဝမ်း သာအားရနဲ့ ပိုပြီး ကလေးဆန်ကာ ညည်းတွားပြနေပြန်တယ်။

"ဟော့ကောင်. . . ဂျင်းဘောင်းဘီ ခံနေလို့ ပွန်းပဲ့တာ တောင် မဖြစ်ပါဘူး. . . ဘာနာလို့ ဒီလောက်တောင် အော်နေ ရတာလဲ"

"မင်းဘာသိလို့လဲ. . . အတွင်းကြေသွားတာကွ"

ကြောက်လန့်တဲ့ကြားက ဝိုင်းဟားဖြစ်ကုန်ကြတယ်။ လူ ဆိုတာ သေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတာတောင် ပျားရည် တစ်စက် လျှက်ခွင့်ရရင် လျှက်လိုက်ချင်သေးတယ် မဟုတ်လား။

BURMESE CLASSIC .com

ဝေဟာန်တို့တစ်ဖွဲ့လုံး အောက်ထပ်ကို ပြန်ဆင်းကြတယ်။

"ဝုန်း"

"အုန်း"



www.burmeseclassic.com

www.burmeseclassic.com



''အား''

''အမလေး''

''ကယ်ကြပါဦး''

အောက်ထပ်ကို အကုန်ရောက်ကုန်တယ်။ လှေကားက ဆွေးနေတော့ လှေကားပြုတ်ကျလို့ အကုန်လုံး အောက်ပြုတ်ကျကုန်တာကိုး။

တစ်ယောက်ချင်း ဆင်းရင် မကျိုးကျဘူး။ တစ်ပြုံလုံး ပူးကပ်ဆင်းလို့ အလေးချိန်မခံနိုင်ပဲ ကျိုးကျသွားတာပါ။

အောက်မှာ နဖူး ဖုသူဖု၊ ဒူးကွဲသူကွဲ၊ ပေါင်ပြဲသူပြဲတွေ ဖြစ်ကုန်ကြပါလေရော။ အီး အားနဲ့ ညည်းတွားစုတ်သပ်သံတွေ ပွက်စီကုန်တယ်။

ဖေဖြိုးက –

''တော်ပါပြီ. . . ဒီကိုဒေါင်ကြီးကို စွန့်လိုက်ပါတော့''

''အားလားလား ဟုတ်တယ်. . . လုံးဝ ဆောရီးပဲ. . . ကျွတ်ကျွတ်''

တစ်ဖွဲ့လုံး သူ့ကိုယ်တွဲ၊ ကိုယ့် သူတွဲနဲ့ တံခါးပေါက်ရှိရာကို ရောက်ချလာတယ်။ ဝင်လာခါစက သားနားမွှေးကြိုင် စတိုင်လ်တွေနဲ့ ဖြစ်ခဲ့သလောက် ပြန်အထွက်မှာတော့ ဖုန်အလူး





လူး ခြစ်ရာပွန်းပဲ့ရာ ဗလပွနဲ့ စစ်ပွဲက ဒဏ်ရာရပြီး ပြန်လာတဲ့ အမေရိကန်စစ်သားပုံတွေ ပေါက်လို့။

စတိုင်လ်တွေ ပွဲနေလိုက်တာများ တံခါးမကြီးအနားကို ရောက်တော့ တုံးလုံးပက်ခါက်တွေတောင် ဖြစ်ကုန်ကြတယ်။ အကုန် စိတ်ဓာတ်ကျကုန်တယ်။ လက်ကနာရီကို ကြည့်လိုက်တော့ နေ့လယ် နှစ်နာရီခွဲ။

''ဝုန်း. . . ဒုန်း. . . ဒုန်း''

''ကယ်ကြပါဗျို့. . . အထဲမှာ ပိတ်မိနေလို့. . . တံခါး ဖွင့်ပေးကြပါဗျို့''

ဖေဖြိုးက အသံကုန် ဟစ်အော်ပြီး အပြင်ဘက်ကို အကူ အညီတောင်းတယ်။ ကျန်တဲ့ မိန်းကလေးတွေလဲ အသံပေါင်းစုံ ဟစ်အော်ပြီး အကူအညီတောင်းခံကြတယ်။

အခုမှ ငရဲပြည် ရောက်နေသလိုပဲ။ အော်သံပေါင်းစုံက လည်း သွေးပျက်ချင်စရာကြီးရယ်။ အပြင်က ဘယ်သူမှ ကြား ကြတဲ့ပုံ မပေါ်ဘူး။ ဒီမှာတင် ဝေဟန်ဆိုတဲ့သူက အကြံတစ်ချက် ရပြီး သံတုတ်နှစ်ချောင်းနဲ့ စက်ရုံသံပြား တံခါးမကြီးကို တရစပ် စည်တီးသလို အသကုန် ရိုက်နက်တီးတော့တယ်။

အထဲမှာ နားမခံနိုင်အောင် ဆူပွက်နေတဲ့တိုင် အပြင်က



www.burmeseclassic.com

www.burmeseclassic.com



ထုရိုက်သံလောက်ပဲ ကြားနိုင်နေတယ်ထင်ပါ့။ ဒီအချိန်မှာပဲ အပေါ်ထပ်ခိုးမှာ မျက်လုံးစိမ်းစိမ်းကြီး သုံးလေးစုံက ပြူးကြည့်လာကုန်ကြတယ်။

''အမလေး. . . ဟိုမှာ. . . ဟိုမှာ. . . လှမ်းကြည့်နေတယ်. . . သရဲတစ္ဆေတွေ''

''ဘုရား ကယ်တော်မူပါ. . . နာနာဘာဝတွေ မြန်မြန်ပြေးပါစေ၊ ဩကာသ. . . ဩကာသ. . . ဩကာသ''

မိန်းကလေးတွေ လက်ညှိုး ထိုးပြရာကို လှမ်းကြည့်ရင်း ဝေဟာန် ဒေါကန်သွားတယ်။ ဓောင်မလေးနှစ်ယောက်ရဲ့ လက်ထဲက ခွနှစ်ခုကို လှမ်းယူပြီး ထပ်ခိုးပေါ်ကို ပိတ်ပေါက်ပစ်လိုက်တယ်။

''ဒုန်း. . . ခွပ်''

''ဒိုင်း. . . ဖရောင်း''

''ခွီး. . . ကွီး. . . ခယီး. . . ခွီး''

''ညှောင်. . . ဝေါင်း. . . ညှောင်. . . ဂီး''

ကြောင်တွေ။ ရောမကြောင်ကြီး သုံးလေးကောင် ခုန်ပေါက်ပြီး အမှောင်ထဲကို ပြေးဝင်ပျောက်ကွယ်သွားကုန်ကြတယ်။ လက်စသတ်တော့ ကြောင်တွေကိုး။ တံခါးမကြီးက လေတိုက်





ကြမ်းလို့ လျှောထိုးပိတ်သွားတာပါ။

ဖေဖြိုးက ဘီးတွေကို အုန်းဆီသုတ်ပေးလိုက်တော့မှ ချေးကပ်နေတဲ့ တံခါးတွေကို ပြန်ဆွဲဖွင့်လို့ ရသွားပါတယ်။ ဒါဆို အမှောင်ထဲက မဲမဲကောင်ကြီးက ဘာလဲ။ ဒီစက်ရုံကိုဒေါင်ကြီးထဲကို တစ်နေရာရာက ဖောက်ဝင်ပြီး ခိုအောင်းနေတဲ့ ဒုစရိုက်သမားလား၊ သူခိုးလား။

သူတို့အဖွဲ့တွေ ဒီအကြောင်းတွေ ပြန်လည်ဆန်းစစ်ပြီး ပြောဆိုပြန်ခဲ့ဖြစ်ကြတယ်။

သူတို့ကို လာကူဖော်မရပဲ ဥပေက္ခာပြု နေစိမ့်နိုင်ခဲ့တဲ့ မုန့်ဆိုင်က မိန်းမကြီးကို သူတို့အဖွဲ့ကလည်း လျစ်လျူရှုခဲ့မိလိုက်တော့တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ကြွေချိန်တန်လို့ ကြွေသည့် သစ်ရွက်ကို လေတိုက်လို့ ကြွေရသည်ဟု အရမ်းကာရောမစွပ်စွဲချင်ပါ။ ဝေချိန်တန်လို့ ဝေလာသည့် ပန်းကိုလည်း လူတကာ နမ်းဖို့ရည်ရွယ်ပြီး ပွင့်လာတာဟု မဝေဖန်လိုပါ။

ရှုထောင့်အမျိုးမျိုးမှ စဉ်းစားလိုက်လျှင် အမှန်တရားတွေ အများကြီး ဖြစ်သွားပါလိမ့်မည်။

ထိုစဉ်က ထိုနေ့ နေ့လယ်ပိုင်း ကျောင်းတက်စဉ် သူမမျှော်လင့်သော ရှုထောင့်လေးတစ်ထောင့်က သူတို့တွက်မရသည့် ပုစ္ဆာအတွက် ပေးထားချက်အသစ် ဖြစ်ပေါ်လာမည်ဆိုတာကို သူ ယောင်မှားရှ်မျှ မတွေးမိခဲ့ပါ။





လောကမှာ တွေးမထားသော အရာတွေ ဘွားခနဲ ဖြစ်ပေါ်လာတတ်တာကို ကြုံဖူးသူတိုင်း ယုံကြပါလိမ့်မည်။

မကြုံဖူးသူတွေက မယုံကြနိုင်ပေ့ါ။

နေ့လယ်ပိုင်း ကျောင်းတက်ချိန်မှာ သူတို့အဖွဲ့တွေ လူစုကွဲလျှင် ဆုံနေကြနေရာတစ်ခုကို သတ်မှတ်ထားကာရှိ၏။ အစွန်ကျသော ကဖီးနှင့်အအေးဆိုင်တစ်ဆိုင်ဖြစ်ပြီး မြင်ကွင်းကောင်းကောင်းနှင့် အေးအေးလူလူ ထိုင်စကားပြောချိန် ပိုရ၏။ စာသင်ချိန် နှစ်ချိန်ပြီးသည်နှင့် အဆာပြေစားရန် သူတစ်ယောက်တည်း စားသောက်ဆိုင်တန်းစီ ထွက်လာခဲ့၏။

မောင်လွင်ဏ်းနှင့် ဖေဖြိုးမှာ သူတို့ မိုးပန်းနေသော ကောင်မလေးရဲ့အခန်းကို ရောက်နေကြ၏။ ဟန်နီတို့ လေးယောက်အဖွဲ့မှာ ကျောင်းဝင်းထဲ ပတ်မွှေနေရာမှ ယခုအချိန်ထိ တသင်ဆောင်ဆဲသို့ ရောက်မလာကြသေး။

သူတို့ထိုင်နေကြ သစ်ပင်သစ်ရိပ် ကောင်းကောင်းရသည့်စားပွဲတွင် စားသုံးသူအမျိုးသမီးနှစ်ဦး နေရာယူစားသောက်နေကြတာ တွေ့ရ၏။ သူက ဘာရယ်မဟုတ် ထိုင်နေကြနေရာလေးကို နှမြောသလိုကြည့်နေစဉ် ခင်မိုးပါတို့နှင့် တစ်ခါတစ်ရံ တွဲတက်သော နန်းနွယ်နွယ်ကို တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



နန်းနွယ်နွယ်နှင့် သူ့ကို ခင်မိုးဝါ မိတ်ဆက်ပေးထားဖူးသည်။ ရှမ်းသံဝဲဝဲလေးနှင့် စကားပြောတတ်သော ပါးချိုင့်နှစ်ဖက်စွက်နေသည့် နန်းနွယ်နွယ်က သဘောမနောကောင်း၏။ ခင်တတ်၊ နောက်တတ်၊ ပြောင်တတ်၏။ နန်းနွယ်နွယ် နံဘေးမှ အမျိုးသမီးကို ကြည့်လိုက်သောအခါ သူ့လက်ထဲမှ သရေဖုံးမှတ်စုစာအုပ်တွေ ယောင်ယမ်းလွှတ်ချလိုက်မိသည်အထိ အံ့ဩအားကြီးသွားမိ၏။

စာအုပ် "ဖုတ်" ခနဲကျသံကြောင့် နန်းနွယ်နွယ်က သူ့ကို သတိထားမိသွားပြီး လက်မြှောက်ဝှေ့ယမ်းကာ အပြုံးနှင့် ခေါ်နေ၏။

အမျိုးသမီးက အေးရှရှ အကြည့်ဖြင့်သူ့ကို လှမ်းကြည့်လာသောအခါ သူ ရှက်ရှက်နှင့် စာအုပ်ကုန်းကောက်လိုက်ရ၏။ နန်းနွယ်နွယ်က စကားသံဝဲဝဲဖြင့်. . .

"ဟော့. . . ကိုဝေဟာန် ဒီပိုင်းလာလေ"

ငြင်းဖို့မကောင်းဟာန် အမူအရာခပ်ရွံ့ရွံ့မဖြစ်သော်လည်း စိတ်ထဲက တွန့်ဆုတ်တွန့်ဆုတ်ဖြင့် နန်းနွယ်နွယ်တို့ ဝိုင်းမှာ ဝင်ထိုင်ဖြစ်လိုက်၏။

"ဒကာရှာနေတာ ခုမှတွေ့ပြီဟော့"





နန်းနွယ်နွယ်က စတင်နောက်ပြောင်၏။ အမျိုးသမီးက သူ့ကိုအသာစီးယူပြီး အအေးသောက်မပျက်ကြည့်နေ၏။

"အဟဲ" ဟုသာ အားနာဖြဲပြလိုက်ပြီး၊ အမျိုးသမီးကို လျှပ်တစ်ပြက်ဝှေ့ကြည့်ကာ သေချာအောင်စေ့ငုလိုက်မိ၏။

ကျိန်းသေလိုက်ပါပြီ။ အိမ်ကြီးမာယာမှာ တွေ့ခဲ့သော မိန်းမလှလေးမှ မိန်းမလှလေးပါပဲ။ ဝါရွှေသောအသားအရည်နှင့် ဆံပင်ရှည်ကြီးတွေကို ကျစ်ဆံမြီးလေးကျစ်ကာ နှစ်ခေါက်ထိုးရစ်ခွေ၍ ကျောနောက်ကို ဖက်ရှင်ဆန်ဆန်ချထား၏။ ဆေးသားအနည်းငယ်တင်ထားသော မျက်ဝန်းညိုကြီးတွေက ရွှန်းစားလက်ပလွန်းသည်။

ထိုအကြည့်ကို တော်တန်ရုံလူတွေ ခံနိုင်ရည် မရှိအောင် ရှက်ကိုးရှက်ကန်းနှင့် အနေရခက်သွားစေမှာ အသေအချာပင်။ နန်းနွယ်နွယ်က လူမှုရေးအကြောင်းပြု၍ သူနှင့် အမျိုးသမီးကို မိတ်ဆက်ပေး၏။

အမျိုးသမီးရဲ့အမည်မှာ "စောသဥ္ဇာ"။ သူနှင့်အတန်းတူသော်လည်း ကျောင်းမတူ။ စောသဥ္ဇာက အဝေးသင်ယူထားသောကြောင့် နေရာကွဲပြားနေရခြင်းဖြစ်သည်။ စောသဥ္ဇာ ယခင်ကသူငယ်ချင်းဖြစ်ခဲ့သော နန်းနွယ်နွယ်ထံ လာရောက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် သူနှင့် ယခုလို မိတ်ဆက်ဖြစ်ကြခြင်းဖြစ်သည်။

စောသဥ္စာက အရယ်အပြုံးနည်း၏။ အသံသာ၏။ ရယ်လိုက်လျှင် ရှေ့သွားလေးတွေစေ့ပြီးရယ်၏ ဣန္ဒြေကြီးမားပုံ ရသော်လည်း စိတ်ရင်းဖြူစင်ပုံရ၏။

သူက အိမ်ကြီးမာယာမှာ စောသဥ္စာကို တွေ့ခဲ့ရပုံတွေ မေးလိုက်ချင်သည်မှာ စိတ်တွေ လျှာတွေ ယားကျိကျိ ဖြစ်နေ၏။

ဟန်နီတို့တစ်ဖွဲ့လုံး သားကောင်ဖြစ်သွားပြီဟု ထင်ခဲ့သော စောသဥ္စာကို ယခုလို ထိုင်လျှက်အကောင်းသားတွေ့ကြရလျှင် တစ်ဖွဲ့လုံး အရှင်လတ်လတ် မေ့ကုန်ကြလိမ့်မည်ထင်သည်။

"စာလိုက်နိုင်ရဲ့လား"

စောသဥ္စာမေးလာ၏။ နည်းပါးသော စကားတစ်ချို့ထဲမှ တိုးထွက်လာသော မေးခွန်းပင်။ သူက. . .

"အခုအချိန်တော့ စာတွေက ကျွန်တော်တို့ကို လိုက်နေကြတယ်။ စာမေးပွဲနီးရင်တော့ စာတွေကို ကျွန်တော်တို့က အသေအလဲ ပြန်လိုက်ရလိမ့်မယ်"

သူက. . .

"ဘယ်မှာနေလဲ"

သူတို့အိမ်ကြီးမာယာဟု သတ်မှတ်ထားသော





အိမ်ကြီးမှာမနေ။ မြို့နယ်တစ်ခုထဲမှ နေထိုင်သည့် လိပ်စာကိုသာ ပြောပြ၏။

လူများ များလေရော့သလား။ သူစဉ်းစားပြီးတွေဝေ ကြည့်နေစဉ် နန်းနွယ်နွယ်က. . .

"နန်း သူငယ်ချင်းကို ဘယ်လိုကြည့်နေတာလဲ ဝေဟန်၊ နင့်ရဲ့ ဟန်နီနဲ့ တိုင်ပြောလိုက်မယ်နော်"

သူ့အနေခက်သွားသလောက် ဣန္ဒြေရှင်ကြီးအထင် ရောက်ခဲ့သည့် စောသဥ္စာမှာ ရှက်ခြင်းကို အပြုံးဖြင့်လက်ခွင်းပြသ၏။

"တွေ့ဖူးသလိုရှိလို့ ကြည့်မိတာပါ"

"ဟယ်. . . ဟုတ်လို့လား၊ အစောက သွားအလာ သိပ်နည်းတာ၊ ဘယ်နားမှာ တွေ့ခဲ့တာလဲဟင်"

သူက အိမ်ကြီးမာယာ အကြောင်းကို သိသင့်သိထိုက် သလောက်သာ ထုတ်နှုတ်ရှင်းပြလိုက်၏။ နန်းနွယ်နွယ်က အံ့အားတသင့်ဖြင့် စောသဥ္စာကို ကြည့်၏။ စောသဥ္စာက တမင် လုပ်ယူထားသလို အံ့သြဟန်လေးဖြင့် သူနှင့် နန်းနွယ်နွယ်ကို ပြန်ကြည့်လိုက်ပြီး. . .

"လောကမှာ လူတူမရှား၊ အမည်တူမရှား ရှိတတ်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



“အဲဒါပဲဖြစ်ပါလိမ့်မယ် ကိုဝေဟန်ရယ်”

နန်းနွယ်နွယ်က ဝင်ပါပြောလာ၍ လူတူမှားတာဟု သူ အထင်မှတ်လိုက်မိ၏။ ဆံပင်ကို ပြုပြင်ထား၍လည်း ယခင် တွေ့စဉ်က ပုံစံကို ဖမ်းရခက်နေ၏။ စားသောက်ဝိုင်းရဲ့အဖိုးအခ ကို သူမတို့နှစ်ယောက်တားမြစ်သည့်ကြားမှ သူအတင်းရှင်းပေး ဖြစ်လိုက်၏။

“မိတ်ဖြစ်ဆွေဖြစ်ပေါ့၊ နောက်တွေ့ရင် ထပ်ခေါ်ကြမယ် နော်၊ မစောသဉ္ဇာက. . .”

သူ့စကား တန့်ရပ်လိုက်သောအခါ နှစ်ယောက်စလုံးက သူ့ကိုကြည့်လာ၏။

သူ ဆက်မပြောသောအခါ နန်းနွယ်နွယ်က. . .

“စောသဉ္ဇာက သွေးမကြီးတတ်ဘူး။ ခင်တတ်မင်တတ် ပါတယ်၊ ဒါပေမဲ့ သူ့အကိုတွေက နည်းနည်းဆိုးတယ်၊ စောကို ယောကျ်ားလေးသူငယ်ချင်းပေါင်းတာ မကြိုက်ဘူး၊ သူ့အစ်ကို တွေရဲ့ ကွယ်ရာမှာဆိုရင်တော့ ပြဿနာမရှိဘူးပေါ့။ ရှေ့တင်မှာ သွားနှုတ်ဆက်ခေါ်ပြောမိရင်. . .”

လန့်ဟန်ဖြင့် ပခုံးနှစ်ဖက်ကို တွန့်ပြ၏။ စောသဉ္ဇာ က. . .





“အဲ့ဒီလောက်ကြီးလည်း မဟုတ်ပါဘူးနော်”

သူက စောသဉ္ဇာကို မသိမသာ လေ့လာအကဲခတ် လိုက်ပြီး အိမ်ကြီးမာယာမှ စောသဉ္ဇာနှင့်တူသော မိန်းမကို ပြေး အမှတ်ရလိုက်၏။

နှစ်မြွှာပူးမှာ အကြောင်းအမျိုးမျိုးကြောင့် နှစ်ကိုယ်ကွဲ နေရတာများ ဖြစ်နေမလား။ သဲလွန်စရလိုရငြား ဆက်စပ် ဖော် ထုတ် ကြည့်ချင်စိတ်ပေါ်လာ၍. . .

“သူတို့အစ်ကိုတွေ သူ့ညီမကို ချစ်လွန်းလို့ တာနော ယက္ခဘီလူးကြီးလို ရွှေကြုတ်နဲ့ထည့်ပြီး အာခံတွင်းမှာပုံထားချင် ငုံထားကြစမ်းပါစေ။ ကျွန်တော် အစာအဖြစ်နဲ့ ကြိတ်ဝါးမျိုပြီး မရောက်ရောက်အောင်ကို လာတွေ့ဦးမယ်”

စောသဉ္ဇာက မျက်နှာပေါ်မှာ ပန်းသွေးပျပျ ထင်ခြင်းကို မျက်လွှာချ ပြုံးရယ်ခြင်းဖြင့် ပျက်ပြယ်၏။ နန်းနွယ်နွယ်က မူ. . .

တဟယ်ဟယ်နှင့် ဟန်နီနှင့်တိုင်ပြောဖို့ ကြိမ်းဝါးနေ၏။ ဟန်နီအထင်လွဲမှာကို သူနည်းနည်းလေးမှ မပူ။ မပူရလောက် အောင်လည်း အကြောင်းပြချက်ကောင်းကောင်း ရှိနေလေပြီ။

စောသဉ္ဇာမှာ သူတို့မျှော်လင့်နေသည့် ပေးအေးမျက်



www.burmeseclassic.com

www.burmeseclassic.com



ရှုထောင့်သစ်တစ်ခု ဖြစ်ချင်ဖြစ်နေနိုင်၏။

မြေကြီးကို လက်နှင့်ပုတ်၍ မလွဲနိုင်ဆိုသော်ငြားလည်း ကိုယ်၌က ရေပြင်ပေါ် ရောက်နေလျှင် ခြွင်းချက်တွေ ကြွင်းနိုင် သေးသည်။ လောကကြီးကိုယ်တိုင်ပင်လျှင် ခြွင်းချက် အကြွင်း ဖြစ်နိုင်စရာရှိ၏။

* * * *



သူတို့အဖွဲ့ထဲကို အမိကသက်သေ သဘောမျိုးဖြင့် သူခေါ်လာ၍ နန်းနွယ်နွယ် ဝင်ပါလာရ၏။ ဟန်နီက အကြောင်းစုံ ရှင်းပြလိုက်သောအခါ နန်းနွယ်နွယ် ထိတ်လန့်သည်းဖိုဇာတ်ကား ကြည့်နေရသူလို ဖြစ်သွား၏။

ဟန်နီစကားကို နန်းနွယ်နွယ် ယုံရခက်သလို ဝေဝါးနေစဉ် ခင်မိုးအေး၊ မေသဇင်ဖူး၊ မာဆွေတို့က ထောက်ခံချက်မျိုးစုံဖြင့် ဝန်ခံပြောကြားလာ၍ နန်းနွယ်နွယ် ယုံသွား၏။

သို့ငြား ဒုံးဒုံးချ မဟုတ်သေး။

"ဒါဆိုရင် ဝေဟန်က စောသဥ္စာကို ခင်အောင်ပေါ်ပြီး မေးတာထက် နန်းနွယ်နွယ်ကိုယ်တိုင်က မေးမြန်းကြည့်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ပိုအဆင်ပြေမလား မသိဘူး''

ဟန်နီက သူ့ကို စိတ်မချဟန်ဖြင့် အကာအကွယ်ပေးရင်း ပြောလာ၏။

မေသဇင်ဖူးက. . .

''မတူဘူးဟ၊ နန်းနွယ်နွယ်ကို သိစေချင်ရင် အစကတည်းက စောသဥ္ဇာက ပြောပြထားခဲ့မှာပေါ့၊ မိန်းကလေးအချင်းချင်းဆိုတာ ဆိုးတိုင်ပင်ကောင်းတိုင်ပင်ရှိတတ်ကြတာပဲ၊ နန်းနွယ်နွယ်ကို မေးကြည့်ပါလား''

နန်းနွယ်နွယ်က. . .

''မေးကြည့်မနေနဲ့၊ နန်းသိပြီ သဇင်၊ စောသဥ္ဇာက ငါ့ကို ညီအစ်မအရင်းလို သိပ်ခင်တာ၊ သူ့အစ်ကိုတွေ ဆိုးကြောင်းလောက်သာ တိုင်ပင်တယ်၊ ကျန်တဲ့ သူ့အိမ်တွင်းရေးအကြောင်းကို သူ့ဘာသာသူ မပြောချင်ဘဲနဲ့ အတင်းမေးလာခဲ့ရင် စိတ်ဆိုးတတ်တယ်။

သဇင် ပြောသလိုပဲ စောသဥ္ဇာက နန်းကို သိစေချင်ရင် လက်မွန်မဆွကတည်းက အသိပေး ပြောကြားထားမှာပေါ့၊ အဲဒီလို မပြောခဲ့လို့ ရှင်တို့အခုလို ဝိုင်းပြောမှ နန်း သိရတာ''

ခင်မိုးဝါက တွေးတွေးဆဆဟန်ဖြင့်. . .





''ညီအစ်မတွေလိုခင်တဲ့ နန်းကိုတောင် မပြောပြတာ၊ သူစိမ်းကသူကျက်ဖြစ်အောင် ဝင်ကိုသွားရမဲ့ ဝေဟန်ကို စောသဥ္ဇာ သူ့အတွင်းရေးတွေ ဖွင့်ပြောပါ့မလား''

ဟန်နီက နာခေါင်းပွတ်စဉ်းစားနေရာမှ. . .

''ဝေဟန်ပြောသလို အမြွှာညီအစ်မနှစ်ယောက်ပုံစံမျိုးများဖြစ်မလား မသိဘူး''

ဖေဖြိုးက စကားပြောဖို့ပြင်နေသော မောင်လွဏ်း၏ အရင်. . .

''မဖြစ်နိုင်ဘူးလို့ ငါထင်တယ်၊ ဘာကြောင့်လဲဆိုတော့ စောသဥ္ဇာ တမင်အံ့သြပြတဲ့ပုံစံကို ဝေဟန် သတိတရကြီးကို မြင်လိုက်ရလို့ပဲ''

မောင်လွဏ်းက အားလုံးကိုတားမြစ်သလို လက်ကာပြပြီး တစ်ခုခုကို အရေးတကြီးပြောဖို့အပြင်မှာ နန်းနွယ်နွယ်က. . .

''စောက သိပ်လျှို့ဝှက်တတ်တာတော့အမှန်ပဲ၊ သူ့အိမ်အကြောင်းကို မေးလားမြန်းလားလုပ်တာ မကြိုက်ဘူး၊ အဲ့ဒီအချက်က စဉ်းစားစရာဖြစ်နေတယ်''

မောင်လွဏ်က လက်ထောက်ပြပြီး ဖုတ်ပူမီးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်ရာပြောမည့်အပြင်မှာ သူက. . .

"စောသဥ္ဇာကို ငါနှစ်မျိုးထင်နေတယ်"

မောင်လွဏ်းက လက်ထောင်ကာပြပြီး စကားပြော

စောင့်တောင်းနေပြန််၏။

စိတ်မရှည်သော မာဆွေက. . .

"နင်က ဘာဖြစ်နေတာလဲ၊ သူများတွေပြောနေရ

လက်တွေ့တားလိုက်၊ ပြောမလိုလို ထစ်ထစ်အအလုပ်နေလိုက်

မျက်စိကိုနောက်နေတာပဲ"

မောင်လွဏ်းက မျက်နှာငယ်ပုံစံလေးဖမ်းပြီး. . .

"ငါ. . . ငါ. . . စေတနာရှေ့ထားပြီး၊ သ. . . သတိပေ

စကားပြောချင်လို့ပါ"

ဟန်နီက. . .

"အရေးထဲ မြင်းကောင်းပြေးရာ ခွေးကျိုးကန့်လန့်

ဖြစ်နေရပြန်ပြီ၊ မောင်လွဏ်းကို ဂရုစိုက်မနေနဲ့၊ ရှင်ထင်တ

နှစ်မျိုးကို ဆက်ပြော"

"အိမ်ကြီးမာယာထဲက စောသဥ္ဇာဖြစ်ချင်ဖြစ်. . . မဖြစ်

ရင် အိမ်ကြီးမာယာထဲက သားကောင်ဖြစ်သွားရတဲ့ အမျိုးသမီး

စောသဥ္ဇာဟာ အမြွှာညီအစ်မ၊ ဒါမှမဟုတ် အထက်အောက်ဆ





တူ ညီအစ်မအနေမျိုးတော်စပ်နေရမယ်၊ စောသဥ္ဇာမှာ အမြွှာ

ညီအစ်မရှိ မရှိဆိုတာကို နန်း မသိခဲ့ဖူးလားဟင်"

"နန်းကို စောဘာမှမပြောဘူး၊ နန်းလည်း အဲ့ဒီလို

မတွေးမိခဲ့ဘူးလို့ မေးမကြည့်ခဲ့မိဘူး"

မောင်လွဏ်း ဖင်တကြွကြွနှင့် စိတ်မသက်မသာဖြစ်

နေတာ အားလုံးသတိပြုမိသွားပြီး စကားရပ်ဆိုင်းထားလိုက်မိ၏။

ဇေဖြိုးက မောင်လွဏ်းကို ပခုံးဆက်တိုက်လိုက်ပြီး. . .

"မင်း ဘာဖြစ်နေတာလဲ မောင်လွဏ်းရာ"

"ရှေ့မျက်နှာ နောက်ထားပြီး ကြောက်အားနဲ့ပြောပါရစေ

ညီလေး၊ ညီမလေးတို့ရယ်"

မောင်လွဏ်းပြောဆိုသံနှင့် ဟန်ပန်ကြောင့် မိန်းကလေး

တွေ ကောင်းချီးပေးလာပုံမှာ. . .

"အံမယ်"

"ရှံ့စရာကြီး"

မောင်လွဏ်းက ချီးပသံများကို တစ်စက်ကလေးမှ ဂရု

မစိုက်သည့်ပုံစံဖြင့် ဝမ်းနည်းဟန်ပန်ဖမ်းပြီး နှာခေါင်းကို တရှုံ့ရှုံ့

လုပ်ပြနေ၏။

ခင်မိုးဝါက အံ့ကြိတ်သံဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ပြောချင်တာကို လိုတိုရှင်းဘွင်းဘွင်းပြောလိုက်လေ"

"ညီမလေးတို့က အစ်ကို့စကားမှ နားမထောင်ကြတာ အစ်ကိုက စေတနာနဲ့ သတိပေးဖို့ကြိုးစားသေးတယ်၊ ဒါပေမဲ့ မရတော့ဘူး၊ မင်းတို့အားလုံး နောက်ကျသွားပြီ။ ပါးစပ်တွေ ပိတ်ပြီး အသက်ရှူတာ ရပ်တန့်ထားလိုက်ကြပါတော့ကွာ"

မိန်းကလေးတွေက စိတ်မရှည်ဟန်ဖြင့် သံပြိုင်လိုလိုပင် . . .

"ဘာဖြစ်လို့လဲ" ဟု အော်ဟစ်မေးကြ၏။ မောင်လွှဏ်းက. . .

"အစ်ကိုကြီး ကျန်းမာရေးနဲ့အညီ ဗိုက်ထဲက ခံစားချက်ကို လွှတ်ထုတ်လိုက်ပြီကွာ"

"ဘာလဲ"

"လေလည်လိုက်တာဟ၊ ရှင်းပြီလား"

မောင်လွှဏ်းအော်သံအဆုံးမှာ အားလုံး အမြန်နှာခေါင်းပိတ်ပြီး စိတ်ထဲမှ မောင်လွှဏ်းကို ဖမတ္တာပို့ကုန်ကြ၏။

စကားပြောလျှင် အာပေါက်ကျယ်ကျယ်ဖွင့်၍ ပြောတတ်သော မာဆွေမှာ မောင်လွှဏ်းရဲ့ လေညှင်းနှင့် သူမခံတွင်းကို နှစ်ပါးခင်ပြီး ရင်တွင်းရစ် အော်ဂလီဆန်ကာ တထွီထွီ တထွေး





တွမ်။

အားလုံးရဲ့ ပြစ်တင်မာန်မဲဒဏ်ကို မောင်လွှဏ်းက ပြုံးပြုံးလေးနှင့် ကော့၍ပင်ခံလိုက်သေး၏။

❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

နန်းနွယ်နွယ်၏ ကူညီပေးမှုဖြင့်ပင် နောက်တစ်ကြိမ် စောသဥ္ဇာနှင့် ဆုံတွေ့ဖြစ်ကြပြန်၏။ နန်းနွယ်နွယ်က စောသဥ္ဇာကို တီးခေါက်မေးကြည့်ချင်နေ၏။

သူက အသာတားထားပြီး စောသဥ္ဇာစိတ်ကြည်နူး ရွှင်လန်းတက်ကြွလာချိန်ကို စကားနှင့် မျှားခေါ်ဆွဲတင်လာ၏။

သူဖြစ်စေချင်သည့် စိတ်အနေအထားမှာ စောသဥ္ဇာ ပျော်ဝင်သွားစဉ်. . .

နန်းနွယ်နွယ်ကို အကြည့်ဖြင့် သူအချက်ပြလိုက်၏။

သူ့ထက်ပင် ပို၍ သိချင်စိတ် ပြင်းပြနေသော နန်းနွယ်နွယ်က ဟောဟောဒိုင်းဒိုင်း မေးချလိုက်၏။





စောသဥ္ဇာ ကြိုတင်တွေး တောထားမိပုံမရ။ အလူးအလဲငြင်းဆန်ဖို့ ပြင်ဆင်သေး၏။

နန်းနွယ်နွယ်က ညီအစ်မလို သဘောထားသူအချင်းချင်း အပေါ်မှာပင် လျှို့ဝှက်ချင်နေသော သူမကို နားမလည်နိုင်ကြောင်း မျက်ရည်လေးဝဲပြီး အမှုအရာကောင်းကောင်းဖြင့် ပြောဆိုလိုက်သောအခါ. . .

စောသဥ္ဇာ စိတ်မကောင်းသည့်မျက်နှာလေး ဖြစ်သွား၏။

သူက. . .

''ကျွန်တော်တို့က ကူညီလိုစိတ်နဲ့ သိချင်တာပါ။ သိချင်လို့စိတ်နဲ့ ကူညီချင်နေတာမဟုတ်ပါဘူး၊ အဲဒီအိမ်ကြီးမှာ အတော်ဆိုးဝါးတဲ့ ပြဿနာတွေတော့ ဖြစ်နေလေပြီဆိုတာ''

သူ့စကား မဆုံးခင်မှာပင် စောသဥ္ဇာ ဆတ်ခနဲ ထသွား၏။ သူနှင့် နန်းနွယ်နွယ်ကြောင်အမ်းအမ်းဖြစ်ကျန်ရစ်ခဲ့၏။

သူက. . .

''မြန်မြန်လိုက်ရအောင်''

''သူ့အစ်ကို တစ်ယောက်ယောက်များ ကျောင်းထဲရောက်လာတာ တွေ့လို့များလား၊ မေးတာမကြိုက်လို့ စိတ်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



သွားတာလား''

''ဟိုမှာ အဝေးကိုရောက်သွားပြီ''

''ကိုဝေဟာန် မလိုက်ခဲ့နဲ့တော့၊ မိန်းကလေးအချင်းချင်း ဆိုရင် သူပြောချင်ပြောမှာ''

''သူဆိုတာ ကျွန်တော်ထင်တဲ့ နှစ်ချက်ထဲမှာ အကျုံးဝင်နေတာ သေချာပါပြီ၊ သူ့ဆီက သိလာသမျှကို နန်းကပြန်မလျှို့ထားနဲ့နော်၊ ပြန်ပြောရမယ်''

နန်းနွယ်နွယ်က သူ့စကားဆုံးအောင်နားမထောင်ဘဲ စောသဥ္စာသွားရာနောက်ကို လိုက်သွား၏။ သူ့စကားဆုံးအောင် အော်ပြောလိုက်သော်လည်း နန်းနွယ်နွယ်ခမျာ စိတ်တွေလှုပ်ရှားနေ၍ အလေးထားမည်၊ ကြားလိမ့်မည်မထင်။

သူ့မှာ ချီတုံချချဖြင့် ဆင်နင်း၍မရသောလမ်းကို လှမ်းမရသည့် ဆင်လို မျက်နှာကြီးအိုပြီး နောက်ကြောင်း ပြန်လှည့်လာခဲ့ရ၏။

တစ်ဖွဲ့လုံးက မောကြီးပန်းကြီး ပြန်ရောက်လာမည့် သူ့ကို အင်တာဗျူးဖို့ စောင့်နေကြမှာသေချာ၏။

ဟန်နီ ဒေါ်သက ပြော၍မရ။

အင်တာဗျူးမှာ . သူ့ချစ်ခြင်းတွေ ကျရှုံးသွားနိုင်သည်။





စိတ်ပျက်လက်ပျက်ဖြင့် ရောက်လာသော နန်းနွယ်နွယ်ကို သူတို့ထပ်မံ ဝိုင်းမေးကြပြန်၏။ အမေးခံရပြီး၊ အသုံးမကျသူအဖြစ်သတ်မှတ်ခံရသော သူ့ကို တစ်ရှူးပေးပါ ပမာလိုရာသုတ်ပြီး စွန့်ပစ်ထားကြ၏။

နန်းနွယ်နွယ်က. . .

''နန်းကိုအပေါင်းအသင်းစာရင်းက ဖျက်လိုက်ပြီလို့ အစော ပြောလိုက်တာပဲ ခံခဲ့ရတယ်၊ ကိုဝေဟာန်ရဲ့ ကောင်းမှုနဲ့ ရှင်တို့ရဲ့ ဝိုင်းတွန်းပို့မှုကြောင့် နန်းမှာတော့ သူငယ်ချင်းကောင်းတစ်ယောက်ကို လက်လွှတ်ဆုံးရှုံးလိုက်ရပြီး နန်း ဝမ်းနည်းတယ်။

အစော မကြိုက်မှန်းသိရက်နဲ့ ရှင်တို့အပေါ် တာဝန်ကျေချင်တဲ့ဖောနဲ့ အတင်းလိုက်မေးမိတယ်၊ လူမှုရေးစည်းဘောင်တွေ ကျော်ကုန်တာကို သတိမပြုမိတော့ဘူး၊ အခုတော့ . . . အခုတော့. . .''

ထပ်မံ မျက်ရည်ကျပြန်သော နန်းနွယ်နွယ်ကို မစပ်စုကြီးနှစ်ယောက်က ဝိုင်းဝန်းချော့မော့ဖျောင်းဖျကြ၏။ ကိုစပ်စုကြီးနှစ်ယောက်က မျက်နှာသေလေးတွေနှင့် ဟိုကြည့်ဒီကြည့် လုပ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



လူပိုကြီးပမာ သတ်မှတ်ခံထားရသော အသုံးမကျ ေ ာင်ကြီးဖြစ်နေသည့် သူ့မှာလည်း စိတ်မကောင်းခြင်းကြီးစွာ ဖြ ်ရငြ္ဂန်သည်။

သူက သပ်တစ်ချောင်းပမာ နန်းနွယ်နွယ်နှင့် အစောင်္ဂ ြ ားကို ထိုးခွဲခြားနားဖြစ်စေခဲ့ရသူ။ သပ်ကိုရိုက်သွင်းသော တူနှင့် ဒ င်အားတို့က နေသာသဖြင့် ပြီးပြီးရော နေသွားနိုင်ကြပါလိမ့်မည်။

သူက ထိုသို့ ပြီးပြီးရော မနေနိုင်ပါ။ သူ့ကြောင့်ဖြစ်ရ သ ်ှ ကွေကွင်းကွဲကွာမှုကို ပြန်လည် စေးကပ်ပေးနိုင်ရေးသာ ရှေးရှုမတွေးမြ ်ဘာသည်။

ထို ြော င့် ထိုင်ရာမှထပြီး တစ်ယောက်တည်း ထွက် ခဲ့၏။ န ်နွယ်ကို ဝိုင်းချော့နေကြ၍ မစပ်စုလေးယောက် က  ကို သ ်မပြုမိကြ။ သတိပြုမိကြသူ မစပ်စုနစ်ယောက်ကလည်း သူ့ ို သုတ်ပြီးသား တစ်ရှူးပေပါလို သဘောထားကြ၍ ပမ်း ြ  မေးမြန်း တားမြစ်မှုမရှိကြ။

 က်သိပ်သည်းမှုတွေ ဘယ်လောက်တောင် သိပ်သည်းလို့ နှက်စည်းကို ဒီလောက်တောင် အထပ်ထပ်ပိတ်ဆီး တားရတာလဲ စောသဥ္ဇာရယ်။





စောသဥ္ဇာကို သူသွားတွေ့ဖြစ်၏။ အပျော့မခံလိုဟန် ငြင်းဆန်ပြီး စောသဥ္ဇာ ရှောင်ထွက်၏။ စောသဥ္ဇာ သွားလေရာ သူတစ်ကောက်ကောက်လိုက်ပါသောအခါ စောသဥ္ဇာ မ ြ ် သာ၍ အောင့်ကာနမ်းရသည့်သဘောဖြင့် တွေ့ခွင့်ပေး ၏။

"ဘာပြောမှာလဲ၊ မြန်မြန်ပြော"

"နန်းနွယ်နွယ်ကို ပြန်လက်တွဲပြီး အရင်ကလိုပဲ ခင်မင်ပါ၊ ကျွန်တော့်ကြောင့် စောသဥ္ဇာတို့ရဲ့ ဆက်ဆံရေး အရောင်ပြောင်းလဲရတာ စိတ်မကောင်းပါဘူး၊ စောသဥ္ဇာမကြိုက်တဲ့ အကြောင်းတွေ နန်းအနေနဲ့ နောက်ဆို ထပ်မေးတော့မှာ မဟုတ်ပါဘူး"

"ကျွန်မဘာသာ စဉ်းစားဆုံးဖြတ်မယ်၊ ဒါပဲမဟုတ် လား"

"ဒါပဲ"

ဟု သူ တိုတိုပြတ်ပြတ်ပြောပြီး ပြန်ထွက်လာခဲ့သည်။

သူ့နောက်ကျောကို လှည့်၍ပင်မကြည့်သော စောသဥ္ဇာ ရင်ထဲမှာ ဘာတွေဖြစ်ကျန်ရစ်ခဲ့မည်ကို သူမသိပါ။ သူသိသည်မှာ စောသဥ္ဇာ မမြင်နိုင်သောနေရာမှ စောသဥ္ဇာကို သူကလှမ်းမြော်နေရမည့်နေရာကို ရွေးချယ်ဖို့သာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စောသဥ္ဇာနောက်မှ အသာပုန်းလိုက်ကြည့်၏ ထိုသို့ဖြစ်လာနိုင်မှာမျိုးကို စောသဥ္ဇာကြိုတွေးထားမိခဲ့ဟန်တူ၏။ နောက်ကြောင်းကို မကြာခဏစစ်ဆေးကြည့်ရှုတတ်၏။

သူက စောသဥ္ဇာရဲ့ နောက်ပြန်အကြည့် ရောက်မလာခင် ပုန်းကွယ်နေရာ ကြိုရှာထားပြီး ရောက်လာလုလုမှာ လှစ်ခနဲ အကွယ်နောက် ရောက်ရောက်နေနေရ၏။

ကျောင်းပြန်လွှတ်သောအခါ စောသဥ္ဇာကို လာကြိုသော ကားကို မြင်လိုက်ရသည်။ ကားမောင်းလာသူမှာ အနက်ရောင် အဝတ်အစားကို အတော်လေးကြိုက်နှစ်သက်ပုံရသော သူတို့နှင့် ရန်သူလို မိတ်ဆွေတော်ကြီးဖြစ်သော နေမိုး[illegible] နေမိုးသစ် အစစ်ဖြစ်နေလေ၏။

နေမိုးသစ်ရဲ့ ကားပေါ်မှာ စောသဥ္ဇာပါလာစဉ် စောသဥ္ဇာ မြင်သာအောင် လမ်းဘေးသစ်ပင်အကွယ်မှ သူ လူယုံထွက်ပြပြီး လက်ဖေ့ယမ်းနှုတ်ဆက်လိုက်၏။

တစ်ဖက်မှ ကားမောင်းနေသော နေမိုးသစ်က သူ့ကို မမြင်။ စောသဥ္ဇာက သူ့ကိုမြင်ပြီး မျက်မှောင်ကြုတ်သွား၏။ သူက တွက်ရခက်ခဲလွန်းသော ပုစ္ဆာရဲ့ ပေးထားချက်အသစ်ကို ရသလောက် အဓိပ္ပါယ်ဖွင့်ပစ်လိုက်နိုင်၍ ကျေနပ်ရွှင်မြူးသော





စိတ်ဖြင့် ဟန်နီကို ချွေးသိပ်ရန် အပြေးအမြန်. . .။

🙞 🙞 🙞 🙞

အပြောင်းအလဲမြန်သော ချစ်သူထံမှ ချီးကျူးသံကို တယောလို နားဝင်ချိုရှိလိမ့်မည်ဟု သူထင်မှတ်ခဲ့၏။ သို့ပြား အမှန်တကယ် ဖြစ်ပေါ်ခံစားလိုက်ရသောအခါ နဲ့မမှုတ်တတ်သူရဲ့ နဲ့မှုတ်သံကြီးလို ကြားလိုက်ရသလိုပင်။

သူမရဲ့ အချစ်က သူမရဲ့ လိုအင်ဆန္ဒ အတ္တဗဟိုချက်မှာ တည်ဆောက်ထွက်ပေါ်လာသော အာသီသ ချဉ်ခြင်းနှင့် ရောပြွန်းသည့် ချစ်ခြင်းမျိုးဖြစ်နေလေသည်။

မည်သည့်အရာမျှ မရောသော ချစ်ခြင်းသန့်သန့်မဟုတ်။ သူထင်ထားသည့် မျှော်လင့်မှုအမြင့်ဆုံးစံချိန်တွေ တောင်တန်း ရှည်လို လဲကျတွန့်ခေါက်ရာမှ ချေပြင်ညီပမာ ဖြစ်၍ဖြစ်၍လာ သလို သူ့ရင်တွေက ကစဥ့်ကလျား ရွေ့လျားပြောင်းလဲကုန်ကြ ၏။

“သူ တကယ်တော်တာ ကျွန်မသိပြီ၊ ဒါကြောင့် အားကိုး နေရတာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



ချီးကျူးသံကမကုန်။ ဟုန်နေသော အကြားအာရုံထဲမှာ မီးမြှိုက်ကင်ထားသည့်အပ်နှင့် ထိုးဆွခံလိုက်ရသလိုပင်။ အပေါင်း အသင်းတွေကလည်း သံယောင်လိုက်ပြီး ကောင်းချီးပေးနေကြ၏။

အိမ်ကြီးမာယာထက် မိန်းမမာယာက ပို၍ ဆန်းကြယ်လှ၏။ ဟန်နီက. . .

"စောသဥ္စာကို နေမိုးသစ်ရဲ့ညီမမှန်း သိသွားပြီ၊ ဘာဆက်လုပ်ကြရင်ကောင်းမလဲ"

"စောသဥ္စာကို မရရအောင် မေးမြန်းကြတာပေါ့"

ခင်မိုးဝါရဲ့ စကား၊ မေသဇင်ဖူးက. . .

"ဘူးပဲကွယ်နေမှာပေါ့၊ သူ့အစ်ကို ဒုက္ခရောက်အောင် သူ ဘယ်ဖော်ရဲပါ့မလဲ"

မာဆွေက ဗေဒင်ဆရာမကြီး အိုက်တင်ဖြင့်. . .

"စောသဥ္စာနဲ့ နေမိုးသစ်တို့ ရှိးသားရင် ဒီလိုလျှို့ဝှက်စရာ အကြောင်းကို မရှိဘူး၊ လျှို့ဝှက်နေကတည်းကိုက မရိုးသားတာပဲ။

ဟန်နီက. . .

"ဟုတ်တယ် နေမိုးသစ်ကို တဲ့တိုးတွေ့ရရင်ကောင်းမယ်၊





ရှင့်မှာ ညီမရှိတာ ဘာလို့မပြောခဲ့ရတာလဲ၊ လိမ်ညာထားတယ် အဲ့ဒါဘာသဘောလဲ၊ မရိုးသားတဲ့သဘောပဲ၊ အဲ့ဒါဆိုရင် နေ[illegible] ဘာပြန်ဖြေလာနိုင်မလဲ ငြင်းချက်၊ ဝန်ခံချက် တစ်ခုခု[illegible]

နေမိုးသစ်ဟာ တကယ်ကို စိတ်ဝင်စားဖို့ကောင်း[illegible] လူရည်သန့်တစ်ဦးဖြစ်သလို အလွန်လျှို့ဝှက်တဲ့ အကြောင်း[illegible] ပူးတွဲချည်နှောင်ထားတဲ့ ဒိုင်းနမိုင်းလို လူစားမျိုးလည်း [illegible] တယ်၊ အဲ့ဒါကိုက အံ့ဩစရာတွေထက်ပိုမို အံ့ဩစရာ [illegible] တဲ့အချက်ပဲ"

ဖေဖြိုးက. . .

"နေမိုးသစ် တစ်ယောက်တည်းကိုပဲ ဦးတည်[illegible] ပြောနေတာ ဘယ်နှစ်ကြိမ်ဘယ်နှစ်ခါရှိပြီလဲ ဟန်နီ. . . ဟော[illegible] တရားဝင်ရည်းစားကြီး ဝေဟန်ကို အားနာဖို့တော့ ကောင်[illegible] တယ်၊ အပြောလျှော့ပါ။ နေမိုးသစ်ဒိတာထက် အကြောင်း[illegible] ကိုပိုပြီး ဖောင်းပေးဆွေးနွေးစမ်းပါ"

"ငါနားလည်ပြီးသား ဖေဖြိုး၊ နင် ဆရာလာလုပ်[illegible] အရှိတရားအတိုင်း ပြောနေတာကို အသိတရားနဲ့ [illegible] ပြောမနေနိုင်ဘူး၊ အပြောချိုပြီး စိတ်ပုတ်တဲ့ ဂျိး[illegible] မိန်းမတွေထဲမှာ ငါမပါဘူး၊ ဒီနေ့အထိ ဝေဟန့် အပေါ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



မဖောက်ဘူး''

မောင်လွှဏ်းကဝင်၍. . .

''နောက်ဆိုရင်တော့ ပြောလို့မရဘူးဆိုတဲ့သဘောပေါ့ နော်''

''အဲတည်ပြောနေတဲ့အချိန်မှာ လာမနောက်နဲ့ဟာ. . . ဝေဟာန် ရှင်ရဲ့နှစ်ကောင် ဒီလောက်တောင် ဟောင်နေတာတောင် ရှင်နေနိုင်သလား၊ ကိုယ့်ချစ်သူကို စော်ကားရသလားဆိုပြီး ပိတ်ကန်ကျောက်ပစ်လိုက်ပါလား''

သူက နေတတ်သလို ရယ်ပြလိုက်၏။ မောင်လွှဏ်းက အစာမကျေဟန်ဖြင့် ဟန်နီကို လှမ်းပြော၏။

''ငါတို့ပြောသမျှကို ဟောင်တယ်လို့ နင်ထင်တယ်ပေါ့ ဟန်နီ''

''အေး. . . ထင်တယ်. . . ထင်တယ်''

''ဒါဆို အခု ငါတို့ပြောနေတာ နင်နဲ့ဆိုတော့ ငါတို့ စကားကို နင်နားလည်နေတာပေါ့၊ ဒါဆို နင်နဲ့ငါတို့အတူတူ သတ္တဝါဖြစ်သွားကြပြီ. . . နင်လည်း. . .''

''နင်တို့နော်. . . ငါ့ကိုများ. . . ဟင့်''

''သူ့ကိုပြောတာကြတော့ နာတတ်လိုက်တာ၊ သူများ





ဆိုရင်နှစ်ပြားမတန်အောင်ပြောတယ်၊ ပြောထား၊ ပြောထား၊ နင့်ထက်ငါက အသက်တစ်နှစ်ကြီးတယ်၊ ဖေဖြိုးက သုံးလကြီးတယ်၊ အသက်ကြီးတဲ့ လူတွေကို စော်ကားရင် နင်သွားရမယ့်လမ်းက ဖြူးဖြူး ဖြောင့်နေတာပဲ၊ ဆက်ပြော''

''ငါ့ကို ငရဲပို့မနေနဲ့၊ နင်တို့က အမြဲတမ်းနောက်ပြောင်နေတာကိုး၊ အဲ့ဒီ ဝေဟာန်ကလည်း ဘာမှကို ဝင်မပြောတော့ဘူး၊ ဒီနေ့မှာ သူဘာဖြစ်နေမှန်းကို မသိဘူး၊ လူကိုလည်း မူပြောင်းချင်တဲ့ အကြည့်စိမ်းစိမ်းကြီးတွေနဲ့ ခါးခါးသီးသီးလို စိုက်စိုက်ကြည့်နေတယ်၊ မနေ့က သူ့ကို ဝိုင်းအပြစ်တင်လိုက်ကြတာကို သူစိတ်ဆိုးသွားပုံရတယ်။

အဲ့ဒီကတည်းက ကိုယ်ပျောက်သလိုပျောက်ပြီး အခုမှ သူ့အဖော်ယူလာတဲ့ သတင်းကောင်းနဲ့ ပြန်ရောက်လာတော့တယ်''

သူကဝင်၍. . .

''ဒါ့ပိပ်မပြောနဲ့ မောနေပါဦးမယ်၊ ဟန်နီ မင်းက ကိုယ့်ကို အမြဲအသာစီးရယူချင်နေတဲ့သူဆိုတော့ ဒီနေ့ကစပြီး မင်းကြိုက်သလိုသာ ယူဆထင်မြင်ပါတော့''

''ရှင်. . . ဘာစကားပြောလိုက်တာလဲ၊ ကျွန်မကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပျက်သွားလို့ စိတ်ကုန်သွားလို့ လမ်းခွဲစကားပြောတာလား''

သူ ပခုံးတွန့်ပြခြင်းသာ တုံ့ပြန်လိုက်မိ၏။ ဟန်နီက ဆွေ့ဆွေ့ခုန်သွားဟန်ဖြင့်. . .

''ရှင်ပြော. . . ရှင်းအောင်အပြတ်ပြော၊ အမျှင်တန်းပြီး နောက်မှ လာလွမ်းပြမနေနဲ့၊ ပြော. . . ပြောလေ''

အားလုံးရှေ့မှာ သူ့ရဲ့ကောင်းဆန်သူကြီး မှက်ထင်သော သညာအမှားကြီးဖြင့် ရဲဝံ့မာန်တက်စွာ ဖောက်ခွဲပြသနေသော ဟန်နီကို သူ စိမ့်ခနဲ မုန်းတီးလာ၏။

''ဟုတ်တယ်''

ချက်ချင်းပင် လှည့်မကြည့်ချင်လောက်သော အမုန်းဖြင့် အားလုံးကို ကျောခိုင်းထွက်ခွာလာလိုက်၏။

''ရတယ်လေ. . . ရှင်နဲ့ကျွန်မ လုံးဝပြတ်ပြီ''

ထောင်းခနဲဒေါသကို ကျိတ်မျိုချပြီး ရှေ့သို့သာ သွက်သွက်လှမ်းလာလိုက်သည်။ ချီးကျူးသံတွေနှင့် ညံ့ဝေပျော်ရွှင်နေမည်ထင်မှတ်ခဲ့သောကာလ။ လမ်းခွဲပြတ်စဲသော အမုန်းတွေ ရုတ်တရက် ပြိုကျလာ၍ အခြေအနေတွေ ကျွမ်းဝဒိုးမှောက်ခုံ ပြောင်းလဲရသည်ကို ရင်နှင့်ရင်းပြီး ယုံလိုက်ရတော့သည်။

ရင်နှင့်ရင်းသော ချစ်ခြင်းကြွေသံတွေရဲ့အဆုံးမှာ အသက်





နှင့်ရင်းသော ချစ်ခြင်းရဲ့ခြေသံတွေ ကြားရနိုင်၏ အခုတော့. . . သူ့ဘဝမှာ. . .

အသက်နှင့်ရင်းသော ချစ်ခြင်းတွေသာ ကြွင်းကျန်စွာ နှင့်. . .။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

ဟန်နီဟု ချစ်စနိုးခေါ်သော "ချယ်ရီနန္ဒီ"နှင့် သူ ချစ်သူ သက်တမ်း သုံးလနှင့်ဆယ့်ရှစ်ရက်မှာ ပြတ်စဲလမ်းခွဲခဲ့ကြ၏။ အားလုံးက နှစ်ဖက်စိတ်ဆိုးစဥ် ခဏဖြစ်ကြတာပါဟု ထင်နေကြသည်။

သူနှင့်သူမက အချင်းချင်း ရိပ်စားနားလည်မိနေ၍ လမ်းခွဲခြင်းသာ အကောင်းဆုံးအဖြေဆိုတာကိုသိ၍ အမှန် လက်ခံထားလိုက်ကြပြီ။

နေမိုးသစ်ကို တွေ့ပြီးမှ ဟန်နီ ပြောင်းလဲသွားသလို စောသဥ္ဇာကို တွေ့ပြီးမှ သူလည်း ပြောင်းလဲစိတ် ဝင်သွားမိ၏။

သို့ဆိုလျှင် နေမိုးသစ်ကို ဟန်နီ ပြောင်းလဲချစ်မိတာ





ကျိန်းသေပြီးသား။ စောသဥ္ဇာကို သူ ပြောင်းလဲရင်ခုန်မိသည်မှာ တပ်အပ်သေချာပြီလား။ ဖဝေဖဝါသာရှိသေးသော အခြေအနေများနှင့် ယခင်အချစ်တွေ ပျောက်သွားအောင် ဖဝေဖဝါ အခြေအနေက ဝင်ခါးပြတ်တောက်ပေးလိုက်ပုံမှာ ပဥ္စလက်ဆန်လွန်း၏။

စိတ်ခံစားမှုနယ်ပယ်၌ ပဥ္စလက်ဆန်မှုသည် သာမန်အသွင် ဖြာထွက်ပြောင်းလဲဖြစ်ပေါ်မှု သက်သက်တစ်မျိုးသာ။

သူ့အထင်၌ သူမကြိုက်သော ဟန်နီစရိုက်ကြောင့် ချစ်ခြင်းတွေခါးတောက်သွားရသည့် အကြောင်းခံပါဝင်နေ၏။

ဟန်နီ့အထင်ကို မှန်းဆပြောရလျှင်ဖြင့် သူမရဲ့လိုအင်ကို မလိုက်နိုင်သော လူညံ့လူချော်တစ်ယောက်အဖြစ် သူ့ကို သတ်မှတ်ထ ပြင်သွား၍ ချစ်ခြင်းတွေ ခါးတောက်ကာ မာနမာန်မောက်ထ နဲ့ ပြပ်သားပြသွားတာမျိုး သဘောဆိုးတွေ ပါဝင်လမ်းခွဲသွားခြင်းဖြစ်ပါလိမ့်မည်။

ရှိပါစေတော့. . . ။

မိုးဘယ်နှစ်ကြော့ ရွာရွာ. . . အမြင့်ဆုံးတောင်ထိပ်တွေမှာ ရေမကြီးနိုင်ပါဘူး။

လွမ်းတာကို နာတာနဲ့ဖြေ။ ကြာလာလေမေ့နိုင်လေလေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် ခံယူအတတ်တို့သည်လည်း ဤအရပ်နှင့်ဤအမှတ်မှာ လိုမှမလိုအပ်တာပဲလေဟုသာ အောက်မေ့သမှု ပြုရမိတော့သည်။ အဓိပ္ပါယ်မရှိသောလုပ်ရပ်။

အိမ်ကြီးမာယာနှင့် အိမ်သားတွေရဲ့ အရေးအရာမှာ အစိမ်းသက်သက်ကြီးနှင့် အတင်းစွတ်မွှေနေတာ ဖြစ်သင့်ဖြစ်ထိုက်တာလည်း မဟုတ်ဘဲလေ။

သူမဝါသနာပါရာ စုံထောက်ပညာကိုလည်း သူမ အကြိုက်လိုက်ပြီး လူပေါလူကြောင်ကြီးဖြစ်တဲ့အထိ မိုက်မဲမနေသာချင်တော့ပါဘူး။

သူမဘာသာ ဝေးရာမှာ ရှုးချင်သလို ရှုးပါစေတော့။

နံနက်သုံးနာရီထိုးလျှင် ထကျင့်ရှိ၍ နိုးနေမိ၏။ လမ်းလျှောက်ဖို့ အကြောင်းရင်းမရှိတော့ ကိုယ့်ဘာသာ ကျန်းမာရေးအတွက် လမ်းလျှောက်လိုလျှင် ဟန့်နိုင်တို့နှင့် မဆုံတိုးနိုင်သောလမ်းကိုရွေးလျှောက်မှ ဖြစ်ပေလိမ့်မည်။ လမ်းမလျှောက်လို။

ဘုရားစင်ရှေ့မှာ သန့်ရှင်းရေးဝတ်ပြုပြီး သောက်တော်ရေမြတ်ကို ကပ်လှူဒါန်း၊ အမွှေးနံ့သာတိုင်တွေ ထွန်းညှိပူဇော်ကာလက်အုပ်ချီမိုး၍ ရိုကျိုးကြည်ညိုစွာ ရှိခိုးကန်တော့မိ၏။

အတိတ်က ဘာတွေဆိုးခဲ့၊ ပေခဲ့၊ မှားခဲ့၊ လုပ်ခဲ့မိပါစေ





ထားလိုက်ပါတော့. . .

ယခုပစ္စုပ္ပန်အချိန်မှာ ကောင်းသောဝတ်ပြုခြင်းဖြင့် သီလယူ၍ အာနပါနတရားတော်ကို ကျင့်ကြံပွားများအားထုတ်ခြင်းသည်သာ လူ့ဘဝနေနည်းကို တတ်ပွန်းကုံလုံရာဟု ဘာသာအောက်မေ့ဆင်ခြင်သမှု ပြုလိုက်မိသည်။

အာနာပါနကျင့်စဉ်တွေက စိတ်ကစဉ့်ကလျားဖြစ်စဉ်ကို ကျဉ်းချုံ့ပေး၏။ ထွက်လေဝင်လေကို ထိသိသတိဖြင့် မပြတ်တမ်းရှုမှတ်သောအခါ ညောင်းကိုက်နာကျင်အိပ်ချင်ခြင်းတွေ ခန္ဓာမှတလွင့်လွင့်ကွာကျန်ကြသည်။ ငြိမ်းချမ်းရာအစစ်မဟုတ်သော်လည် ငြိမ်းချမ်းရာအဖြစ်ကလေးကို ရရှိလာ၏။

နံနက်ခင်း မိုးစင်စင်လင်းသွားသည်ကို မသိလိုက်။

တရားထိုင်လိုက်၍ ခြေတွေညောင်းကိုက်တာကို လက်နှင့် ထုချေဖြေယူနေရင်း ငှက်ကလေးတွေ စိုးစီဆူညံနေတာကို ငေးမောကြည့်နေမိ၏။

ချစ်သူနှင့် လမ်းခွဲစကားကို သတိရစရာအဖြစ်တွေ ဝင်လာလျှင် ရင်ကနာကျဉ်ကျဉ်။

''ဘာမှ အကြောင်းရင်း ကြီးကြီးကျယ်ကျယ်မဖြစ်ဘဲနဲ့ မင်းတို့ကွဲသွားလိုက်ပုံကလည်း တစ်မျိုးကြီးပါပဲ ဝေဟင်ရာ''



www.burmeseclassic.com

www.burmeseclassic.com



မောင်လွဏ်း ပြောခဲ့သလိုပင် သူနှင့်ကိုယ်နှင့် ထိပ်တိုက် ပြဿနာဝင်လာ၍ လမ်းခွဲပြတ်စဲခဲ့ရခြင်းလည်းမဟုတ်။

''ကြားလေသွေးလို့ ဝေးရတာထက် ကြားလေခွင်းလို့ ကွေကွင်းရတဲ့အဖြစ်မျိုး ဝေဟာနဲ့ ဟန်နီ တည့်တည့်ကြီး တိုးမိ တာပဲပေါ့ကွာ''

ဖေဖြိုးဆိုသလိုပင် ကြားလေမှု၍ ကွေကွင်းခဲ့ရခြင်းသာ အကြောင်းရင်းခံဖြစ်နေရတာကို တွေးမိတိုင်း စိတ်ဘဝင်မကျ။

ထိုနေ့ ကျောင်းတက်ချိန်ရောက်သောအခါ တစ်တန်း တည်း၊ တစ်ခန်းတည်းဖြစ်နေသော ဟန်နီကို မျက်နှာချင်းဆိုင် ရမှာ စိတ်ဂနာမငြိမ်ချင်သလိုဖြစ်လာ၍ ပထမအချိန်ကို လွတ် လိုက်ပြီး ကျောင်းဝင်းအပြင် ပြန်လျှောက်လာစဉ် စောသဥ္ဇာနှင့် တည့်တည့်တိုးတော့သည်။ တမင်ချိန်းဆိုထားလျှင် လွဲချင်လွဲဦး မည်။

တစ်ဦးနှင့်တစ်ဦး ရှိုးတိုးရှန့်တန့်ဖြစ်နေကြ၏။ သူ့ကို စောသဥ္ဇာက အမှိုက်ပမာသဘောထားပြီး စိတ်ရှုပ်ဟန်ဖြင့် ရှောင် ထွက်သွားလိမ့်မည်ထင်ခဲ့၏။

ယခုဖြင့် သူ့ကို သိသိသာသာ ကြည့်ပြီး အခေါ်ခံစောင့် သလို စောင့်နေလေသည်။





ထို့ကြောင့် သာလျှင်. . .

''ဘယ်ကိုလာတာလဲ မစောသဥ္ဇာ၊ နန်းနွယ်နွယ် အခန်း ထဲရောက်နေလောက်ပြီ''

''ရှင်ကော ဘယ်သွားမလို့လဲ''

ခေါင်းခါပြခြင်းသာ တုန့်ပြန်လိုက်၏။ စောသဥ္ဇာက စားသောက်ဆိုင်တန်းဘက် ခြေဦးတည့်လာသောအခါ သူ နောက်က အလိုက်သင့် လျှောက်ပါလာမိ၏။

ဆိုင်ရောက်၍ စားသောက်ရင်းမှ. . .

''ဒီကျောင်းထဲကို စောသဥ္ဇာ ဘယ်တော့မှ လာတော့မှာ မဟုတ်ဘူးလို့ ထင်နေခဲ့တာ''

''ကျောင်းက ဆရာမတစ်ယောက်နဲ့ အဖော်လိုက်လာ တာပါ၊ ဆရာမက ဒီကျောင်းကို သူ့ရဲ့ကော့စ်နဲ့ လာတာလေ။ ဆရာမအလုပ်ရှုပ်နေတာမို့ တစ်ယောက်တည်း အညောင်းပြေ လမ်းလျှောက်ထွက်လာရင်းနဲ့ ရှင်နဲ့ အခုလိုတွေ့ရတာပဲ။ ကျွန်မက ကျောင်းတော်ကြီးကို မလာချင်လောက်အောင် ဘာ အကြောင်းကြီးကြီးတွေမှ ဖုထစ်ခဲ့တာ မရှိပါဘူး။''

''နန်းနွယ်နွယ်နဲ့ ပြန်ပြေလည်သွားပြီလား''

''အဲဒီလိုဆိုရင်လည်းရပါတယ်၊ ကျွန်မ ရှင့်ကိုတွေ့ချင်



www.burmeseclassic.com

www.burmeseclassic.com



နေတာ နန်းနွယ်နွယ်ကြောင့်ပဲ၊ နန်းက ရှင်နဲ့ရှင့်ရည်းစား လမ်းခွဲဖြစ်ခဲ့တဲ့အကြောင်းကို အသေးစိတ်ပြောပြခဲ့ဟယ်၊ ကျွန်မ ကြားသိပြီး စိတ်မကောင်းဖြစ်ရတယ်''

စောသဥ္ဇာ၏စကားကြောင့် သူ တအံ့တသြ ပြန်ကြည့်မိ၏။

''မင်းဒီလောက်အထိ ဆက်ဆံရေး ပြေပြစ်လာလိမ့်မယ်၊ တစ်ဖက်သားအပေါ် နားလည်လာလိမ့်မယ်လို့ လုံးလုံးကို မထင်ခဲ့မိဘူး''

သူ့စကားကြောင့် စောသဥ္ဇာက တအံ့တသြ ပြန်ကြည့်လာ၏။ သူက သဘောရိုးဖြင့် ပြန်ကြည့်လိုက်သောအခါ. . .

''ရှင်တို့ ဘာဖြစ်လို့များ ကျွန်မရဲ့အတွင်းရေးကို သိချင်နေကြရတာလဲ''

''ကိုယ်မသိချင်ပါဘူး''

''ရှင် လိမ်ညာတာပဲ၊ ဟိုတစ်နေ့က ကျွန်မအစ်ကိုရဲ့ ... နဲ့ ကျွန်မလိုက်သွားတဲ့အပေါ်မှာ ရှင် ခြေရာခံကြည့်ပြီး သိသိသာသာ လုပ်ပြခဲ့တာ ကျွန်မမြင်တယ်၊ ကျွန်မ လိမ်ညာတာ ကြိုက်ဘူး''

''အရင်ကသိချင်တယ်၊ အခု မသိချင်တော့ဘူး. . .





လျှို့ဝှက်ချက်ဆိုတာ လူတိုင်းမှာရှိတယ်၊ ဘယ်သူ့ကိုမှ မယုံရဘူး၊ ဘယ်ပြောလို့ဖြစ်မှာလဲ. . . ဒါကို ကျွန်တော် သဘောပေါက်ပါတယ်''

''ပေါက်ရဲ့သားနဲ့ အရင်ကသိချင်ခဲ့တယ်ပေါ့''

''အဲဒါကလည်း အကြောင်းရှိလို့ပါ''

''ဟန်နီလို့ခေါ်တဲ့ ချယ်ရီနန္ဒီကြောင့်လား''

''စောသဥ္ဇာ သိနေတယ်''

''နန်းက ပြောပြထားတယ်''

''အေးဗျာ၊ အဲ့ဒီအကြောင်းကြောင့် ကျွန်တော်တို့ ပြတ်စဲသွားကြတာပဲ၊ ကျွန်တော်က လူတိုင်းရဲ့ လျှို့ဝှက်ချက်ကို လိုက်ဖော်တာမျိုး မလိုလားဘူး၊ ဟန်နီက စုံထောက်ဝတ္ထုတွေဖတ်၊ စုံထောက်ဇာတ်လမ်းမျိုးစုံကြည့်ပြီး သူမသက်ာတဲ့ အရေးအရာကို ဖော်ထုတ်ချင်တယ်၊ ဒုက္ခရောက်သူကို အကူအညီပေးပြီး ဒုက္ခပေးသူကို ဥပဒေနဲ့ ဆုံးမချင်တယ်။

တကယ်တော့ဟန်နီ လုပ်သင့်တာ ရဲမေဖြစ်ဖြစ်၊ ရှေ့နေဖြစ်ဖြစ်၊ တရားသူကြီးဖြစ်ဖြစ် အဲ့ဒါမျိုးတွေ လုပ်သင့်တာ၊ နေရာနဲ့ ဝါသနာနဲ့ အံချော်ပြီး သူ့ခမျာ ဖြစ်နေရရှာတယ်''

''ကျွန်မတို့ရဲ့ အိမ်သားတွေအကြောင်းကို သူသက်ာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာတွေ၊ နန်းပြောပြလို့ အားလုံးသိရပြီးပြီ၊ ဟန်နီ့အပေါ် ကျွန်မ ဘာဝေဖန်ချက်မှ မပေးချင်ပါဘူး၊ ရှင်ပြောသလို လျှို့ဝှက်ချက်ဆိုတာ ဖွင့်ပြောသင့်တဲ့လူကိုတောင် ဖွင့်ပြောလို့ စိတ်ချရချင်မှ စိတ်ချရတာမို့ ဘယ်လာဖွင့်ပြောလို့ရမှာတဲ့လဲ၊ ကျွန်မရဲ့ အစ်ကိုလတ် နေမိုးလတ်ရဲ့ ရှုးသွပ်တဲ့လုပ်ဆောင်မှု အမျိုးမျိုးကလည်း သဲလွန်စပေးပြီး ဖိတ်ခေါ်လိုက်သလို ဖြစ်နေရပြန်တယ်. . .

ကျွန်မရဲ့အစ်ကိုကြီး နေမိုးသစ်က ရှင်တို့ကို ပြန်လွှတ်ပေးခဲ့တာ၊ သူ့စိတ်အရင်းခံ စေတနာနဲ့ပါ၊ လိုအပ်တာထက် ဟန်နီ့ဘက်က ကျူးရောက်လွန်းတာတွေကြောင့် ကြာရင် ကျွန်မရဲ့ အစ်ကိုကြီးနဲ့ မဖြစ်သင့်တာတွေ ဖြစ်ကုန်နိုင်[illegible]။

ဒါတွေသိလို့ ရှင်ကတစ်ဆင့် ရှင့်ရည်းစားဟန်နီကို ဟန့်တားစေချင်လို့ ပြောပြမယ်ဆိုပြန်တော့ ရှင်တို့က လမ်းခွဲသွားပြီ''

''ဟန်နီ ဒီနေ့မနက်က ခြံထဲကို ကျူးဝင်သေးလား''

''သူတို့ကချောင်းပြီး စောင့်ကြည့်နေတယ်၊ အစ်ကိုကြီး သိတယ်၊ အစ်ကိုကြီးက လူရိပ်လူယောင်တွက်ပြပိုက်မှ သူတို့ ပြန်လှည့်သွားကြတယ်၊ ဟန်နီက မိန်းကလေးဖြစ်ပြီး ကိုယ်နဲ့





မဆိုင်တာကို ဒီလောက်အထိဖြစ်နေရတာ ကျွန်မတော့ တွေးလို့ကို မရဘူး''

''အဲ့ဒါ ဟန်နီ့အကျင့်လေ၊ သူစိတ်ဝင်စားမိရင် ရေဆုံးရေဖျားလိုက်ပြီး ရအောင်ဖော်ယူတော့တာပဲ၊ မရရင် သူ နေရထိုင်ရ မရှင်ပြချင်တော့ဘူး၊ စိတ်ထဲမှာ တနုံ့နုံ့နဲ့ ထစ်နေတော့တာပဲ. . .

အဲ့ဒီအကျင့်ကြီးကို ဟန်နီမဖျောက်ဘဲ မွေးလာတာ ဒီနေ့အသက်အရွယ်အထိပဲ၊ ကိုယ်က သူ့ကို သတင်းထောက်လုပ်စားဖို့ မကြာခဏ တိုက်တွန်းဖြစ်တယ်၊ သူက ပါသနာအရ ဆိုင်းသံဗုံသံကြားရင် မက မနေနိုင်တဲ့ ရှုပိုးစိန်တွေလိုပဲ၊ ဝါသနာအရ ဘယ်သူ့လက်အောက်ခံမှ မလုပ်ဘဲ သူ့သဘောနဲ့သူ ကြံနေရရင် သိပ်နေသာတဲ့ မိန်းမမျိုး၊ ဘယ်သူတားတား သွားမဲ့လမ်းကို ရောက်အောင်သွားတော့မှာ သူ့ရဲ့စိတ်ဓါတ်ပဲ''

စောသဉ္ဇာရဲ့ နဖူးပေါ်မှာ (ကာ)ကြီးပုံလေးခွဲချထားသော ဆံရှည်စင်းစင်းလေးတွေ ပါးနုစ်ဖက်အပေါ် အုပ်ဝဲကျနေ၏။ မျက်ဝန်းနှင့် နှုတ်ခမ်းကို အသားပေးလှုပ်ရှား စကားပြောတတ်သော အကျင့်ရှိပုံရ၏။

သူစကားပြောနေစဉ် အခိုက်မှာ စောသဉ္ဇာ ကြည့်နေပုံ



www.burmeseclassic.com

www.burmeseclassic.com



က ရင်ခုန်သံနှင့်အမျှ ရင်ကိုဖွဖွလေး လှုပ်ခတ်ဆွဲဆောင်နေသလိုပင်။ ဝါရွှေမွှတ်နှစ်နေသော အသားအရေက မြင်ရသူကို ယစ်မူးရှိန်းမြစေနိုင်စွမ်းရှိ၏။ စောသဉ္ဇာ မျက်မှောင်ချိုးသွားမည့် လှုပ်ရှားမှု အမှားမျိုးကိုမှ သူ မလုပ်ဆောင်မိရန် အထူးသတိထားမိ၏။

စောသဉ္ဇာက. . .

''အခု မသိချင်တော့တာက နားလည်မှုရှိလို့ပေါ့''

သူခေါင်းညိတ်လိုက်ပြီး. . .

''စောသဉ္ဇာမှာ အမြွာညီအစ်မရှိလား''

''ဟင့်အင်း မရှိပါဘူး။ အဲဒါမျိုးမရှိဘူး၊ တကယ်ရှိတာက''

''ဒါဆိုရင် မှတ်မိဦးမလားမသိဘူး၊ အဲ့ဒီညတစ်ညလုံး နံနက်လေးနာရီနဲ့ ငါးနာရီကြားကာလလောက်မှာ ရေချိုးခန်းထဲကို စောသဉ္ဇာ ရောက်လာတယ်လေ၊ အဲ့ဒီအိမ်ကြီးမှာပေါ့၊ ပြောချင်ဇော လောကြီးနေလို့ စကားတွေ ရှေ့နောက် အစီအစဉ် မကျတာကို ခွင့်လွှတ်ပါ။

အဲဒီအိမ်ကြီးထဲမှာ စောသဉ္ဇာ မျက်နှာလာသစ်တာလား၊ ရေချိုးတာလား တစ်ခုခုတော့လုပ်တယ်၊ သွေးတွေ စွန်း





ပေလာတယ်၊ အဲ့ဒါ. . . အဲ့ဒီအဖြစ်ကို မှတ်မိသေးလား''

စောသဉ္ဇာမျက်ဝန်းမှ မျက်နက်ဆံလေး အပေါ်ကောင်ကပ်သွား၏။

နှစ်စက္ကန့်မျှအကြာ. . .

''မှတ်မိသလိုလိုပဲ၊ ကျွန်မရဲ့အစ်ကိုလတ်က စိတ်ရောဂါသည်လေ၊ တစ်ခါတစ်လေ သူတတ်ခဲ့ဖူးတဲ့ အလှပြင်ပညာကို အသုံးပြုချင်ရင် ကျွန်မကို မိတ်ကပ်အလှပြင်စံထားတဲ့ မော်ဒယ်(လ်) လုပ်ချင်လုပ်ခိုင်းတတ်တယ်၊ စိတ်ရှည်လက်ရှည် လှအောင်ပြင်တဲ့ အခါမျိုးရှိသလို မျက်နှာပေါ်မှာ ကြောင်ကြောင် ကြားကြားတွေ ခြစ်သုတ်လိမ်းခြယ်ပစ်လိုက်တာမျိုးလည်း ရှိတယ်။

တစ်ခါတစ်ခါမှာဆိုရင် အနီရောင်ဆိုးဆေးတွေနဲ့ မျက်နှာပေါ် လောင်းချချင်လည်း လောင်းချလိုက်တာပဲ''

ဖြစ်နိုင်ချေရှိသည့်အဖြေမို့ သူ ယုံလိုက်မိ၏။

စောသဉ္ဇာက. . .

''ကျွန်မတို့အိမ်ကြီးမှာ ဘာမှ ထူးဆန်းတာမရှိပါဘူး ဘိုးဘွားစဉ်ဆက် ပိုင်ဆိုင်လာခဲ့တဲ့အိမ်ကြီးပါ၊ ကျွန်မဖေဖေက အိမ်ကြီးရှင်တို့ရဲ့သား၊ ပထမဇနီးရှိတယ်၊ မိဘတွေသဘော ဘဲနဲ့ ခိုးပြေးပြီး နယ်မြို့တစ်မြို့မှာ လက်ထပ်ပေါင်းသင်း



www.burmeseclassic.com

www.burmeseclassic.com



စားတယ်၊ အစ်ကိုကြီးနေမိုးသစ်ကိုမွေးတယ်၊ အစ်ကိုကြီး တစ်နှစ်ခွဲလောက်ရှိတဲ့အရွယ်မှာ လင်မယားကွဲတယ်၊ ပထမဇနီး က ဖေဖေရဲ့စည်းစိမ်ကို မက်မောလို့ယူခဲ့တာ၊ ဖေဖေ့မှာ ဘာမှ ပါမလာမှန်းသိတော့ ကလေးတစ်ယောက်ရစဉ်မှာပဲ လမ်းခွဲသွား တယ်. . .

ဖေဖေက အဲ့ဒီပထမဇနီးကို စိတ်နာပြီး သူ့သားနဲ့ အိမ်ကြီးပေါ် ပြန်တက်နေတယ်၊ မိဘတွေ ထပ်ရှာ ပေးစားတဲ့ ဂုဏ်ရည်တူဖြစ်တဲ့ ကျွန်မတို့မေမေနဲ့ လက်ထပ် ထိမ်းမြားလိုက် တယ်၊ အစ်ကိုလတ် နေမိုးလတ်နဲ့ ကျွန်မကို မွေးတယ်၊ ကျွန်မတို့ မောင်နှမကိုမွေးပြီး ဆယ်နှစ်လောက်မှာပဲ မေမေဆုံးသွားပြန် တယ်. . .

အတိုးအဘွားတွေ မရှိတော့လို့ ဖေဖေကိုယ်တိုင် နောက်ထပ် စိတ်ကြိုက်ရှာဖွေတွေ့ခဲ့ရတဲ့ မိန်းမတစ်ယောက်ကို ယူပြန်တယ်၊ ကျွန်မတို့ မိထွေးနဲ့ ဖေဖေဟာ သမီးတစ်ယောက်ကို ထပ်မွေးခဲ့ပြန်တယ်. . .

ဖေဖေမှာက စိတ်ရောဂါ အနုစားတစ်မျိုးရှိတယ်၊ အစ်ကိုလတ်နဲ့ ညီမတွေးမှာ စိတ်ရောဂါ ပါလာတယ်၊ အစ်ကို လတ်က စိတ်ဖိစီးမှုဒဏ်၊ လိုင်စိတ်မမှန်တဲ့ဒဏ်တွေနဲ့ စိတ်ရောဂါ





အပြင်းစားဖြစ်ခဲ့ရတယ်၊ ညီမ အထွေးဆုံး ဇီဖဝါက ဆယ်တန်း စာမေးပွဲကို လေးငါးခြောက်ကြိမ်လောက် ကျရှုံးကတည်းက စိတ်ဓါတ်ကျခဲ့တယ်. . .

မိဘတွေ့ရဲ့ အခြေအနေကလည်း လူမှုရေး၊ စီးပွားရေး ကအစ ယိုင်ဆင်းနေပြီး မကြာခဏ စကားများကြတဲ့ဒဏ်၊ မိခင်ရင်းနဲ့ ဖအေတူမအေကွဲ မောင်နှမတွေကြားမှာ ပဋိပက္ခဖြစ် လာတိုင်း စိတ်ထိခိုက်ကြေကွဲခဲ့ရတဲ့ဒဏ်တွေနဲ့ စိတ်ရောဂါအနုစား ဝေဒနာစွဲကပ်လာပြီး သူ့ကိုယ်သူ မကြာခဏ အဆုံးစီရင်ဖို့ ကြိုးစားတတ်တယ်လေ. . .

သူ့မိခင် ကျွန်မတို့ရဲ့ အိမ်ကြီးပေါ်က ဆင်းသွားသလို ပျောက်ဆုံးသွားတဲ့အချိန်မှာ ဇီဖဝါရဲ့အခြေအနေဟာ အဆိုးဆုံး ဖြစ်ခဲ့ ရတယ်၊ သူ့ကို အစ်ကိုကြီးက အစောင့်အရှောက်နဲ့ ထားကြည့်တယ်၊ မရဘူး. . .

နောက်ဆုံး အကျဉ်းချထားရတဲ့အထိ ဖြစ်လာရော၊ အခု နောက်ပိုင်းမှ သူ့ကိုသနားလို့ ညဖက်တွေဆို အိမ်ထဲမှာ လွှတ် လွှတ်လပ်လပ် နေခွင့်ပြုလိုက်တော့တာ၊ အဲဒီမှာတင် အစ်ကို လတ်နဲ့ ဇီဖဝါတို့ တစ်အိမ်လုံး သူတို့ ထင်တိုင်းကြဲတော့တာပဲ၊

စောသဥ္ဇာက ရင်တွေလှိုက်ဖိုပြီး တင်လာသမျှခံစားချက်



www.burmeseclassic.com

www.burmeseclassic.com



ကို ရင်ဖွင့်လိုက်ရ၍ အတန်ငယ် ပေါ့သွားဟန်ဖြင့် သူ့ကိုကြည့်၏ သူမရဲ့မျက်နှာပေါ်မှာ အရောင်တစ်မျိုး ယှက်သမ်းသွားပြီး. . .

"အို. . . ကိုယ်လျှို့ဝှက်ချက်ကို ဘယ်တော့မှ မပြောဘူးလို့ ဆုံးဖြတ်ခဲ့တာ၊ ကြည့်စမ်းပါဦး၊ ကျွန်မ တော်တော်လေးတောင် ဖွင့်ပြောမိနေပါရောလား"

"ကျွန်တော်မေးတာ နည်းနည်းလေးနော်"

"ဟုတ်ပါတယ်၊ ရှင်မမေးဘူးပဲထားပါ၊ ကျွန်မ ဘာကြောင့် ရှင့်ကို ဒီလောက်ပြောပြလိုက်ရတာလဲဆိုတာ ကိုယ့်ဘာသာကိုယ် ပြန်စဉ်းစားလို့မရအောင်ဖြစ်နေပြီ"

"ကျွန်တော်က လူတွေ့တိုင်း သူများလျှို့ဝှက်ချက်ကို ကြော်ငြာနေတဲ့ လူစားမျိုးမဟုတ်ပါဘူး"

"ကျွန်မကို မေးကြတယ်၊ မေးပါများလွန်းတော့ မပြောချင်ဘူး၊ မမေးတော့မှပဲ အကြောင်းတိုက်ဆိုင်သွားလို့ ပြောမိတယ်ထင်တယ်၊ ဒီလိုလေ ရှင်တို့စုံတွဲ လမ်းခွဲရတာ ဒီအကြောင်းရင်းတွေကို သိချင်လို့မဟုတ်လား၊ ဒီလိုသိရရင် ရှင်တို့ ပြန်လည်စေးကပ်လို့ ရသွားနိုင်လိုနိုင်ငြားဆိုပြီး စေတနာ ထားမိတာရယ်၊ ဟန်နီရှေ့ဆက်ပြီး စုံစမ်းမှုတွေဆက်လုပ်လာရင် ကျွန်မအစ်ကိုကြီးရဲ့ ဒေါသ၊ အစ်ကိုလတ် စိတ်ဝေဒနာရှင်ရဲ့ စိတ်ထင်ရာ





တုံ့ပြန်မှုတွေနဲ့ ဟန်နီတို့ မကြာခင် ကြုံတွေ့လာနိုင်လိမ့်မယ်လို့ ထင်နေတယ်၊ အဲ့ဒီလိုမဖြစ်စေချင်ဘူး. . .

ဒါကြောင့် ရှင်ကတစ်ဆင့် ရှင်းပြနိုင်အောင်လို့ ဒီလောက်အထိ ဖွင့်ပြောပြလိုက်မိတယ်ထင်တာပဲ"

"ဟန်နီက ခေါင်းမမာသလိုနဲ့ မာတတ်တဲ့ မိန်းမ၊ စောသဥ္ဇာက ခေါင်းမာမလိုနဲ့ မမာတတ်တဲ့ မိန်းမ၊ ကျွန်တော်က ဟန်နီကို သွားပြောရင် ဟန်နီလက်ခံမှာမဟုတ်ဘူး၊ စောသဥ္ဇာ သွားပြောရင်လည်း ဂရုစိုက်မှာမဟုတ်ဘူး၊ စောသဥ္ဇာရှင်းပြလည်း ယုံမှာမဟုတ်ဘူး၊ ဟန်နီစိတ်ထဲမှာ စောသဥ္ဇာတို့အိမ်နဲ့ အိမ်သားတွေအပေါ် လုံးလုံး မသင်္ကာနေတာ၊ သူလိုချင်တဲ့အဖြေကို မရမချင်း ဟန်နီ နောက်ဆုတ်လိမ့်မယ်မထင်ဘူး"

"ဘာပဲဖြစ်ဖြစ် ဝေဟန် ရအောင်တားပါ"

သူစိတ်ပျက်လက်ပျက်ခေါင်းခါပြလိုက်၏။

"ဝေဟန်. . . ဟန်နီကို တကယ်မချစ်ဘူးလား"

စောသဥ္ဇာမေးလာ၏။ သူ့ မှင်သက်မိသွားမိ၏။ ပြီးမှ. . .

"လမ်းမခွဲခင်ကမေးရင် ချစ်တယ်လို့ ဖြေမိမှာပဲ၊ အခုလို လမ်းခွဲပြီးမှ မေးလာရင်တော့"

စောသဥ္ဇာမျက်လုံးတွေ မှိန်ဖျော့နေရာမှ လ[illegible]လာ



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ စကားစောင့်ရသည်ကို စိတ်ရှည်ချင်ဟန်မတူသော စောသဥ္ဇာက ဆက်ပြောနိုင်ရန် စကားထပ်လှန့်ပေးလာ၏။

''လမ်းခွဲပြီးမှမေးလာရင်တော့. . .''

စောသဥ္ဇာကို မက်မောစွာကြည့်လိုက်မိ၏။ ရိုင်းသွားလျှင်လည်း ရိုင်းပါစေတော့။ ရင်ထဲမှာ ပေါ့ပေါ့ပါးပါး မဖြစ်နိုင်တော့လောက်အောင် မျိုသိပ်ရသည့် ခံစားချက်တွေပြည့်နှက်နေ၏။

''မင်းရဲ့ အကြည့်တွေကို ကိုယ်နားလည်နေတယ်၊ ကိုယ့်ရဲ့အကြည့်ကို မင်းနားလည်ပါကွယ်၊ မင်းရင်ထဲမှာ ဘာဖြစ်နေသလဲဆိုတာ ကိုယ်ကြားသိတယ်၊ ကိုယ့်ရင်ထဲမှာ ဘာဖြစ်နေသလဲဆိုတာ မင်းကြားသိပါကွယ်၊ ကိုယ့်ဘဝအတွက် ကိုယ့်ရဲ့အသက်နဲ့ ထပ်တူထပ်မျှသော ရင်ခုန်သံတွေ ထာဝရရှိနေတယ်''

ဆိုတဲ့ ကဗျာလေးတစ်ပုဒ်ကို သူ နှုတ်တိုက်ရွတ်ဆိုပြလိုက်၏။ စောသဥ္ဇာက. . .

''ရှင်. . . ရှင်''

''ကဗျာလေးတစ်ပုဒ်ပါ၊ မင်းကြိုက်မကြိုက်တော့ မသိဘူး၊ ကိုယ်ကကြိုက်လို့ အလွတ်ရနေတာနဲ့ အခုလိုအချိန်မျိုး





မှာ အလွတ်ရွတ်ဆိုလိုက်တာပါ''

''ကဗျာသက်သက်ရယ်ပေါ့''

''ခံစားချက်တွေ တနင့်တပိုးပါတယ်လေ''

ရင်ထဲကရှိတာကို သူပြောချလိုက်၏။

စောသဥ္ဇာက. . .

''ရှင်ကြိုက်တဲ့ ကဗျာဆိုရုံနဲ့ ကျွန်မလိုက်ကြိုက်ချင်မှ ကြိုက်မှာပေါ့၊ လူတစ်ကိုယ်အကြိုက်တစ်မျိုးစီလေ၊ အင်း. . . ဒါပေမဲ့. . .''

''ပြောပါ စောသဥ္ဇာ''

''ထိုက်သင့်သလောက်တော့ အဲ့ဒီကဗျာရဲ့အနက်ကို သဘောပေါက်မိပါတယ်''

''ဒါကြောင့် စိုးရွံ့ထိတ်လန့်သွားတာနဲ့တူတယ်''

''ပထမကတော့ ရှင် ရည်းစားစကားပြောလိုက်တာထင်လို့ နောက်မှ မဟုတ်မှန်းသိတာနဲ့''

''ထင်ကဲ့အတိုင်း တကယ်ဖြစ်နေတာပါ''

သူ မဆိုင်းမတွ ဖြေချလိုက်၏။ စောသဥ္ဇာ အံ့အံ့သြသြဖြစ်သွားရာမှ. . .

''ကျွန်မတကယ်ကို အခုမှ နားလည်သွားပြီ''



www.burmeseclassic.com

www.burmeseclassic.com



စောသဥ္ဇာရဲ့စကားကြောင့် သူအားတက်ရ၏။

သို့ပြား. . .

''ယောက်ျားတွေဟာ သူတို့အထင်သေးတဲ့ မိန်းမတစ်ယောက်ကို ရည်းစားစကားပြောဖို့ မခက်ခဲဘူး၊ သိပ်လွယ်တတ်ကြတာပဲ၊ သူတို့အထင်ကြီးတဲ့ မိန်းမဆိုရင် လေးလာချိန်အများကြီးယူပြီးတာတောင် မဝံ့မရဲ ရည်းစားစကားပြောတတ်ကြတယ်တဲ့၊ အဲ့ဒီအစဉ်အလာစကားတစ်ခုကို အခု နားလည်သွားပြီလို့ပြောတာ''

သေရော. . . သူဘာပြန်ပြောမလဲဆိုတာကို သူမ စောင့်ကြည့်နေပုံကိုက ရဲစွမ်းလွန်းလှ၏။

သူက. . .

''ကျွန်တော်အရိုးသားဆုံးပြောတဲ့နေရာမှာ သိပ်လွယ်တယ်လို့ စောသဥ္ဇာထင်သွားခဲ့တာကို''

''အဆန်းပြားဆုံးပြောမယ်၊ မရိုးမဆန်းပြောမယ်ဆိုလည်း ဒီလောက်အထိ လွယ်မှာပဲမဟုတ်လား''

''နောက်ကျဖြစ်မှာ စိုးရိမ်လို့ အမြန်ဖွင့်ပြောတာသိပ်လွယ်သွားတယ်လို့ ပြောနိုင်မလား''

''တကယ် အချစ်စစ်အချစ်မှန်မှာ စောတာ နောက်ကျ





တာ ရှိနေလိမ့်မယ်လို့ ရှင်ယုံထားလို့လား၊ ရှင့်စိတ်တွေဖောက်ပြန် လှုပ်ရှားနေလို့ဖြစ်ပါလိမ့်မယ်၊ ဟန်နီကို မေ့နိုင်ဖို့ ရှင်အစားထိုး နိုင်ရာကို အမြန်ရှာဖွေနေတယ် မဟုတ်လား၊ ရှင်ဘယ်လောက် ငြင်းငြင်း ကျွန်မကတော့ အဲဒီလိုထင်တယ်၊ အဲဒါကြောင့် ရှင့်ကို တုံ့ပြန်ရမယ်ဆိုရင် အများကြီး ဝမ်းနည်းပါတယ်''

စောသဥ္ဇာက အအေးဖိုးကျသင့်ငွေကို အသာတင်ပြီး ထ၍ ထွက်သွား၏။ တွေဝေနေခြင်းနှင့် ထွေးလုံးရစ်ပတ်ပြီးနေ၍ သူမတားမိ။

သူကြည့်နေသော မြင်ကွင်းထဲမှ စောသဥ္ဇာ ပျောက်ကွယ်သွားသောအခါမှ သူ့ရင်တွေ မြို့ပျက်ကြီးလို ဖြစ်ကျန်နေရစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

ဘယ်သူ့ကိုမှလည်း နားမလည်. . .

သူ့ကိုယ်သူလည်း နားမလည်. . .

တစ်လောကလုံးကိုလည်း လုံး၀ လုံး၀ သူနားမလည်နိုင်တော့။ တိမ်တွေလို ပေါ့ပေါ့ပါးပါးခရီးနှင်နိုင်လျှင် ကောင်းမည်။

သို့ငြား သူ့ဘ၀က မြေပြင်နှင့်ရေပြင်ညှိနေ၏။

အုပ်စုဖွဲ့စည်းပုံမှာ ချယ်ရီနန္ဒီက ခေါင်းဆောင်နေသောကြောင့် သူမနှင့်လမ်းခွဲလျှင် အဖွဲ့နှင့်ပါ လမ်းခွဲရမည်ကို သူသဘောပေါက်ထားသဖြင့် ရှောင်သွေနေခဲ့မိ၏။ သို့ငြား ဖေဖြိုးနှင့် မောင်လွင်ဏ်းက ပစ်မထားနိုင်သော သံယောဇဉ်ဖြင့်သူ့ကို တမင်ရှာဖွေ ရောက်ချလာတတ်၏။





ယနေလည်းကြည့်. . .

စာသင်ချိန်သုံးချိန်ပြီးဆုံးသွား၍ ကော်ရစ်တာလွှက်ရင်ကာ အညောင်းဆန့်နေသော သူ့အနားကို နှစ်ယောက်သား အိမ်မြှောင်ပြုတ်ကျသလို ရောက်ချလာကြ၏။

"မင်းဘာဖြစ်လို့ ကိုယ့်အခန်းကိုယ် စာမသင်ဘဲ သူများအခန်းတွေမှာ လိုက်သင်နေရတာလဲ ဝေဟာန်၊ ငါတို့သိထားထင်ထားသလို မိန်းမတစ်ယောက်အတွက်ကြောင့်ဆိုရင်တော့ မင်းဟာ လူညံ့တစ်ယောက်ဖြစ်တာ ကျိန်းသေသွားပြီ"

တွေ့တွေ့ချင်းပင် မောင်လွင်ဏ်း ခွင်းလိုက်သည့်စကား။ သူပြောချိန်မရခင် ဖေဖြိုးက. . .

"ဒီကောင် မနေနိုင်လို့ရှောင်နေတာပါကွာ၊ ဟာန်နီက နေနိုင်လို့ ဘယ်မှာမှ မရှောင်ဘူး၊ အရင်အတိုင်း မပြောင်းမလဲ တည့်တည့်ကြီးပဲ ဆက်လျှောက်နေတယ်"

"မင်းတို့စကားတွေကို ငါမကြိုက်ဘူး၊ ပြန်ပြင်ပြော"

"ဟ. . . ဘာတွေပြန်ပြင်ပြောစေချင်လို့လဲ"

"မေ့တတ်သွားပြီလား၊ အခုလေးတင်ပြောလိုက်တဲ့စကားတွေလေ၊ ဒီမှာ. . . အဲ့ဒါတွေနဲ့ ပတ်သက်ရင် ငါ့ဘက်က ရင့်ရင့်ကြီးကို စိမ်းနေစေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဟန်နီဘက်ကလည်း ရဲရဲကြီးကို နီနေတာပဲ''

''မောင်လွဏ်း. . . မင်းဘာဖြစ်ချင်လို့ ငါ့ကို ဒီစကား တွေ လာမှတ်နေရတာလဲ''

''ပြန်ပြောစေချင်လို့ပေါ့ကွာ၊ မင်းတို့နှစ်ယောက်ပလုံးက တို့ သူငယ်ချင်း၊ တစ်ယောက်နဲ့ တစ်ယောက် ရေးကြီးခွင်ကျယ် မ ဟုတ်ဘဲနဲ့ စိမ်းစိမ်းကြီးပြတ်သားပြနေတာကို မကြည့်ချင်တော့ လို့ ဟန်နီကိုလည်း အချိန်ရသရွေ့ စကားနာထိုးပြီး ဆွပေး နေရသလို မအေးစက်ချင်နေတဲ့မင်းကိုလည်း စကားစစ်ထိုးပြီး ဉှန်ဆွေးပေးနေရတာပေါ့''

''ငါတို့နှစ်ယောက် ဝဲခါးနှစ်ချပ်လို ယာယီခဏ ခွဲနေကြ ဘာမဟုတ်ဘူး၊ တော်ပါတော့ကွာ၊ အဲဒီအကြောင်းတွေ''

''နန်းရဲ့ ကောင်းမှုနဲ့ မင်းနဲ့စောသဥ္ဇာတွဲဖြစ်နေကြ ဘယ်ဆို''

''ဟုတ်တယ်''

''မင်း စောသဥ္ဇာကို ပြောင်းလဲရင်ခုန်သွားတာလား''

''ဟုတ်တယ်''

''မင်း. . . မင်း တကယ်ပြောနေတာလား ဝေဟန်''

'' ဟုတ်ပါတယ်ဆိုကွာ ''





မောင်လွဏ်း လက်ခါသွား၏။ ဖေဖြိုးက. . .

''မင်းတို့ချင်း အခြေအနေက''

''မရေရာသေးပါဘူး'' ပြာတဲ့

''စောသဥ္ဇာဘက်က OK ဆိုရင်ကော''

''ငါ့ဘက်ကလည်း OK ရမှာပေါ့'' ခဲ့

''မင်းနဲ့ဟန်နီနဲ့ကပေါ့ ပြိုင်ဘက်ကောင်းတွေလို ဘက်ညီနေပြန်ပြီ''

''ဟုတ်တယ် ဝေဟန်၊ အခု ဟန်နီ နေမိုးသစ်ကို ရအောင် မျှားခေါ်ပြီး တွဲနေတယ်၊ အခုဆို တို့မနက်တိုင်း လမ်း လျှောက်စရာ ချောင်းမြောင်းစရာတောင် မလိုတော့ဘူး၊ ဟန်နီလေ သူလမ်းသူဖောက်သွားပြီ၊ ငါတို့အဖွဲ့တွေက မင်းကို သတိပေးမယ်ကြံတော့ စောသဥ္ဇာနဲ့ မင်းရဲ့သတင်းက မသိုးမသဲ့ ကြားရပြန်ရော၊ ဟုတ်မဟုတ်လာမေးကြည့်တာ၊ ဟန်နီ့ဘက်က တော့ နေမိုးသစ်အပေါ် သေချာရေရာနေတဲ့ပုံကွ''

သူ့ရင်၌ လှိုင်းခတ်၏။ အဓိပ္ပါယ်ဖော်ညွှန်းရခက်သော ခံစားမှုကြီးကလည်း လည်ဝမှ တစ်ဆို့နေသည်။

''မင်းတို့ အဆင်ပြေသွားရင်လည်း ကောင်းပါတယ်''

''ဆွေမျိုးတော်ကုန်ကြမှာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



မောင်လွဏ်းရဲ့ ထောက်ကွက်စကားကြောင့် သူ ပ်ရယ်နေလိုက်၏။ ဖေဖြိုးက. . .

''အဲဒီအိမ်ကြီးရဲ့ လျှို့ဝှက်ချက်တွေကို ဟန်နီ တစ်ချို က်သိနေပြီကွ''

''ဘာတွေတဲ့လဲ''

သူမသိယောင်ဆောင်ပြီး မေးလိုက်၏။ ဖေဖြိုးနှင့် မောင်လွဏ်းက ဝိုင်းပြောကြ၏။ သူသိပြီးထားသည့် အချက်တွေ နှင့် သွားတိုက်နေ၏။ ဖေဖြိုးက. . .

''မင်းကိုရော စောသဥ္ဇာ ပြောပြထားဖူးသေလား''

''အနည်းအကျဉ်းပါ''

''အင်း ငါတို့အထင်နဲ့အမြင်ကို ဟန်နီက ကပ်လှည့်ပြ နေသေးတယ်၊ သူသိချင်တာသိရဖို့ နေမိုးသစ်နဲ့ တွဲဖြစ်လိုက်တာ ပါတဲ့၊ တကယ်တော့ ပထမပိုင်းမှာ အိမ်ကြီးရဲ့ အဖြစ်အပျက် တွေကို စိတ်ဝင်စားပြီး ဒုတိယအပိုင်းမှာ နေမိုးသစ်ကို ဟန်နီ စိတ်ဝင်စားသွားတာပဲ ဖြစ်လိမ့်မယ်''

မောင်လွဏ်းက ခေါင်းတညိတ်ညိတ် ထောက်ခံရင်းမှ. . .

''နေမိုးသစ်ကို အစပိုင်းက ဟန်နီမသက်ာဖြစ်တာမှ တော်ရုံတန်ရုံမဟုတ်ဘူး၊ အခုထိလည်း သက်ာမကင်းဖြစ်နေပုံ





ရသေးတာတော့ စဉ်းစားစရာပဲ''

''ဘာစဉ်းစားစရာရှိလဲ၊ ကြည့်ကောင်းအောင်ပြောတဲ့ စကားကိုများ မင်းက ခေါင်းစားခံနေသေးတယ်''

''ငါဆိုလိုတာက ဝေဟာန့်အပေါ် ဟန်နီ သံယောဇဉ် တော့ ကြွင်းနေသေးတယ်၊ ဝေဟာန်လည်း ဟန်နီ့ကို သံယောဇဉ် တော့ ရှိဦးမှာပေါ့''

အင်းဟုသာ သူဖြေလိုက်၏။ ရင်ထဲမှာတော့ တင်းတင်း ကျပ်ကျပ် မောလှုပ်လှုပ်ကြီး ဖြစ်ထွန်းသွား၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

နေမိုးသစ်နှင့် လူချင်း ရင်ဆိုင်တွေ့ရလိမ့်မည်ဟု သူ မထင်ခဲ့။ သူနှင့်စောသဥ္ဇာတို့ ကြည်နူးရွှင်ပျစွာ လမ်းလျှောက်လာကြစဉ် နေမိုးသစ်နှင့် တည့်တည့် သွားတိုးမိကြခြင်း ဖြစ်သည်။

ငနဲက လူကြီးလူကောင်းပီသသော ဆက်ဆံရေးဖြင့် သူ့ကိုယ်သူ မိတ်ဆက်ပြီး ညီမဖြစ်သူကို ညီမရဲ့သူငယ်ချင်း ဖြစ်သူနှင့် မိတ်ဆက်ပေးဖို့ တောင်းဆိုလာ၏။

အမှန်တကယ်ဆိုလျှင် ဒေါသအမျက်ချောင်းချောင်း ထွက်လိုက်သည်ကမှ တော်သေး၏။ ဒေါသကို မပြ၊ အေးစက်သောအတွင်းမီးကို မျက်လုံးများဖြင့် တောက်စားပြနေပုံက



သူနှင့်စောသဥ္ဇာ အလိုလို နားလည်နေကြ၏။

လက်ဆွဲနှုတ်ဆက်စဉ်က သူ့လက်ကို ပြုတ်တူကြီးနှ ညှပ်သလို ညှပ်ခဲ့သေး၏။ နာကျင်ရှုံ့မဲ့ပြလျှင် ပိုညှပ်ပြမည့်ထ ... သူဘာမှ မဖြစ်သယောင် နေပြခဲ့သည်။

နေမိုးသစ်နှင့် စောသဥ္ဇာတို့ကားကလေး အဝေးကို ရောက်သွားသောအခါမှ သူ လက်နာကျင်သမျှ စိတ်ရှိလက်ရှိ ဟစ်အော်ပစ်လိုက်ရသည်။

နောက်တစ်နေ့မှာ သူ ထင်မှတ်မထားပါဘဲနှင့် နေမိုးသစ် ရောက်ချလာသည်။

သူနှင့် စကားပြောချင်သည်။ စကားပြောလို့ကောင်းမည့် အချိန်ကို နေမိုးသစ် ရောက်လာပြီးမှ နေရာကို သူရွေးရသည်။

''ကိုယ့်ညီမလေး စောသဥ္ဇာကို ဘယ်လိုသဘောနဲ့ ...င်း ကြိုးစားနေတာလဲ ဝေဟာန်၊ ညီမလေးရဲ့လူဟာ မင်းဖြစ်... ...ယ်လို့ ထင်ကို မထင်ခဲ့ဘူး၊ ဘယ်လိုလဲကွာ၊ မင်းနဲ့ ချယ် ...နှီ ...ကို ပူးပေါင်းပြီး တို့မောင်နှမနှစ်ယောက်ရဲ့ ဘဝထဲကို ... ...းဖို့ အတင်းဝင်ရောက် နေရာယူနေကြတာလား၊ ဒီလိုဖြစ်... မပေါ်မှန်းသိရင် မင်းနဲ့ချယ်ရီကို ပြန်လွှတ်ပေးဖို့ လုံးဝ မ...း ဘူး''

www.burmeseclassic.com

www.burmeseclassic.com



''ကိုနေမိုးသစ် ထင်သလို ကျွန်တော်နဲ့ စောသဥ္ဇာတို့ ဘာမှ မဖြစ်ကြသေးပါဘူး၊ နားလည်မှုနဲ့ ပြန်လွှတ်ပေးခဲ့တာ ဥူဆန်တဲ့စိတ်ထားရှိလို့ပါ။ ကိုနေမိုးသစ် မမှားပါဘူး၊ ချယ်ရီနဲ့ ကျွန်တော်နဲ့က ချစ်သူတွေပါ။ ကိုနေမိုးသစ်ကို ချယ်ရီ သတိထားမိသွားတဲ့နေ့ကစပြီး ကျွန်တော်ရဲ့ဟန်နီဟာ ကိုနေမိုးသစ်ရဲ့ ချယ်ရီ ဖြစ်ခဲ့ရတယ်၊ ကျွန်တော် ဘာပြောခဲ့သေးလဲ''

နေမိုးသစ်က ပူပူလောင်လောင် ပြောလိုက်မိသည့် အပေါ် သတိပြုဆင်ခြင်သွားပြီး မူရင်း နေမိုးသစ်ဟန်ပန်ဖြင့်. . .

''ညီမလေးနဲ့ ဘာမှမဖြစ်ကြသေးဘူးဆိုရင် ဝေဟာန်ကို ကိုယ်တားမြစ်ချင်တယ်၊ ညီမလေးနဲ့ အဆက်အသွယ်ဖြတ်လိုက် ပါ''

''ဘာဖြစ်လို့လဲ''

''မချစ်သင့်လို့ပေါ့၊ ညီမလေးနဲ့ သဘောတူထားပြီးတဲ့ လူ ရှိတယ်၊ ဘယ်သူလဲဆိုကာ မမေးပါနဲ့၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်ကတည်းက မိဘတွေ သဘောတူထားခဲ့ကြတဲ့ လူပေါ့၊ ဝေဟာန် အများကြီး နောက်ကျနေခဲ့ပြီးပြီ''

''စောသဥ္ဇာက အဲ့ဒီလူကို လက်ထပ်ဖို့ သဘောတူ လိုက်ပြီလား၊ ဒီလူ သဘောတူရင် ကျွန်တော် ဘယ်လောက်မြူမြူ သူ ကျွန်တော့်ဘက် ပါလာမှာ မဟုတ်ဘူး၊ ကြည့်ရတာ စောသဥ္ဇာ သဘောမတူလို့ပဲ ဖြစ်ရမယ်''



''ဟုတ်တယ်. . . ဝေဟာန်နဲ့ စောသဥ္ဇာ ရင်းနှီးချိန်လေး ရနေမှ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က သဘောတူမှုကြီးကို ခေါက် သိမ်းထားရာက ပြန်ပြောထုတ်လိုက်ရတော့တယ်၊ တစ်ပါးသူ လက်ထဲ ညီမလေးပါသွားမှာ စိုးလို့ပါ၊ အရင်ကလည်း ညီမလေး ကို ပိုးပန်းခဲ့သူတွေရှိပါတယ်၊ ရှိလာတိုင်း အခုပြောပြတဲ့နည်းနဲ့ ပြောပြလိုက်ရင် အားလုံးနောက်ဆုတ်သွားကြတယ်၊

ညီမလေးဘက်က သဘောတူမျှမှုရဖို့ စောင့်ဆိုင်းအချိန် ပေးနေရလို့ လက်ထပ်ပွဲဖြစ်မလာသေးဘဲ ကြန့်ကြာနေရတာ၊ ဝေဟာန်နဲ့ ညီမလေးတွယ်ငြိကုန်တော့မှ ဒီသဘောတူမှုကြီးကို အမြန် လောဆော်ရဖို့ ဖြစ်လာတော့တယ်''

သူက နေမိုးသစ်ကို သွေးအေးစွာ ပြန်ကြည့်လိုက်ပြီး. . .

''ကျွန်တော် အဆက်အသွယ် ဖြတ်ပေးရမယ်၊ ကိုနေမိုးသစ် နဲ့ ဟန်နီတို့ရဲ့ အခြေအနေ ကောင်းနေတယ်လို့ ကြားတယ်၊ ကျွန်တော်တားမယ်၊ ဟန်နီရဲ့ တရားဝင်ရည်စားအနေနဲ့ တား မယ် ကိုနေမိုးသစ်၊ ဟန်နီ (ခေါ်) ချယ်ရီနဲ့ကို ပိုင်ဆိုင်မှု ဘယ်တော့မှ မကြိုးစားပါနဲ့၊ နောက်ဆုတ်လိုက်ပါ၊ အဲဒီအားကို

မိုးသပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နားထောင်ရင် ကျွန်တော်လည်း ပြန်ပြီးနားထောင် ပေးမယ်လေ၊ ဘယ်လိုလဲ''

''ဘာဆိုင်လဲ ဝေဟန်နဲ့ချယ်ရီက လုံးဝ ကွဲကွာသွားပြီပဲ ဟာ၊ ဘာမှဝင်တားစရာ လိုမှမလိုတော့ပဲဟာ''

''စောသဉ္ဇာ အရွယ်ရောက်နေပါပြီ၊ သူ့ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားဆုံးဖြတ်ပါလိမ့်မယ်၊ ကျွန်တော်ကို လာတားမနေပါနဲ့၊ ကိုယ့်ကိုတားမြစ်တာမကြိုက်ရင် သူများကိုလည်း မတားမြစ်ရဘူး လေ၊ ဒါမှ တရားမျှတမှုရှိတော့မှာပေါ့''

နေမိုးသစ်က သူ့ရဲ့မှုပိုင်အကြည့်နဲ့ ပြန်ကြည့်နေသည်။ သက်ဦးဆံပိုင် ကေရာဇ်တစ်ဦးက သူ့ရဲ့လက်အောက်ငယ်သား ကို အပြစ်ပေးခါနီး ကြည့်လိုက်သလို အကြည့်မျိုး။ ထိုအကြည့်ကို သူ တော်လှန်ပြီး ပြန်ကြည့်လိုက်၏။

''မင်း ခေါင်းမာတယ်''

''တရားမျှတမှုအတွက်ဆိုရင် ဒီထက်တောင် မာချင် သေးတယ် ကိုနေမိုးသစ်''

''ကောင်းပြီလေ၊ မင်းရဲ့သဘောကိုသိရပြီးပြီပဲ၊ မင်းလုပ် ချင်တာဆက်လုပ်ပါ၊ တစ်နေ့တို့တစ်တွေ အေးအေးဆေးဆေး ဆုံတွေ့ရသေးတာပေါ့''





''လေသံပျော့နဲ့ခြိမ်းခြောက်နေတာလား''

သူက ဘုတောလိုက်သောအခါ နေမိုးသစ်က မထိမဲ့ မြင် ကြည့်ပြီး. . .

''မင်းသားအက ကပြတာ ရိုးတယ်ထင်ရင် ဘီလူးအက လည်း ကပြနိုင်တယ်၊ ဒါကြောင့် မင်းကြိုက်သလိုထင်''

အကြည့်ချင်းဆိုင်မိကြစဉ် ထစ်ချုန်းသံနှင့် တော်လဲသံ တွေ မြည်ဟီးတုန်ခါသွားသလို သူ့ရင်၌ခံစားလိုက်ရသည်။ ခပ်တည်တည်အကြည့်နှင့် လှည့်ထွက်သွားသော နေမိုးသစ်ရဲ့ ကျောပြင်ကို သူစိမ်းစိမ်းစူးစူးစိုက်ပြီး လိုက်ကြည့်နေမိ၏။ အန္တရာယ်ကို စိန်ခေါ်မိလိုက်လေပြီလား. . .

အချစ်ပျက်လျှင် သူ့အတွက် ကမ္ဘာပျက်မည်၊ ကမ္ဘာ ပြိုမည်။ ကမ္ဘာပြိုမည့် အရေးကြီးရှိနေမှတော့ အန္တရာယ်ကိုလည်း မထူးဇာတ် ခံရလေမပေါ့။

⁂

စာသင်ခန်းမှာ ဟန်နီ မတက်၊ အခြားအခန်းမှာ တက် နေသည့်သတင်းကြားရ၍ သူ့စာသင်ခန်းဆီ သူပြန်လာရန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာစဉ်. . .

အခန်းရှေ့ ကော်ရစ်ဒါဘက်ထွက်လာသော ဟန်နီနှင့် ဝင်တိုက်မိတော့မလိုကို တည့်တည့်ကြီး ဆုံတိုးရတော့သည်။

နှစ်ဦးသား အံ့ဩသလိုဆိုင်ကြည့်နေရာမှ. . .

မျက်နှာတွေ ရုတ်ချည်းတင်းမာသကဲ့သို့ ဖြစ်သွားကြသည်။ သံယောဇဉ်အရိပ်တွေလည်း ဘယ်အရပ်ဆီသို့ တိတ်ဆိတ်စွာ ထွက်ခွာသွားလေပြီမသိ။ သစ္စာမရှိသော၊ ချစ်ခြင်းမတည်သော၊ ပြောင်းလဲရင်ခုန်တတ်သော မိန်းမကို သူစိတ်နာသလို မျက်နှာလွှဲလိုက်စဉ် သူမအနေနှင့်လည်း ပြောင်းလဲရင်ခုန်သော၊ ချစ်ခြင်းမမှန်သော၊ သစ္စာမမြဲသော ယောကျာ်းတစ်ယောက် အနေဖြင့် သူ့ကို စိတ်နာအမြင်ကတ်စွာ အသားတွေ ဆိုးဆိုး ဆတ်ဆတ် တုန်သည်အထိ မုန်းတီးသွားနိုင်တာကိုလည်း တွေးမိပြန်၏။

သူထင်သည့်အတိုင်းပင် ပိတ်ရပ်နေရာမှ ဖယ်မပေးသော ဟန်နီ (ခေါ်) ချယ်ရီနန္ဒီ။

သူ ကွေ့ရှောင်လိုက်စဉ် ဟန်နီက သူ့ကို ပုခုံးနှင့် တိုက်၍ တားထားရင်း. . .

''ရှင်နဲ့ ပြောစရာရှိတယ်''





''ဘာအကြောင်းလဲ''

''ရှင်. . . ကျွန်မ. . . နေမိုးသစ်နဲ့ စောသဥ္ဇာတို့နဲ့ ပတ်သက်တဲ့အကြောင်း''

''ဘယ်မှာပြောမလဲ''

''ဒီ ဝရန်တာပေါ်မှာပဲ ပြောမယ်၊ လူရှင်းတဲ့ ဟိုဘက် လှေကားထိပ်မှာပြောမယ်''

''ကိုယ့်မှာလဲ ပြောစရာရှိတယ်၊ မင်းပြောတဲ့ ပတ်သက်မှုတွေအကြောင်းပေါ့''

''ကျွန်မပြီးမှ ရှင်ပြော''

သူနှင့်သူမ အတူတွဲလျှောက်ဖြစ်သော်လည်း စိတ်ချင်း၊ ဘဝချင်း မျှော်လင့်ချက်ချင်းက မိုင်ပေါင်းများစွာ ဝေး၍ဝေး၍ ကွဲကွာသွ[illegible]လေပြီဟု သူထင်ရောက်မိ၏။ လှေကားထိပ်နားမှာ ရှိသော ခုံ[illegible]လုံးမှာ အစွန်းတစ်ဖက်ဆီ ဝင်ထိုင်ဖြစ်ကြစဉ်. . .

''ကိုနေနဲ့ ရှင်နဲ့ တွေ့ဖြစ်သေးတယ် မဟုတ်လား''

သူ စိတ်မဝင်စားသလို ခေါင်းညိတ်ပြလိုက်သည်။ သူမက. .

''ကိုနေနဲ့ ကျွန်မ အချစ်နဲ့ နားလည်မှုတွေရနေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဒါကို မနာလိုသဝန်တိုလို့ ရှင် ကြားဝင်သပ်လျှိုတဲ့အနေနဲ့ စောသဥ္စာကို မရရအောင် ချဉ်းကပ်ကြိုးစားနေခဲ့တာမဟုတ်လား''

''မင်းကို ဘယ်သူပြောလဲ၊ ရှုးလို့ပြောတာဖြစ်မှာပဲ၊ အဖြစ်မှန်ကို စောသဥ္စာကို မေးကြည့်ရင်သိနိုင်ရဲ့သားနဲ့ ကိုယ့်ကို နိုင်စားနိုင်စွမ်းတယ်ဆိုပြီး လာလာဒုက္ခပေးပြီး မေးချင်ရာမေး စော်ကားချင်ရာ စောကားနေကြတာလား ဟန်နီ''

''ရှင်မဟုတ်ရင် နောက်ဆုတ်လိုက်ပေါ့၊ ဘာမှမခက် တာကို ခက်အောင်လုပ်နေရင်တော့ ဒီလိုအကျိုးဆက်တွေ ဆက်ပြီးရနေမှာပဲ''

''ဒါ မင်းအလုပ် မဟုတ်ပါဘူး''

''ဟုတ်တယ်. . . ကျွန်မရဲ့ ရှေ့ဆက်ရမယ့်လမ်းမှာ ရှင် ဝင်ရှုပ်နေတာ''

''အဲဒီလို ထင်ချင်ရင်လည်း ထင်တော့၊ ကိုယ်ဘက်က တော့ ဘာမှ ပြောင်းလဲပြင်ဆင်မှာမဟုတ်ဘူး၊ မင်းလိုပဲ ရင်ခုန်သံ ကို လိုရာပြောင်းလဲစိတ်ဝင်စားတတ်တယ်ကွာ၊ မင်းကြတော့ အမုန်း ဒီကောင့်ကြတော့အမှား၊ သွားစမ်းပါကွာ၊ မင်းကိုယ်မင်း သိပ်ထင်မနေနဲ့ ဟန်နီ၊ မင်းကိုယ်မင်းသာ ဂရုစိုက်ပါ၊ မင်းသား





ခေါင်းစွပ်တွေ ထောင်ချောက်တွေဆိုတာ မင်းတို့လို နုံအအတွေ ရှိနေလို့ ဒီနေ့ထက်ထိ ကမ္ဘာပေါ်မှာ အဲဒီနည်းတွေ အနိုင်အမာနဲ့ ကြွင်းကျန်နေခဲ့ကြတာကွ၊ မင်းသတိထား၊ မင်းရဲ့ချစ်သူကြီး ကို မနာလိုစိတ်နဲ့ ငါ ဂုံးချောဂုံးတိုက်ပြောနေတာ မဟုတ်ဘူး၊ မင်းရဲ့ ကိုနေကြီးကို ပစ်မယုံလိုက်နဲ့ ချင့်ယုံ၊ မုန်းချင်မုန်း၊ ပြောခွင့်ရသလောက်မှာ အဲ့ဒီအချက်ကို အဓိကထားပြောလိုက် ချင်တယ်၊ မမေ့ပါနဲ့''

''တော်တော်လာတဲ့ ယောကျ်ားတစ်ယောက်ပဲ၊ ရှင့် လောက်တော့ ဘယ်ယောကျ်ားမှ ကြောက်စရာမကောင်းတော့ ဘူးလို့ ကျွန်မထင်တယ်၊ နှန်းနွယ်နွယ်က မိန်းမတစ်ယောက်ကို မိတ်ဆက်ပေးခဲ့လို့ပဲ၊ ဆယ်ယောက်လောက်သာ မိတ်ဆက် ပေးဖြစ်ရင် ရှင် အဲ့ဒီဆယ်ယောက်လုံးနဲ့ လုံးလားထွေးလား ဖြစ်နေဦးမှာမ မဟုတ်လား၊ ရယ်ဖို့ကောင်းလိုက်တာ. . .

ရှင်သာ စောသဥ္စာရဲ့ လှည့်ကွက်ထဲကို ကျမသွားပါ စေနဲ့၊ ကိုနေက တိုက်တွန်းလို့သာ အခုလိုတားတဲ့စကားကို မဖြစ်သာလို့ ပြောနေရတာ၊ ကိုယ့်ကိုယ်ကိုယ် အဟုတ်ကြီး ထင်နေတာ ကျွန်မ မဟုတ်ဘူး၊ ရှင်မှ ရှင်ရှင့်''

ထိုစဉ်မှာပင် မာဆွေ၊ ခင်မိုးဝါနှင့် မေသဇင်တို့



www.burmeseclassic.com

www.burmeseclassic.com



သုံးမယောက်သားရောက်ချလာပြီး အလိုက်ကမ်းဆိုးမသိ သူ့ကို ယုရိုက်အော်ဟစ် ရွှင်မြူးစွာ ဝိုင်းဝန်းနှုတ်ဆက်ကြ၏။ ပျော်ချက်သားကောင်းနေ၍လည်း ကရုဏာဒေါသောဖြင့် ဝိုင်းအပြစ်ပြောကြ၏။

သူက အလိုက်သင့် ပြုံးပျော်ရွှင်မြူး နှုတ်ဆက်နေသည်ကို ဟန်နီက မျက်စောင်းတခဲခဲ ဖြစ်နေ၏။

"ရှင်တို့ ဝိုင်းအော်မနေကြနဲ့၊ ဒီမှာ အရေးကြီးတာပြောနေတယ်၊ ဘေးခဏဖယ်နေကြ"

မာဆွေက. . .

"နင်တို့ ပြန်တည့်သွားပြီမှတ်လို့ အူမြူးနေတာ"

"အရင်လိုပြန်နေစမ်းပါဟာ၊ ဘာမှလဲဟုတ်တာ မဟုတ်ဘဲနဲ့"

ခင်မိုးဝါက. . .

"ရှင် နင်လည်းမသွားနိုင်ဘူး၊ ကျုပ်တို့လည်း အကြောင်းသိတွေပဲ၊ ကျုပ်တို့ရှေ့မှာ ရှင်းမှ ကျုပ်တို့က အကြံဉာဏ်ပေးသင့်တာ ပေးနိုင်မယ်၊ မလွန်အောင်ထိန်းသိမ်း ပေးနိုင်မှာပေါ့၊ ရှင်တို့ဘာသာရှင်တို့ အရင်တစ်ခါလို ထပ်ပြီး အစွန်းထွက်ကုန်တာမျိုးကို ကျုပ်တို့ လက်မခံနိုင်တော့ဘူး"





ဟန်နီရဲ့ အမျက်အကြည့်က ခင်မိုးဝါအပေါ် ကျရောက်သွား၏။ ခင်မိုးဝါက မခံ။ ပြင်းပြင်းထန်ထန် ပြန်ကြည့်လိုက်သောအခါ ဟန်နီ စိတ်တစ်ထစ်လျှော့သလို အကြည့်လွှဲသွား၏။ ခင်မိုးဝါက ပို၍တင်းမာလေသံဖြင့်. . .

"ဒီမယ်ဟန်နီ၊ ရှင် နေမိုးသစ်ကို ဘာဖြစ်လို့ ဒီလောက်တောင် ယုံသွားရတာလဲ၊ ရှင့်လောက် မသင်္ကာဖြစ်ခဲ့တာရှင်ပဲ၊ အခုတော့ ပြောင်းပြန်လှန်လိုက်သလို ပြောင်းလဲပြီး ယုံစားသွားတယ်၊ နေမိုးသစ်ရဲ့ ကြည့်ပုံပြောပုံဆိုပုံတွေကို ကျွန်မတို့ဝိုင်းပြီးလေ့လာ အကဲခတ်ပြီးပြီ၊ သူဟာ ကျုပ်တို့ထက် အသက်လေးငါးနှစ်ကြီးပြီး ထင်သလောက် မရင့်ကျက်ဘူးဆိုတာ သူ့မျက်လုံးတွေမှာ ပေါ်နေတယ်"

မာဆွေက. . .

"ဟုတ်တယ် ဟန်နီ၊ နေမိုးသစ်က အဲ့ဒီအိမ်ကြီးမှာ ဦးစီးခေါင်းဆောင်ဖြစ်နေတဲ့လူ၊ အမွေတွေအားလုံးသူရဖို့ ကျန်တဲ့ ဖအေတူ မအေကွဲမောင်နှမတွေကို ချောက်ချ သုတ်သင်ဖို့ နည်းလမ်းမျိုးစုံ စဉ်းစားနေတဲ့လူ၊ ကျုပ်ကတော့ အဲ့ဒီလိုပဲ ထင်တယ်"

"နင် ပြောရဲတယ် ဟုတ်လား မာဆွေ၊ ကိုနေကို ဒီလို စွပ်စွဲရအောင် စောသဥ္စာက နန်းနွယ်နွယ်ကနေတစ်ဆင့် နင်တို့



www.burmeseclassic.com

www.burmeseclassic.com



ဆီ လုပ်ကြံစကားတွေကို လွှတ်ပေးလိုက်တာမဟုတ်လား၊ နင်တို့ အဲ့ဒါတွေသိလာလိမ့်မယ်ဆိုတာ ကိုနေက ကြိုသိနေလို့ ငါ့ကို ကြိုပြောပြထားပြီးပြီ. . .

ဒီမှာ တကယ်တမ်းအကောက်ကြံနေတာ၊ စောသဥ္ဇာတို့ မောင်နှစ်မနှစ်ယောက်ပါ၊ တစ်မအွေ့တည်း မွေးထားတဲ့ မောင်နှစ်မနှစ်ယောက်မှာ ရှုးချင်ယောင်ဆောင်နေတဲ့ အစ်ကိုက ကိုနေနဲ့ဇီဇဝါကို ညစဉ်ညတိုင်း လုပ်ကြံသတ်ဖြတ်ဖို့ ချောင်းနေ တာ၊ နင်တို့ မသိဘူးမဟုတ်လား. . .

အဲ့ဒီ စောသဥ္ဇာကိုယ်တိုင်ပဲ နေ့နဲ့ညတိုင်း ကိုနေနဲ့ ဇီဇဝါ ကတစ်ဖက်၊ နေမိုးလတ်နဲ့စောသဥ္ဇာကတစ်ဖက်၊ အမွေတွေ မောင်ပိုင်စီးနိုင်ဖို့ ချောင်းနေကြတာ၊ နှစ်နဲ့ကိုမ၊ ကြာနေပြီ၊ နင်တို့မသိရသေးတဲ့ အဲ့ဒီအဖြစ်တွေ ဒီနေ့ ငါကိုယ်တိုင် ရှင်းပြ မလို့စောင့်နေခဲ့တာပဲ''

ဟန်နီစကားကြောင့် ခင်မိုးဝါမှလွဲလျှင် အားလုံး အံ့သြ မှင်သက်မိသွားကြ၏။ ခင်မိုးဝါက. . .

''အဲ့ဒီအဖြစ်တွေကို နေမိုးသစ်ဆိုတဲ့ နင့်ရဲ့ကိုနေက ပြောပြခဲ့တာ မဟုတ်လား၊ အစီအစဉ်ကျနအောင် ပြောပြတတ် ပိုက်ပသဟာ၊ စောသဥ္ဇာလို မိန်းကလေးတစ်ယောက်က စိတ်





ဝေဒနာရှင် အစ်ကိုတစ်ယောက်ကို လူတွေလိုက်သတ်ခိုင်းနေ တယ်ဆိုတာ ဖြစ်နိုင်လို့လား၊ အသေအချာ ပြန်စဉ်းစားပါဦး ဟန်နီရဲ့''

''စောသဥ္ဇာအကြောင်းကို စောသဥ္ဇာကိုယ်တိုင် သူ့ကိုယ့်သူ သနားစဖွယ်လေးဖြစ်အောင် ဇာတ်လမ်းဆင်ပြီး ပြောပြပေ့ာမှ နင်တို့သိရတာ မဟုတ်လား၊ နင်တို့ထက်အရင် ပေါင်းလာတဲ့ နန်းနွယ်နွယ်တောင် စောသဥ္ဇာ လျှို့ဝှက်တတ်လွန်းလို့ အစက ဒီလောက်တောင် သိခွင့်ရခဲ့လို့လား. . .

စောသဥ္ဇာ လျှို့ဝှက်တတ်တယ်ဆိုကတည်းက ကျိတ်ကြံ နေတဲ့အကြံအစည် တွေရှိနေလို့ပဲဆိုတာ ရှင်းနေတာပဲ၊ တစ်နေ့ အဖြေမှန်ပေါ်လာမှ နင်တို့ ငါ့ကိုလာပြီး ဦးသုံးကြိမ်ချမတောင်း ပန်ကြနဲ့''

မာမဆွေက. . .

''နင်ပြောသလို ငါတို့ တောင်းပန်တဲ့မျိုးပဲ ဖြစ်ရပါစေ ဟာ၊ ငါတို့မှန်နေရင် အန္တရာယ်တွေရဲ့ သားကောင်ဘဝမှာ နင် အစပျောက်သွားမှာစိုးလို့ပါ''

''နင့်ပါးစပ်ပုပ်ကြီး ပိတ်ထားမာဆွေ''

မေသဇင်ဖူးက. . .



www.burmeseclassic.com

www.burmeseclassic.com



''တို့ကတော့ ပိတ်မထားနိုင်ဘူးဟန်နီ။ ရှင့်အတွက် ပြောနေတဲ့လူတွေကို ရှင်ပြန်ရန်လုပ်နေတာ လွန်လာပြီ၊ ရှင်နဲ့ ဝေဟန်တို့ ပြန်လည်သင့်မြတ်ရေးကလွဲရင် အဲ့ဒီအိမ်ကြီးမာယာတွေ၊ နေမိုးသစ်၊ နေမိုးလတ်၊ စောသဉ္ဇာ၊ ဇီဇဝါတွေ ဘာမှ မလိုချင်ဘူး၊ မပတ်သက်စေချင်တော့ဘူး. . .

ဝေဟန်ကလည်း စောသဉ္ဇာပြောတာ ယုံလွန်းတယ်၊ နေမိုးသစ်နဲ့ စောသဉ္ဇာက မိဘဘိုးဘွားအမွေအနှစ်တွေအတွက် သွေးအေးအေးလေးနဲ့ သူ့ဘက်ကိုယ့်ဘက်ပါအောင် ဉာဏ်နဲ့ ကစားပြီး လုနေကြတာနော်၊ နင်တို့ ကြားက မြေစာပင်ဖြစ်မယ်၊ ပဲလှော်ကြား ဆားညပ်မယ်၊ ကြာရင် ''ငင်ကိုနှ'' ''ဘက်ဟာ သူတို့ရဲ့ အဓိက လက်နက်တွေဘာဝရောက်ပြီး ကောင်းကောင်း အသုံးချခံလိုက် ရလိမ့်မယ်. . .

အဲ့ဒီအိမ်ကြီးမာယာမှာ ဘာတွေဖြစ်နေသလဲဆိုတာ သိသင့်သလောက်သိပြီ၊ တော်တော့၊ ခေါင်းထဲက ထုတ်ပစ်တော့၊ ရပ်စဲလိုက်တော့၊ တို့တစ်တွေ ပျော်ပျော်ပါးပါး အရင်လို ပြန်နေလိုက်ကြရုံပေါ့''

အားလုံးငြိမ်သက်သွား၏။ မာန်စွယ် ခေတ္တ ချထားသော ဟန်နီက ဆတ်ခနဲ မတ်တတ်ရပ်ပြီး အားလုံးကို





ကြည့်၏။ အားလုံးက မအံ့သြချင်ယောင်ဆောင်ပြီး ပြန်ကြည့်နေသောအခါ. . .

''တော်ပါပေတယ် ဝေဟန်ရယ်၊ နင်က သူတို့ကို ကြိုတင်စည်းရုံးပြီး ဇာတ်ညွှန်းတွေ ချပေးထားခဲ့တာကိုး၊ အခုတော့ သူတို့အားလုံး နင့်လူတွေဖြစ်ကုန်ကြပြီ၊ ငါမလိုတော့ဘူး၊ ဒါကြောင့် ဒီနေ့ကစပြီး နင်တို့တစ်ဖွဲ့လုံးကို ငါလမ်းခွဲမယ်၊ လိုအပ်ရင် ကျောင်းပါပြောင်းပြီး စာသင်တော့မယ်. . . ဒါပဲ''

ဒေါက်မြင့်ဖိနပ်သံ ပြင်းပြင်းပေးပြီး တင်းတင်းနင်း လျှောက်သွားသော ဟန်နီရဲ့နောက်မှာ ဒေါသတံလျှပ်တွေ အထပ်ထပ် လိုက်ပါသွားသလို မြင်လိုက်ရ၏။ သူ့ရင်၌ စိတ်မကောင်းခြင်းတွေ ဖိတ်လျှံသွား၏။ ခင်မိုးဝါက မျက်ရည်ဝဲပြီး ခုံကို လက်ဝါးနှင့် ဖြန်းခနဲရိုက်ကာ. . .

''အသည်းနာတယ်ဟာ''

မေသဇင်ဖူးက. . .

''သူ နားလည်မှု အကြီးအကျယ် လွဲသွားပြန်ပြီ''

မာဆွေက. . .

''ထားလိုက်ပါဟာ''

သူက တစ်ခုခုကို ပြောချလိုက်ချင်သည်။ အာရုံတွေ



www.burmeseclassic.com

www.burmeseclassic.com



ထွေပြားနေ၏။ လည်ချောင်းဝမှာ ကာစ်ဆို့နေ၏။ ပင်ကိုယ်ရင်ခုန်သံပင် မမှန်ချင်တော့။ သူတစ်ခုခု ပြောလာဖို့ကိုလည်း သူငယ်ချင်းမတွေက မျက်လုံးအကြည့်တွေဖြင့် တောင်းဆိုနေကြ၏။ နန်းနွယ်နွယ်က သူနှင့်စောသဇ္ဈာအကြောင်းကို ပြောပြထားပြီးပြီမို့ မလိုအပ်တော့။ သူပြောသင့်ရာ ပြောမည်ကြံသော်လည်း သူကိုယ်တိုင်က သံသယနှင်းထုမော်လွှင်ပြင်ထဲမှာ ဝေ့ယမ်းပြီး စမ်းတဝါးဝါးသွားနေရသူ။

''နင်ဘာပြောချင်လို့လဲ ဝေဟန်''

''သူမှားမှ ငါမှန်ရရင်လည်း ပုံ့ရင်ထဲမှာ ဒဏ်ထပ်ရွဲဦးမယ်ဆိုတာကို တွေးမိတာပဲ ပြောချင်ပါတော့တယ်ဟာ''

သူမတို့သုံးယောက် ရှေ့မှောက်မှသူ တစ်လှမ်းချင်း လျှောက်ထွက်လာခဲ့မိ၏။ ကျောင်းစာထဲ ဖိပြီး ရင်ထဲရှိသမျှ ဝေဒနာတွေ ကျိတ်မြေပယ်လိုက်တော့မည်။

ပြောင်းလဲချက်တွေကိုင်းမှာလည်း ထပ်ဆင့်ပြောင်းလဲခြင်းတွေရှိနေတယ်ဆိုတာ သတိပြုဆင်ခြင်မိလိုက်မှ. . .

သူ့ခံစားချက်မှန်သမျှကို အနည်ထိုင်သွားအောင် စိတ်ငြိမ်ပေးလိုက်ရသည်။ သူ့အတွေးမှာ သူမစေခိုင်းရပါဘဲနှင့်. . .

ဟန်နီနှင့် စောသဇ္ဈာတို့ရဲ့ အားပြိုင်ပွဲတစ်ခုက ထင်းခနဲ





ပေါ်လာပြန်၏။ လက်မခံလိုသောငြင်းခါမှုဖြင့် ခေါင်းခါမောင်းထုတ်လိုက်၏။

ရှေ့ဆက်ဖို့က အသင့်ပြင်ရမည့် အစီအစဉ် တွေးတောချက်တွေက သူ့အာရုံကို လှုပ်နှိုးဆွလိုက်၏။ အာရုံလှိုင်းမှာ ဟိုက္ကူကဗျာရွတ်သံ သဲ့သဲ့ကြားလိုက်ရ၏။

ကိမ်ညိုငါးကြင်းကွက်
လ.နတ်သမီး အဆင်းဖွက်
ကောင်းကင်ပဥလက်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ရက်သတ္တတစ်ပတ်တိတိကြာအောင် သူ ငြိမ်ပြီးအနည် ထိုင်နေမိသည်။ ကျောင်းတက်ရက်အချို့ ပျက်ခဲ့၏။ သူ့ထံသို့ မည်သူကမှ ဆက်သွယ်မလာနိုင်အောင် ခရီးတစ်ခု ထွက်ဖြစ်ခဲ့၏။ ခရီးမှပြန်ရောက်လာသည်။ သူ့စိတ်အာရုံတွေ အနည်ထိုင် လောက်ပြီဆိုတာ ခန့်မှန်းမိမှ ကျောင်းပြန်တက်ဖြစ်၏။ သူငယ်ချင်းတွေနှင့် မတွေ့အောင်ရှောင်ခါမှ ဖေဖြိုးတို့နှင့် ဆုံတိုးရပြန်သည်။

''ပျောက်နေလိုက်တာကွာ၊ မင်းကို လိုက်ရှာနေဟာ ဒေါင်းတောက်နေပြီ၊ အရေးတကြီး ပြောစရာရှိလို့ကွ''

ဖေဖြိုးစကားကြောင့် သူ့ရင်ထဲ ထိတ်ခနဲ...





''ဘာဖြစ်လို့လဲ''

''ဟန်နီ မနေ့က ပျောက်နေတယ်၊ သူ့အိမ်သားတွေ ဒီနေ့အထိ စိတ်ပူပြီး လိုက်ရှာတာ မတွေ့ဘူးတဲ့''

''ဟာ''

အာမေဋိတ်သံနှင့်အတူ သူ ထူပူပြူးပျာသွားမိ၏။

''နေမိုးသစ်ဆီ၊ သွားမရှာကြဘူးလား''

''ရှာတာပေါ့ကွာ. . . လူမှုရေးအရ ရပ်ကွက်လူကြီးတွေနဲ့ ဝင်ရောက်ရှာကြည့်ကြတာပေါ့၊ မတွေ့ဘူး. . . နေမိုးသစ်နဲ့ သူ့အလုပ်သမားနှစ်ယောက်ကလည်း 'ဘူး' ခံပြီး ငြင်းဆိုကြတယ်''

''သူငယ်ချင်းတွေအိမ်ကော''

''ဘယ်ရှိမလဲ၊ မာဆွေ၊ ခင်မိုးဝါ၊ မေသဇင်ဖူးတို့တောင် အနှံ့လိုက်ရှာပေးနေကြသေးတယ်''

''နန်းနွယ်နွယ်နဲ့ စောသဥ္စာတို့ဆီရော''

''မေးပြီးပြီ၊ မလာဘူးပဲ၊ သူတို့လည်း ဝိုင်းကူရှာပေးနေကြတယ်''

''တောက်. . . ဒါ. . . နေမိုးသစ်ရဲ့ လက်ချက်ပဲ ဖြစ်ရမယ်၊ ဟန်နီ တစ်ခုခုဖြစ်ရင် သင်း သေဖို့သာပြင်''



www.burmeseclassic.com

www.burmeseclassic.com



"မင်း ပျောက်နေလို့ မင်းနဲ့ ခိုးရာလိုက်ပြေးသွားပြီးလား လို့တောင် ထင်ကြသေးတယ်"

"ဘယ်ကလာဟုတ်ရမှာလဲကွာ ...ဘိုင်း မင်းတို့ နေ တတ်သလို နေနေကြတာပဲလား"

"ငါတို့လည်း ရှာနေတာပဲ၊ တွေ့မှ ...တွေ့တာ"

✽ ✽ ✽ ✽



သူ ရင်ပူထိတ်လန့်စိတ်ဖြင့် Taxi တစ်စင်း တားကာ စောသဥ္ဇာတို့ကျောင်းရှိရာ ထွက်လာခဲ့သည်။

ကျောင်းဝင်းအနှံ့ ခပ်မြန်မြန် လိုက်ရှာသောအခါ သစ် ပင်အရိပ်အောက်မှာ စကားကောင်းနေသည့် စောသဥ္ဇာနှင့် နန်းနွယ်နွယ်တို့နှစ်ယောက်ကို တွေ့လိုက်ရသည်။

သူငယ်ချင်း မိတ်ဆွေကို ကြိုးကြိုးစားစား၊ ကိုယ်ချင်း စာနာ ရှာဖွေပေးနေကြသည့် ပုံစံတွေတဲ့လား။

သူ ချွေးသံရွှဲရွှဲနှင့် ဟောဟဲဟိုက်ပြီး သူမတို့အနားသို့ ရောက်သွားစဉ် စောသဥ္ဇာ ထိတ်လန့်တကြား မော့ကြည့်လာ၏။

"ဟန်နီ ဘယ်မှာလဲ သဥ္ဇာ၊ မင်းအစ်ကိုရဲ့ ထောင်



www.burmeseclassic.com

www.burmeseclassic.com



ချောက်ထဲကို ဟန်နီ ရောက်သွားပြီနဲ့တူတယ်. . . ဟန်နီ ဘယ်မှာလဲ''

စောသဥ္ဇာက သူ့ကို သရုပ်ခွဲလေ့လာသလို ပြန်ကြည့်နေ၏။ နန်းနွယ်နွယ်က စိတ်မကောင်းဟန် လေသံဝဲဝဲဖြင့်. . .

''ဟန်နီကို လိုက်ရှာနေကြတာပဲ၊ ဒီမှာ မရှိတာ ကျိန်းသေတယ်၊ နေမိုးသစ်ဆီ သွားစုံစမ်းရှာဖွေပြီးပြီ. . . မတွေ့ခဲ့ကြဘူး''

''နန်း ပြောတာ ဟုတ်တယ်. . . ရှင် ကိုနေမိုးသစ်ကို သိပ်ထင်နေရင်လည်း အိမ်ကို လိုက်ခဲ့ပါလား၊ ရှင် ကြိုက်သလို ရှာပါ၊ ဘယ်သူမှ မကန့်ကွက်စေရပါဘူး''

''လုပ်ချင်သလို လုပ်ပြီးတော့ ဒီမှာ အလောင်းကြီးပါလို့ ဘယ်သူက အိမ်ရှေ့မှာ စာကပ်ချခင်းပြထားမှာလဲ၊ လက်စဖျောက်ပစ်ပြီးလောက်ပြီပေါ့''

''အစ်ကိုကြီး အဲဒီလောက် ရက်စက်ယုတ်မာတတ်တဲ့ လူ မဟုတ်ပါဘူး''

''ဟန်နီနဲ့ ဒခရင်းနီးဆုံး တွဲနေတာ သူပဲရှိတာပဲ''

''ဟန်နီအတွက် သူ ဘာလို့ ဒီလောက်အထိ စိတ်ပူနေတာလဲ၊ ရှင်ပြောတော့ ဟန်နီနဲ့ မပတ်သက်တော့ဘူး၊ လမ်းခွဲလိုက်ပြီဆို. . . ကျွန်မ ဘယ်လိုနားလည်ရမှာလဲ''





''မပတ်သက်ပေမယ့် အသက်အန္တရာယ် စိုးရိမ်လောက်တဲ့အထိ လူတစ်ယောက်လုံး ပျောက်ချက်သားကောင်းနေတာပဲ၊ သူငယ်ချင်းမိတ်ဆွေတွေလို သဘောထားနဲ့ ကိုယ် အသည်းအသန် လိုက်ရှာပေးနေတာ၊ မဖြစ်သင့်ဘူးလား စောသဥ္ဇာ''

''ဖြစ်သင့်ပါတယ်. . . ဒါပေမယ့်''

စောသဥ္ဇာက ပြောမည်ပြင်ပြီးမှ နန်းနွယ်နွယ်ကို အဓိပ္ပါယ်တစ်မျိုးပါသည့် အကြည့်ဖြင့် ကြည့်လိုက်၏။

နန်းနွယ်နွယ်က အလိုက်တသိပင် ထ,ထွက်သွား၏။

သူမက. . .

''ဖြစ်သင့်ပါတယ်၊ ဒါပေမယ့်ဆိုတာ ဘာဒါပေမယ့်လဲ''

''ကျွန်မထက်တော့ သူ့ကို ပိုမချစ်သင့်ဘူး''

တခြားအချိန်တွေဆို သူ ထ,ခုန်နိုင်လောက်သော ဝမ်းသာဖွယ်ရာ တကားပင်။

သောကနှင့် လူးလျှာနေ၍ ရှုတတ မျက်တက်တက်ကြီး ခံစားလိုက်ရ၏။

သူက. . .

''မင်းက ကိုယ့်ကို ဘယ်တုန်းက ချစ်တယ်လို့ ဝန်ခံအဖြေပေးခဲ့လို့လဲ. . . ကိုယ့်ဘက်ကတော့''



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေး. . . ရှင်နားလည်ရဲ့သားနဲ့ အတင်းထပ်မေး နေတာ၊ မိန်းကလေးတစ်ယောက်ရဲ့ သိက္ခာကို စော်ကားရာ ရောက်သလိုဖြစ်နေပြီ"

"ဒီအချိန် ဒါတွေ ခဏမေ့ထားလိုက်ရအောင် စောသဉ္ဇာ၊ ဟန်နီက အသက်အန္တရာယ်အဆင့်အထိ စိုးရိမ်နေရတာ၊ သူ့ကို ကိုယ်က အချိန်မီအောင် လိုက်ရှာတွေ့မှဖြစ်မယ်"

"ဟန်နီက ကလေးမှ မဟုတ်တာ၊ ရှင် ပျောက်ချက် သား. . ."

"နယ်ဘက်ခရီးထွက်နေလို့ပါ"

"ရောက်တဲ့နေရာက ဘာလို့ မဆက်သွယ်တာလဲ"

"မအားလို့ပါကွာ၊ ဟန်နီ့အကြောင်း ဆက်ပါဦး"

"အင်း. . . ဟန်နီလည်း ရှင့်လို နယ်ဘက်ကို ခရီးထွက် ချင်ထွက်ဖြစ်နေမှာပေါ့"

စောသဉ္ဇာအနေနှင့် စိတ်ပူပန်မှု သိပ်မရှိ။ ဟန်နီကို မုန်းတီးစိတ်အခြေခံ အားကောင်းနေပုံရသည်။

"ကြာတယ်ကွာ၊ အခုပဲ ပင်းအိမ်ကို ကိုယ်လိုက်မယ်"

"ကာလပ်(စ်)တက်ရဦးမယ်"

"လူတစ်ယောက်ရဲ့ အသက်က ပိုအရေးကြီးပါတယ်





သဉ္ဇာ"

"တကယ်ဆို ရှင် ကျွန်မကို မချစ်သင့်ဘူး"

"ဘာဖြစ်လို့လဲ သဉ္ဇာ"

"ရှင့်ပါးစပ်ဖျားမှာ ဒီနေ့ ဟန်နီ့နာမည် ရေပန်းစားနေ တယ်၊ ကျွန်မ မှားသွားပြီနဲ့တူတယ်. . . ကျွန်မကို မြတ်နိုးခဲ့တဲ့ စိတ်တွေ ဘယ်ချောင်မှာ သွားသိပ်ထားခဲ့သလဲဟင်"

"သဉ္ဇာ. . . မင်းတို့မောင်နှမ သွေးဆာနေတာ ငါသိ တယ်၊ ငါတို့ကို မင်းတို့ရဲ့ ကိုယ်ကျိုးစီးပွားနဲ့ ရပိုင်ခွင့်တွေ တိုက်ယူဖို့အတွက် ပယ်ပယ်နယ်နယ် အသုံးချခဲ့တယ်"

"အို. . . အဲ့သလို မထင်ပါနဲ့၊ မထင်ချင်စမ်းပါနဲ့၊ ရှင် ဘယ်လိုကြောင့်များ အတွေးအမြင်တွေ တိမ်းစောင်းလာခဲ့သလဲ ဟင်၊ ကျွန်မတို့မောင်နှမရဲ့ အိမ်တွင်းရေးပြဿနာမှာ ရှင်တို့ကို အဲဒီလောက် ဆွဲ[illegible]ကြီး ဒုက္ခမပေးရဲပါဘူး။

အစ်ကိုကြီး နေမိုးသစ်နဲ့ နေမိုးလတ်တို့ ဆိုရင်တော့ ကျွန်မ မပြောတတ်ဘူး၊ ကျွန်မမှာ အဲဒီစိတ် မရှိတာတော့ သေချာတယ်"

"မင်းစကားက ရှေ့နောက် မညီပါလားကွာ၊ စော[illegible] က ပြောတော့ နေမိုးသစ်ဟာ အဲဒီလောက် မယုတ်မာ[illegible]ဘူးဆို



www.burmeseclassic.com

www.burmeseclassic.com



တာ၊ အခုတော့ မပြောတတ်တော့ဘူး ဖြစ်သွားပြန်ရော၊ ဘာ တွေလဲကွာ. . . မင်းကိုပါ ယုံဖို့ အရမ်းစဉ်းစားသွားရပြီ''

''အစ်ကိုကြီး ကိုနေမိုးသစ်ကို ကျွန်မ ထင်လည်း ထင် ချင်တယ်၊ ထင်လည်း မထင်ချင်ဘူး၊ သူက ဘာမဆို တိတ် တိတ် ကြိတ်လုပ်တတ်တဲ့ အကျင့်ရှိတယ်။

သူ့အပေါင်းအသင်းတွေ ရှိတယ်၊ ပြင်ပစီးပွားရေး အလုပ်တွေ လုပ်နေတာတောင် ဥပဒေနဲ့ လွတ်ကင်းရဲ့လား မသိဘူး။

တစ်ခါတလေ သူ့လူတွေနဲ့ ကျွန်မ လိုက်သွားပြီး ငွေစာ ရင်းရှင်းတမ်းတွေ တွက်ချက်ပေးရတယ်၊ အမြတ်အစွန်းထက် ကြွေးမြီးတွေက ပိုများနေတာ၊ အဲဒါတောင် ဘာအလုပ်လုပ် သလဲဆိုတာ ကျွန်မ မသိဘူး''

အိမ်ကြီးမာယာမှာ ဝင်ထွက်သွားလာနေကြသော လူမိုက် ရုပ်တွေနှင့် သူမ ကားပေါ် ပါသွားတတ်တာ သူ ပြန်တွေးမိ၏။ သူက. . .။

''အခု ဟန်နီ ပျောက်နေတာ မင်း သိသင့်သလောက် သိနေရမယ်၊ မင်းတို့ချင်း တိုက်စစ်ပြင်ဖို့ အကွက်ချစီစဉ်ကြတဲ့ အထဲမှာ ဟန်နီ ကြားညှပ်ခံထားရတာလည်း ဖြစ်ချင်ဖြစ်မယ်၊





အိုကွာ. . . ဟန်နီက မင်းတို့ လျှို့ဝှက်ချက်တွေ သိသွားလို့ နှုတ်ပိတ်ခံလိုက်ရရင်လည်း ခံလိုက်ရမယ်''

စောသဉ္ဇာ ခေါင်းငုံ့ယမ်းခါပြီး ဝမ်းနည်းကြေကွဲစွာ သူ့ကို ပြန်ကြည့်နေ၏။

သူ အသည်းမာချင်ဟန်ဖြင့် အကြည့်လွှဲနေလိုက် စဉ်. . .

''ကျွန်မအပေါ် ဒီလောက်အထိ ထင်ထားတာကိုး. . . ကောင်းပြီလေ၊ ကျွန်မ စဉ်းစားမိသလောက် အိတ်သွန်ဖာမှောက် ပြောပြမယ်။

မနေ့က နေ့လယ်ပိုင်းက ရှင်နဲ့တွေ့ပြီး စကားပြောချင် လို့ ကျွန်မကို ညစာစားပွဲ ဖိတ်ခိုင်းလိုက်တာပဲ။

ကျွန်မကို ရှင်တကယ်ချစ်တာ ဟုတ်မဟုတ်ဆိုတာကို စကားပြောရင်း လှေလာတီးခေါက် မေးမြန်းကြည့်ချင်လို့ပေါ့။

ပထမတော့ ကျွန်မ မဖြစ်နိုင်လို့ ငြင်းသေးတယ်၊ နောက် တော့ အစ်ကိုကြီး နေမိုးသစ်က ရှင်နဲ့ ကျွန်မ ကြားမှာ ဘာအရှုံ အတားမှ သူ မလုပ်ဘူးဆိုတာ ကတိပေးလို့ ကျွန်မ ခေါင်းညိတ် လက်ခံခဲ့တယ်၊ မနေ့က ရှင့်ကို ရှာခဲ့တယ်၊ မတွေ့ဘူး။

အဲဒါနဲ့ ညစာစားပွဲ မဖြစ်မြောက်ခဲ့ဘူး။ အဲဒီလို ညစာစား



www.burmeseclassic.com

www.burmeseclassic.com



ပွဲ ဖိတ်တဲ့အချိန်နဲ့ ဟန်နီ ပျောက်သွားတဲ့အချိန်က တိုက်ဆိုက်နေသလိုပဲ။

အဲဒီအပေါ်မှာ ကျွန်မ သင်္ကာမကင်းတော့ ဖြစ်မိတယ်''

''အဲဒါ နဂါးခံတွင်းပဲ၊ လိုဏ်ဂူယောင် ဖန်ဆင်းထားတာ၊ ဒီလူ ဘယ်လောက်တောင် ဉာဏ်နီဉာဏ်နက်တွေနဲ့ ပြင်ဆင်ထားသလဲ မသိဘူး။

ဒီမှာ သဇ္ဈာ၊ ကိုယ်တို့ အခုပဲ အငိုက်ဝင်သွားမယ်၊ မင်းတို့တစ်အိမ်လုံးကို ပတ်မွှေပြီး ရှာဖွေတဲ့နေရာမှာ ကူညီပေးပါ။ ဒီအချိန် မင်းအစ်ကို ရှိတတ်သလား''

''ပြောလို့မရဘူး၊ ဘယ်အချိန်မျိုးမဆို ရှိချင်လည်း ရှိတယ်၊ မရှိချင်လည်း မရှိဘူး၊ ကျွန်မ ကူညီပါ့မယ်၊ လာလေ သွားမယ်''

စောသဇ္ဈာ ကိုယ်တိုင် ထကြွလုံးလဖြင့် ဦးဆောင်သော အခါ သူ့မှာ တွန့်ခနဲ ရွံ့သလိုလို ဖြစ်ချင်သွားမိ၏။

စောသဇ္ဈာကိုယ်၌ကလည်း ယုံရသည့်သူမဟုတ်။ အချို သတ်ပြီး အတတ်ပညာမျိုးစုံ ပြင်ဆင်ထားမည့် အန္တရာယ်စက်ကွင်းထဲကို သူလိုက်ပါဖို့ ဆွဲခေါ်နေလေပြီ။





အိမ်ကြီးမာယာကို သံဖနောင့်ဖြင့် မီးဟုန်းဟုန်း တောက်အောင် နာနာမွှေဖို့ ငါလာပြီ. . . လို့ သူ ရင်တွင်း ဟစ်ကြွေးပစ်လိုက်မိသည်။

❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

အိမ်ကြီးမာယာသည်ကား. . .

ယခင်ကလိုပင် အမှောင်အားကိုးဖြင့် ခြောက်လှန့်အတတ်ကို မပြင်နိုင်တော့သလိုလို ညနေညိုချိန်မို့ အိမ်ဝင်းထဲကို ကားထိုးဆိုက်စဉ် ပြင်ပ၌ လင်းလင်းရှင်းရှင်းပင် ရှိနေသေး၏။

အလိုအလျှောက် ပြန်ပိတ်သွားသော တံခါးကြီးရဲ့ အနီးမှာ အစောင့်တစ်ယောက် ရှိနေ၏။

အငှားကားပေါ်မှ ဆင်းပြီး ကျသင့်ငွေ ရှင်းပေးစဉ်မှာပင် ဂင်တိုတိုနှင့် လူက ရောမခွေးကြီးတစ်ကောင်ကို လမ်းလျှောက်ကာလာတာ တွေ့ရ၏။ လက်မှ လည်ပတ်ကြိုးကို ကိုင်ထားပြီး သူတို့ကို မိုက်ကြည့်ကြည့်နေ၏။





''ဝေါင်း. . . ဝေါင်း''

ခွေးကြီး ထဟောင်သံက ကျားဟိန်းသံကြီးလိုပင်။ တစ်ခါက ကျားပေါက်တစ်ကောင် အထင်ရောက်ခဲ့မိသော အကောင်ကြီးပင်။ တော်တန်ရုံလူတစ်ယောက် အသာလေး ကိုက်ဝါးပစ်နိုင်သော သွားကြီးတွေက ထက်မြနေ၏။ လျှာနီရှည်ကြီးက သွားရည်တမြားမြားဖြင့်။

လူစိမ်းဖြစ်သော သူ့အနံ့ကိုရ၍ ထိုးဟောင်ကိုက်ဆွဲချင်နေပုံရ၏။ သူမက ဂင်တိုတိုငတိဘက်ကို လှည့်ဟောက်လိုက်၏။

''ဟဲ့ယက္ခ. . . အာနိုးကို တခြားခေါ်သွားစမ်း၊ နင်ဟာလေ အလိုက်ကို မသိဘူး၊ ငါ့ညှော်သည်ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လာလုပ်တယ်၊ သွား. . . သွား''

ယက္ခဆိုသည့် ဘီလူးငတိက မျက်လုံးပြူးအိုင်အိုဖြင့် ပြန်ကြည့်နေရာမှ တိုက်နောက်ဘက်ကို ထွက်ခွာသွား၏။

''ဝေါင်း. . . ဝေါင်း''

အကောင်ကြီးက ဆွဲခေါ်ရာကို မလိုက်ချင်ဘဲ လိုက်သွားရ၏။ မာန်ဖီသံ တဂဲဂဲကြီးကိုပါ ဆင့်ကဲ ကြားလိုက်ရပြန်၏။

အိမ်အတွင်းဘက်မှာ မှောင်နေ၏။ သူ့ကို ဧည့်ခန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



နေရာပေး၏။ ရှေးဟောင်းပစ္စည်းနှင့် ပရိဘောဂတွေကိုသာ မြင်၏။ နေရာအထားအသို မကျ။

စောသဥ္ဇာက အဆောင်ဆောင် အခန်းခန်းကို လိုက်လံအော်ဟစ်နေ၏။ နေမိုးသစ်ကို အော်ခေါ်ပြီး ရှိမရှိ သိရအောင် ခေါ်ကြည့်နေခြင်းဖြစ်၏။ အိမ်ဖော်ထားရှိဟန် မတူ။

အိမ်အပေါ်ထပ်မှ တဒိုင်းဒိုင်း ပြေးလာသော ခြေသံနှင့် အတူ သူ့ကို လှမ်းပစ်လိုက်သော ဖိုင်ဘာမြားတံ။

"ဒုတ်"ခနဲ အသံ။ သူနှင့် လက်တစ်ကမ်းမျှသာ ကွာသော ထိုင်ခုံမှာ မြားတံစိုက်စွဲပြီး အမြီးဖျားတွေပင် တုန်ခါလျှက်။

သူ့ လန့်ဖျပ်သွား၏။ သူ့ကို မြားဖြင့်ပစ်၍ လုပ်ကြံလိုက်သော တရားခံက အပေါ်ထပ် ဝရန်တာပေါ်မှာ။

ရှေးခေတ်လေးသည်တော်တွေလို ဝတ်စားဆင်ယင်ပြီး ဖိုင်ဘာလေးကိုင်းကြီးမှာ မြားအသစ် တပ်လျှက် သူ့ကို လှမ်းချိန်နေသည့် ဆံပင်စုတ်ဖွားခေါတ်လိုက်ထားသလိုပုံစံနှင့် လူတစ်ယောက်။ သူ မှတ်မိသွား၏။ စောသဥ္ဇာနဲ့ တစ်မအေတည်း မွေးသည့် နေမျိုးလတ် ဖြစ်နေသည်။ သူ့ကို ရန်သူထင်ပြီး တကယ်ကို မြားနှင့်ပစ်နေခြင်းပင်။

ဝီးခနဲ ပြေးဝင်လာသော မြားတံကြောင့် ထိုင်နေရာမှ





သူ အမြန်ခုန်ရှောင်လိုက်၏။ စိတ်ရောဂါသည်တစ်ယောက်မို့ သူ့ကိုယ်သူ လွတ်အောင်ရှောင်နေစဉ်မှာပင် အောက်ထပ်အတွင်းခန်းထဲမှ စောသဥ္ဇာ ပြေးထွက်လာ၏။ သူ့ရှေ့မှ ကာကွယ်ပိတ်ရပ်ရင်း. . .

"အစ်ကိုလတ်. . . ကိုလတ်. . . မလုပ်နဲ့. . . မပစ်နဲ့"

"ပစ်မယ်ဟေ့. . . ပစ်မယ်၊ ငါ့ရန်သူ ရောက်လာပြီ၊ နင်ဖယ်"

"မပစ်ပါနဲ့. . . ညီမလေးရဲ့ မိတ်ဆွေသူငယ်ချင်းပါ"

"ဘာ. . . နင် ငါ့ကို ညာနေတာလား"

"တကယ်ပြောတာပါ"

စိတ်ရောဂါသည်နှင့် ပြောနေရသည်ဟုပင် မထင်ရ။

"ဒါဆိုရင်. . . ရှူး. . . ရှူး. . . တိုးတိုးလုပ်ကြ၊ ငါ့ရန်သူကြားသွားမယ်၊ ရန်သူကို ငါချောင်းနေတာ၊ နင်တို့နှစ်ယောက် အဲဒီမှာ ဝပ်နေကြနော်၊ ငါ မြို့ရိုးပေါ်ကနေ မှန်ဘီလူးနဲ့ ကြည့်လိုက်ဦးမယ်၊ အမငီးငီး. . . လုပ်ကြပါဦး၊ ငါ့လက်ကြီး မှန်ဘီလူးနဲ့ ကြည့်လိုက်တာ အကြီးကြီးဖစ်သွားပြီ၊ အီးဟီးဟီး၊ ကယ်ပါဦး. . . မာမီမားသား၊ မေမေ အညားအမားရဲ့"

"တိတ်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



နေမိုးလတ်ရဲ့ နောက်မှ မိန်းကလေးတစ်ယောက် ပေါ်လာ၏။ စောသဥ္ဇာ ချောလှသလောက် ထိုမိန်းကလေးမှာ အရုပ်ဆိုးအကျည်းတန်လှ၏။ ငယ်ငယ်က အဆောင့်မက်၍ မီးလောင်ခံရပြီး မျက်နှာပျက်သွားရခြင်းဖြစ်ကြောင်း စောသဥ္ဇာ ပြောခဲ့ဖူးတာ အမှတ်ရမှ ဇီဇဝါ ဖြစ်မှန်း' သိလိုက်ရ၏။

သူတို့တွေ့ခဲ့ဖူးသော ထိတ်လန့်စရာမိန်းမမှာ ဇီဇဝါ ဖြစ်နေ၏။ မျက်နှာတစ်ခုလုံး အရေးပြားတွေနီရဲနေပြီး သမင်ဖြူလို စွဲနေ၏။

"မင်းကို ဆေးကုနေတာ မပျောက်သေးဘူး၊ ဘာလို့စာသင်ခန်းထဲက ထွက်ပြေးသွားရတာလဲ၊ ဆိုးလိုက်တဲ့ တပည့်၊ နောက်ဆိုဦးဟာ[illegible] . ကဲဟာ. . . ကဲဟာ"

တဒေါက်ဒေါက်နှင့် ခေါင်းခေါက်တော့၏။ စင်မြင့်ပေါ်မှာ ပြဇာတ်ကနေသလိုလို၊ ဘာလိုလို။ စိတ်ရောဂါဝေဒနာရှင်နှစ်ယောက်ကို ကြည့်ပြီး ရင်လေးတာ အတန်ငယ် ပေါ့သွားရပြန်သည်။

"အီးဟီးဟီး၊ နာတယ် ချာမရဲ့၊ တားတားက ပျင်းရိအပြင်မှာ ဆော့တာပဲဟာ ပဲဟာ၊ ချာမက အရိုက်ကြမ်းတယ်၊ တားတား စာအတင်တော့ဘူး"





"မသင်ရင် ဗိုက်ကြောပြတ်အောင် လိမ်ဆွဲပစ်မယ်၊ ဘာမှတ်လဲ၊ ဆရာမပြ နည်းမကျတဲ့၊ လာလိုက်ခဲ့စမ်း၊ ဟင်း. . . ဟိုအောက်က တပည့်နှစ်ယောက်က ဘာလုပ်နေကြတာလဲ၊ လာ. . . တက်ခဲ့ကြစမ်း"

ဆရာမဇီဇဝါက လေးသည့်တော် နေမိုးလတ်ရဲ့ နားရွက်ကို လိမ်ဆွဲပြီး အတွင်းခန်းထဲ ခေါ်နေ၏။

"အားယားယား. . . နာတယ် ချာမရဲ့၊ မာမီရဲ့ မေမေကြီးရဲ့"

"ဘာဘာဘာ မေမေကြီး ဟုတ်လား၊ ဘယ်မှာလဲ မေမေကြီး၊ ငါ့မေမေကြီး ဘယ်မှာလဲ၊ ငါလည်း တွေ့ချင်တယ်၊ မေမေကြီးရေ. . . တမီးကို လာခေါ်ပါဦး၊ အီးဟီးဟီးဟီး. . . အရီးဟီးဟီး"

မောင်နှမနှစ်ယောက် ဖက်ငိုနေကြပြန်၏။ ဆရာမကလည်း မေမေကြီးကို လွမ်းလိုက်ရပြန်သည်။ စောသဥ္ဇာက ပင့်သက်လှိုက်ဖို့ချရင်း. . .

"ဒီအိမ်မှာတော့ ဒီလိုပါပဲ၊ ဒါ ပဏာမပဲ ရှိသေးတယ်၊ စိတ်ပျက်နေပြီလား"

"ထားပါ. . . နေမိုးသစ် ရှိလား"

"မရှိဘူး၊ အိမ်ခန်းတွေထဲ လိုက်ကြည့်ရအောင်၊ ဒီအိမ်



www.burmeseclassic.com

www.burmeseclassic.com



မှာ မြေအောက်ထပ်တစ်ထပ် ရှိသေးတယ်၊ မြေအောက်အခန်းတွေက ဝက်ပါလိုပဲ၊ ကျယ်လွန်းလို့ ကျွန်မ မဝင်ရဲဘူး၊ အစ်ကိုကြီး နေမိုးသစ်တို့ပဲ ဝင်ထွက်ကြတယ်''

''သက်ဆိုင်ရာက လူကြီးတွေ ဟန်နီ့ကို လာရှာတော့ အဲဒီမြေအောက်ခန်းတွေ ရှိတယ်ဆိုတာ မင်း ပြောမပြလိုက်ဘူးလား''

''လူကြီးတွေ လာရှာတော့ ကျွန်မမှ ရှိမနေတာ၊ အဲဒီမြေအောက်ခန်းကို သိတာ ကျွန်မနဲ့ နေမိုးသစ်ပဲ သိတာ၊ ကျွန်တဲ့လူယုံဆိုတာတောင် ယက္ခလောက်ပဲ သိတယ်၊

ကျွန်မက ပြီးနေတဲ့ အခြေအနေကြခါမှ သက်ဆိုင်ရာကို သွားပြောရင် ကိုနေမိုးသစ်က ကျွန်မ ဖော်ပြောတာကို ကျိန်းသေသိသွားပြီး ရန်ရှာလာမှာလည်း စိုးရသေးတယ်''

''မင်းတို့မောင်နှမချင်းတောင် ဒီလိုလုပ်ရဲသလား''

''သူ့စိတ်က တစ်ခါတလေကြရင် အစိုးရတာ မဟုတ်ဘူး၊ အစ်ကိုလတ်နဲ့ ဇီဇဝါကိုတောင် သူ့စိတ်မထင်ရင် လိပ်ကျောက်မြီးနဲ့ ရိုက်ပစ်တတ်တယ်၊ နောက်တော့ သူကိုယ်တိုင် ဆေးထည့်ပေးပြီး သူကိုယ်တိုင် ဝင်ဆော့ချော့မော့ချင် ချော့မော့နေတတ်ပြန်ရော''





''ဒီလူ့မှာ ထူးဆန်းတဲ့ စရိုက်လက္ခဏာတွေလည်း ရှိတယ်၊ အချိန်ရတုန်း လိုက်ရှာရအောင်''



www.burmeseclassic.com

www.burmeseclassic.com

အိမ်တွင် နေမိုးသစ် မရှိသည်မှာ သေချာသဖြင့် ပထမ ဦးစွာ အောက်ထပ်တွင် တစ်ခန်းဝင် တစ်ခန်းထွက် လိုက်ရှာသည်။

ပိတ်ထားသည့် အခန်းတစ်ခန်း တွေ့သဖြင့် စစ်ဆေးကြည့်ရာ သော့ခတ်ထားကြောင်း တွေ့ရသည်။

''ဒါ. . . ကိုနေမိုးသစ်ရဲ့အခန်းပဲ''

''အထဲကို ဝင်ရှာကြည့်ရအောင်၊ ဒါပေမယ့် ခဏနေအုံး၊ အထဲမှာ လူပ်ရှားသံ ရှိမရှိ အရင်နားထောင်ကြည့်မယ်''

သေသေချာချာ နားထောင်ကြည့်သော်လည်း အခန်းထဲမှာ ဘာလှုပ်ရှားမှုမှမရှိ။ လုံးဝ ငြိမ်သက်နေသည်။





''ကိုနေမိုးသစ်မှ မရှိဘဲ၊ သူ ပြန်မလာခင် မြန်မြန်ဝင်ရှာရင်ကောင်းမယ်၊ ဒါပေမယ့် သော့မရှိတာက ခက်တယ်''

''ခဏနေအုံး. . . အိမ်မှာ သော့အပိုတွေထားတဲ့နေရာ ကျွန်မ သိတယ်၊ သွားယူလိုက်မယ်''

''ဒါဆို မြန်မြန်လုပ်''

စောသဥ္ဇာ အမြန်ပြေးထွက်သွားပြီး အခန်းတစ်ခုထဲမှ သော့တွဲအပို ယူလာသည်။ သော့တူဖြင့် ဖွင့်၍ရသဖြင့် နေမိုးသစ်အခန်းကို စေ့စေ့စပ်စပ် ရှာကြသည်။

လူကိုမတွေ့ပေမယ့် ဟန်နီနှင့် ပတ်သက်သည့် ခြေရာလက်ရာနှင့် လက်ကိုင်ပဝါ၊ ဆံညှပ်၊ ကလစ်က,အစ အသေးအဖွဲ့ မကျန် တွေ့လို့တွေ့ငြား ရှာကြည့်သည်။

သွဲ့သည့်သဲလွန်စမှ မတွေ့။

. . . ဗီရိုပေါ်သို့ ထိုင်ခုံခုပြီး တက်ရှာနေသည့် စောသဥ္ဇာ အောက်သို့ပြန်ဆင်းရာ အရှိန်လွန်သွားသဖြင့် လဲကျမလို ဖြစ်သွားသည်။ ကိုယ်ကို ထိန်းလိုက်စဉ် ကြမ်းပြင်ကို ဆောင့်နင်းသလို ဖြစ်သွားရာ ကြမ်းပြင်၏အသံမှာ လိုဏ်သံပါနေသလို ထင်ရသည်။

''ခဏနေအုံး သဥ္ဇာ. . . ကိုယ် တစ်ခုခုကို သတိထား



www.burmeseclassic.com

www.burmeseclassic.com



မိသလိုဘဲ၊ စစ်ကြည့်ချင်တယ်''

ပြောပြောဆိုဆို ကြမ်းပြင်ကို လိုက်ခေါက်ကြည့်ရာ ဗီရို အနီးတစ်ပိုက်တွင်သာ လိုဏ်သံပါနေသော်လည်း ကျန်သည့် နေရာများတွင် ထူးခြားမှုမရှိပေ။

''ဒီနေရာနားမှာ မြေတိုက်ခန်းကိုဆင်းတဲ့ အပေါက် ရှိရမယ်၊ ရှာကြည့်ရအောင်''

''ကျွန်မသိတဲ့ မြေတိုက်ခန်း ဆင်းတဲ့အပေါက်က စတို ခန်းထဲမှာရှိတာ''

''ဒီအခန်းထဲမှာလည်း ဝင်ပေါက်ရှိနေတာ သေချာ တယ်''

ပြောရင်း စေ့စေ့စပ်စပ် ရှာကြည့်ရာ လုံးဝမတွေ့ရပေ။ ဗီရိုကိုဖယ်မှ ရမည်။ ဗီရိုကလည်း ရှေးဟောင်းကျွန်းဗီရိုကြီးဖြစ် ရာ သစ်သားပေါပေါဖြင့် ထုနှင့်ထည်နှင့် လုပ်ထားရာ နှစ် ယောက်အားနှင့် တွန်းသော်လည်း လုံးဝမလှုပ်ပေ။

ဘာပဲဖြစ်ဖြစ် ဝင်ပေါက်အတွက် လျှို့ဝှက်ခလုတ် ရှိရ မည်။ ဘယ်လိုပဲရှာရှာ မတွေ့ပေ။

''ကဲ...ရှင် လက်လျှော့လိုက်တော့...တော်ကြာ ကိုနေမိုးသစ် ပြန်လာရင် ပိတ်မိနေမယ်''





''ဟုတ်ပြီ...ဒါဆိုရင် သဥ္စာ သိတဲ့ စတိုခန်းထဲမှာရှိ တဲ့အပေါက်က ဝင်ပြီး၊ မြေအောက်ထပ်ကနေ ပြန်လှည့်ရှာမယ်''

''နေအုံး...အခု အောက်ထပ်ပဲ ရှာရသေးတယ်၊ အပေါ် ထပ်အခန်းတွေ တက်ရှာကြည့်ရအောင်''

အပေါ်ထပ်ရှိ အခန်းပေါင်းစုံ ရှာသော်လည်း ဘာသဲ လွန်စမှ မတွေ့ရပေ။

ထို့ကြောင့် မြေအောက်ခန်းသို့ဆင်းရန် စတိုခန်းသို့ လာခဲ့သည်။

စတိုခန်းတံခါးကို ဖွင့်လိုက်စဉ်မှာပင်...

''ဒေါက်...''

တစ်စုံတစ်ခု ပြုတ်ကျလာသည်ကို တွေ့ရသဖြင့် စတို ခန်း၏ မီးမှိန်မှိန်အောက်တွင် ကြည့်လိုက်ရာ မျက်နှာဖုံးတစ်ခု ကို တွေ့ရသည်၊ သို့သော် ၎င်းမျက်နှာဖုံးတွင် ပါးစပ်၊ နှာခေါင်း၊ မျက်လုံးနှင့် မျက်ခုံးများကို မမြင်ရဘဲ သားရေချုပ်ကြီးကဲ့သို့ ပြောင်ချောနေသော ထူပိန်းပိန်း မျက်နှာဖုံးကိုသာ တွေ့ရသည်။

''ဟင်...ဒါ...ဘာ...ဘာကြီးလဲ''

''ထားလိုက်ပါ...အဲ့ဒါ ကိုလေး ပစ္စည်းပါ၊ သူ နှင်း ဖျက်ရင် သုံးတယ်ပြောတာပဲ၊ တခြား ကျောကုန်းဘု အဟုတ်တို့



www.burmeseclassic.com

www.burmeseclassic.com



ခါးမြှောင်အတုတို့၊ သေနတ်အတုတို့လည်း အများကြီး ရှိသေးတယ်''

ဝင်းမျက်နှာဖုံးကို မြင်မှ တစ်ချိန်က အခန်းတစ်ခုထဲတွင် ထိတ်လန့်စရာ မြင်တွေ့ခဲ့ရသည်တို့ကို သဘောပေါက်သလိုလို ရှိလာသည်။

သို့သော် ကြာရှည် စဉ်းစားမနေနိုင်။ စောသဏ္ဍာ ဆွဲခေါ်ရာ မြေအောက်ခန်းသို့ ဆင်းခဲ့ရသည်။

မြေအောက်ခန်းမှာ အိမ်အောက်ထပ်ထက်ပင် ပိုကျယ်သည်ဟု ထင်ရသည်။ အခန်းပေါင်း မြောက်မြားစွာနှင့် ရှေးဟောင်း ပရိဘောဂများစွာ တွေ့ရသည်။

မြေအောက်ထပ်မှာ အလင်းရောင်မှိန်မှိန်သာရှိပြီး အခန်းများ ရှုပ်ထွေးနေသဖြင့် ဝင်္ကပါလို ဖြစ်နေသည်။

''ကိုနေမိုးသစ်ရဲ့ အခန်းအောက်တည့်တည့်မှာရှိတဲ့ မြေအောက်ခန်းကို အရင်ဝင်ရမယ်၊ အဲဒီအခန်းကို ကိုယ် သိပ် မသင်္ကာဘူး''

''ဟုတ်ပြီလေ. . . အခု. . . အဲဒီနေရာကို မှန်းပြီးသွားနေတာပဲ၊ ဒါပေမယ့် ရှာရင်းနဲ့ လည်နေပြီ၊ ဘယ်အခန်းမှန်း မသိတော့ဘူး''





ထိုအခန်း ရှာမတွေ့သည့်အပြင် ဝင်္ကပါထဲတွင် လည်နေသဖြင့် ဘယ်လိုပြန်ထွက်ရမှန်းပင် မသိတော့ပေ။

''ဒုက္ခပဲ. . . ထွက်ပေါက်တောင် ရှာမတွေ့တော့ဘူး''

ထိုစဉ်. . .

''ပလပ်. . . ပလပ်. . . ပလပ်''

တစ်စုံတစ်ခုကို အရသာခံပြီး စားနေသည့်အသံကို ကြားရသည်။ စောသဏ္ဍာအား အသံမထွက်စေရန် အချက်ပြပြီး ထိုအသံကြားရာ အခန်းဆီသို့ တဖြည်းဖြည်း တိုးကပ်၍ အခန်းထဲသို့ လှမ်းကြည့်လိုက်ရာ. . .

အခန်းထောင့်တစ်နေရာတွင် နံရံကိုမှီပြီး ခြေဆင်းထိုင်နေသည့် ဝမ်းဗိုက်ပူပူနှင့် လူတစ်ဦးကို မြင်တွေ့ရသည်။

သူ၏လက်တွင် သွေးသံရဲရဲနှင့် လက်ပြတ်ကြီးတစ်ခုကို ကိုင်ထားသည်ကို တွေ့ရသည်။ ဆံပင်ရှည်ရှည်ကို ဖြန့်ချထားပြီး နဖူးမဲမဲကြီးမှာ ဘုကြီးတစ်ခုကဲ့သို့ ဖောင်းကြွပြောင်တင်းနေသည်။ ပါးစုံနှစ်ဖက်မှာလည်း မဲမဲဖောင်းဖောင်းကြီးများပင် ဖြစ်သည်။ ကြီးမားပြူးကျယ်သော မျက်ဝန်းတစ်စုံနှင့် မျက်ခုံး ထူထူမဲမဲတစ်စုံကိုလည်း တွေ့ရသည်။ ပွယောင်းကြီးမားသည့် နှာခေါင်းကြီးမှာ အပေါ်သို့ ကော့လန်နေသည်။ ထူထဲသော



www.burmeseclassic.com

www.burmeseclassic.com



နွတ်ခမ်းကြီးတစ်စုံနှင့် ကျယ်ပြန့်သည့် ပါးစပ်၏အလယ်တွင် ကြီးမားဝါထိန်သည့် သွားကြီးများကို တွေ့ရသည်။

ထိုသွားကြီးများဖြင့် တစ်စုံတစ်ခုကို ကိုက်ဝါးလျက် တစ်ပျပ်ပျပ် အရသာခံနေသည်။

ပါးစောင်နှစ်ဖက်မှ သွားရည်နှင့် သွေးများ ယိုစီးကျနေပြီး သွားကြီးများအကြားတွင်လည်း သွေးစသွေးနများ ကပ်ညှိနေသည်။

ရုတ်တရက် ကြက်သေသေပြီး ရပ်ကြည့်နေသည့် သူတို့ထံသို့ ထိုသတ္တဝါကြီးက စူးစူးစိုက်စိုက် လှမ်းကြည့်သည်။

ထို့နောက်. . .

ဝမ်းခေါင်းသံကြီးနှင့် မာန်ဖီဟိန်းဟောက်သံကို ပြုသည်။ ထိုအသံကြားမှပင် ကြောင်ငေးနေသူ နှစ်ယောက်လုံးတိုင်ပင်ထားသည့်အလား ချာခနဲ နောက်ပြန်လှည့်၍ လက်ချင်းတွဲပြီး ခြေဦးတည့်ရာ ပြေးကြတော့သည်။

❀ ❀ ❀ ❀

နဂိုထဲက ထွက်ပေါက်လမ်းပျောက်နေသူ နှစ်ဦးမှာ





ကြောက်ကြောက်လန့်လန့်နှင့် စွတ်ရွတ်ပြေးကြသောအခါ ဘယ်နေရာသို့ ရောက်နေမှန်းပင် မသိတော့ပေ။

ပြေးနေရင်းနှင့် မီးလုံးမှိန်မှိန်တစ်လုံးအောက်သို့ ရောက်ခါနီးတွင် မျက်နှာချင်းဆိုင်မှ ပြေးလာသူတစ်ဦးနှင့် ဆုံတွေ့မိသည်။ သေသေချာချာကြည့်လိုက်ရာ. . .

''ဟင်. . .''

စောစောက တွေ့ခဲ့သည့်လူပင် ဖြစ်နေရာ လန့်ဖျပ်ပြီး တုန့်ခနဲ ရပ်လိုက်သည်။ တစ်ဘက်မှလူကလည်း ဖျတ်ခနဲ ရပ်လိုက်ပြီးသည်နှင့် တစ်ပြိုင်နက်. . .

''အောင်. . . မယ်. . . လေး''

တစ်ဘက်မှလူနှင့် စောသဥ္စာတို့မှ တစ်ပြိုင်တည်း ကြောက်လန့်တကြား အော်ဟစ်လိုက်ကြသည်။

ပြီးလျှင် တစ်ဘက်မှလူက. . .

သူတို့နှစ်ဦးထံ လက်ညှိုးထိုး၍. . .

''ရန်သူ. . . ရန်သူ. . . ရန်သူ''

အော်ဟစ်ကာ ချာခနဲ နောက်သို့လှည့်၍ ပြေးလေတော့သည်။

''ဟင်. . . ဒါ. . . ကိုလေးအသံပဲ''



www.burmeseclassic.com

www.burmeseclassic.com



''ကိုနေမိုးလတ် အသံလား. . . သေချာလား''

''ဟုတ်ပါတယ်ဆို. . . ကိုလေးအသံ အစစ်ပဲ၊ သူ ဘယ်လိုလုပ် မြေအောက်ခန်းထဲ ရောက်နေလဲ မသိဘူး''

''အိုကေ. . . ကျွန်တော နောက်မှစဉ်းစားမယ်၊ သူ့ပြေးတဲ့ဘက်မှာ ထွက်ပေါက်ရှိနိုင်တယ်၊ သူ့နောက် လိုက်ကြစို့''

နောက်ဆုံးတွင် ခလုတ်တိုက်၊ နဖူးကွဲ၊ ဒူးပြဲ၊ ချွေးပြန်ကာ အချိန်တစ်နာရီခွဲခန့် ပိတ်မိနေသည့် မြေအောက်ခန်းထဲမှ စိတ်မနှံ့သည့် ကိုနေမိုးလတ် ကောင်းမှုဖြင့် မြေပေါ်သို့ ပြန်ရောက်လာနိုင်ခဲ့သည်။

ပြန်လမ်းမရှိတော့ပြီဟု ထင်ခဲ့ရာမှ ပြန်လမ်းတွေ့ရ၍ မြေအောက်ဝက်ပါလမ်းကို လန့်သွားကာ အပေါ်သို့ အမြန်ပြန်တက်လာဖြစ်ကြသည်။

အပေါ်ရောက်မှ ကိုယ်လက် ဆေးကြောသုတ်သင်၍ ဒဏ်ရာဒဏ်ချက်များအား တစ်ယောက်တစ်ပြန် ဆေးထည့်ကြရသည်။

ထို့နောက်မှ ညှော်ခန်းထဲသို့ ဝင်လာကြသည်။

ညှော်ခန်းသို့အရောင်တွင်မှာတော့ စမတ်ကျကျ ထိုင်စောင့်နေသည့် နေမိုးသစ်ကို တွေ့လိုက်ကြရသည်။





သူတို့ရောက်နေသည်၊ တစ်အိမ်လုံး လှည့်ပတ်ရှာခဲ့သည်ကို သိနေပြီး အသင့်ထိုင်စောင့်ကြိုနေဟန် ပေါ်လွင်နေသည်။

''ညီမလေး ညှော်သည်ခေါ်လာခဲ့တယ်ဆိုလို့ စောင့်နေတာ၊ တစ်နာရီလောက် ရှိသွားပြီ၊ အပြင်က ပြန်ရောက်လာတာလေ၊ ညှော်သည်က ဘယ်သူများလဲ မှတ်တယ်၊ အထူးမိတ်ဆွေကြီး ဝေဟန် ဖြစ်နေတာကိုး. . . ထိုင်ကြပါ. . . ထိုင်ကြပါ''

သွေးဆာနေသည့် ဝံပုလွေမျက်လုံးတွေနှင့် စကားပြောပြီးသွားသော နေမိုးသစ်ကို စောသဥ္စာက ရှုံ့နေသလိုဖြင့် အသာဝင်ထိုက်လိုက်၏။ သူက မထိုင်။

''ဟန်နီ ဘယ်မှာလဲ''

''ရှိပါတယ်''

ငြင်းမည့်ထင်ထားခဲ့၏။ ဝန်ခံသောအခါ သူအံ့သြရတော့၏။

''မောင်ရင်တို့ ရောက်လာမှန်း ယက္ခက ပြောပြထားလို့ ဟန်နီ့ကို အကောင်းဆုံး ဟင်းလျာတွေ ပြင်ဆင်နိုင်းလိုက်တယ်၊ ခပ်စောစော ညစာစားပွဲ စားသောက်ချိန်ကို ရောက်နေပြီလေ''

နေမိုးသစ် ပြောမှ ပြင်ပမြင်ကွင်းတွေကို [illegible]လိုက်



www.burmeseclassic.com

www.burmeseclassic.com



ဏ်။ မှောင်နေလေပြီ၊ လက်ပ္မနာရီကို ကြည့်လိုက်တော့ ညခြောက်နာရီခွဲ။ နေ့တာတိုပြီး ညကာရှည်သော ဆောင်းကာလမို့ နေဝင်မြန်၏။

* * * *



အခန်း (၁၈)

"မကြာခင်မှာ ဟန်နီခေါ် ချယ်ရီနန္ဒ ရောက်လာပါလိမ့်မယ်၊ အေးအေးဆေးဆေး တွေ့ဆုံကြပြီပဲ၊ သက်တောင့်သက်သာ ရှိသလိုသာနေပါ၊ မဖိတ်ခေါ်ထားပေမယ့် အရင်နေ့က ဖိတ်ခေါ်ထားတဲ့ ညှိသည် အခုမှ ရောက်လာတာကိုလည်း ကိုယ်က စိတ်မဆိုးတတ်ပါဘူး၊ ညစာကျွေးဖြစ်အောင်ကို ကျွေးမှာပါ။

ဟန်နီကဆိုရင် ဝေဟာန့်ကို တော်တော်စေတနာ ရှိပုံရတယ်၊ သူ့ကိုယ်တိုင် ချက်ပြုတ်ကြော်လှော်နေတာကိုပဲကြည့်တော့"

သူ အသာဝင်ထိုင်လိုက်သောအခါ စော[illegible]ာက. . .



www.burmeseclassic.com

www.burmeseclassic.com



''အစ်ကိုလတ်နဲ့ ဇီဇဝါတို့ ဘယ်ရောက်သွားပြီလဲ''

''ထုံးစံအတိုင်း အခန်းထဲ ထည့်ထားလိုက်တယ်၊ ဧည့်သည် စိတ်ပျက်သွားလို့ ဘယ်ဖြစ်မလဲ၊ ယက္ခကို အစောင့်ချထားလိုက်တယ်''

ထိုစဉ်မှာပင် တွန်းလှည်းဖြင့် ဟင်းခွက်တွေ တင်ပြီး တွန်းသယ်လာသော ဟန်နီ့ကို အရှင်လတ်လတ်ကြီး တွေ့လိုက်ရသည်။

ဟန်နီ့မျက်နှာ ဆေးမိထားသူလို ငြိမ်တည်နေ၏။ ဟန်နီ ဘာမှမဖြစ်၍ သူ ဝမ်းသာသွားမိ၏။

ဟန်နီက ထမင်းစားဆောင်ထဲကို တွန်းဝင်သွားပြီး စားပွဲပြင်ဆင်နေ၏။

''ခင်ဗျား ဘာလို့ ဟန်နီ မရှိဘူးဆိုတာ လိမ်ညာရတာလဲ၊ သွေးဆောင်ဖြားယောင်းမှု လိမ်လည်မှုတွေနဲ့ ခင်ဗျား ဒုက္ခရောက်သွားနိုင်တယ်ဆိုတာ နားလည်ရဲ့လား''

''ဟန်နီကိုယ်တိုင်က အဲသလို ပြောခိုင်းခဲ့တာပဲ၊ မင်းမယုံရင် ဟန်နီ့ကိုသာ မေးကြည့်ပေတော့''

သူ ထိုင်ရာမှ ထ,ရပ်လိုက်စဉ် နေမိုးသစ်လည်း ရပ်လိုက်၏။ စောသဥ္စာလည်း ဆက်ထိုင်မနေ။





''ထမင်းစားခန်းဘက် သွားကြရအောင်''

ထမင်းစားခန်းထဲရှိ စားပွဲဝိုင်းပေါ်မှာ အစားအစာတွေကို ကျကျနန ပြင်ဆင်ထား၏။ ဝိုင်အရက်နီနှင့် အဖြူတွေကိုလည်း တွေ့ရ၏။

နေမိုးသစ်က ဟန်နီ့ခန္ဓာကိုယ်လေးကို အသာပွေ့ဖက်လိုက်ပြီး သူ့ကို မထိမဲ့မြင်ကြည့်ကာ. . .

''ဟန်နီက အရမ်းလိမ္မာနေပြီ''

ဟန်နီက နေမိုးသစ်ကို အသာတွန်းထုတ်ကာ သူမနေရာမှာ အသာဝင်ထိုင်ပြီး မျက်လွှာချထား၏။

သူက ဟန်နီနှင့် နီးသောနေရာမှာ ဝင်ထိုင်ပြီး. . .

''ဟန်နီ. . . ဟန်နီ. . . ကိုယ်ဝေဟာန်လေ. . . မှတ်မိရဲ့လား''

ဟန်နီ အသာပင့်မော့ကြည့် ခေါင်းညိတ်ပြ၏။ နေမိုးသစ်နှင့် စောသဥ္စာတို့ ဝင်ထိုင်လိုက်၏။

သူက. . .

''ဟန်နီ ပျောက်လို့ အားလုံး စိတ်ပူနေကြတယ်၊ နေမိုးသစ်က ဟန်နီ့ကို ဘာလုပ်သေးလဲ၊ ဘာဆေးတွေ ကျွေးထားသေးလဲ''



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီ ခေါင်းခါပြ၏။ နေမိုးသစ်က ဝိုင်ပုလင်း ဖောက်ပြီး သူနှင့် ဟန်နီရှေ့မှ ကလပ်ခွက်ထဲကို လောင်းထည့်ပေး၏။ ပြီးလျှင် စောသဥ္စာအတွက် ထည့်ငှဲ့ပေး၏။

"ဒီဝိုင်အရက်ထဲမှာ ဘာမှမခတ်ထားပါဘူး၊ ဝေဟာန် [illegible]ီးရင် ကိုယ်အရင်သောက်ပြမယ်"

ပြောပြီး နေမိုးသစ်က ဝိုင်အရက်ကို နှစ်ခါငှဲ့၍ မက်မက် [illegible] သောက်ပြ၏။

ပြီးလျှင် ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီး. . .

"ဒီညစာ စားပွဲပြီးရင် ဝေဟာန်အနေနဲ့ ဟန်နီ့ကို ပြန်ခေါ် သွားလို့ရပြီ"

ဟန်နီ လှုပ်လှုပ်ရှားရှားဖြင့် နေမိုးသစ်ကို လှမ်းကြည့်၏။ နေမိုးသစ်က အရေးမထားဟန်ဖြင့် ဖွန်းခက်ရင်းတွေကို အဝတ်ဖြူနှင့် ထပ်မံ သုတ်သင်နေရင်းမှ. . .

"ကိုယ်တို့မင်္ဂလာပွဲကြရင် ဝေဟာန်နဲ့ ဟန်နီတို့ ပွဲတက်လာနိုင်ဖို့ သီးသန့်ဖိတ်ကြားစာ ပို့ပေးလိုက်မယ်"

ဟန်နီ ရှုံ့ရှုံ့ရှားရှားဖြင့် နေမိုးသစ်ကို စူးစူးရဲရဲ စိုက်ကြည့်နေ၏။ သူက. . .

"ခင်ဗျားက ဘယ်သူနဲ့ မင်္ဂလာဆောင်မှာလဲ"





"ဟောဒီက ညီမလေး စောသဥ္စာနဲ့ပေါ့"

သူ့ အံ့ဩမှုတွေ ရုပ်ပျက်ဆင်းပျက် နိုင်သွား၏။ ဟန်နီ လောက်ပင် ဣန္ဒြေမရချင်တော့။

သူ့ထက်ပိုပြီး ဣန္ဒြေမဲ့စွာ ထရပ်ပြူးပျာသွားသူမှာ စောသဥ္စာ။

"အစ်ကို ဘယ်လိုပြောလိုက်တာလဲဟင်၊ မိုးကြိုးတွေ ပစ်ကုန်တော့မှာပဲ၊ ရှက်လိုက်တာ. . . ကျွန်မ ရှက်လို့ သေရတော့မယ်. . . အို"

"မရှက်ပါနဲ့. . . အစ်ကိုက ညီမလေးရဲ့ ဖခင်နဲ့ မွေးထားတဲ့သား မဟုတ်ပါဘူး၊ မယားက ကိုယ်ဝန်နဲ့ပါလာတဲ့ သားပါ၊ ဒီအကြောင်းတွေ ညီမလေးတို့ မသိသေးပေမယ့် ကိုကို ငယ်ငယ်ကတည်းက သိပြီးသား၊ ကိုကိုနဲ့ စောသဥ္စာနဲ့ လက်ဆက်မှ ဒီအိမ်ရဲ့ အမွေတွေကို ပိုင်ဆိုင်ခွင့်ရမယ်လို့ မွေး[illegible]အဖေ၊ အစောတို့ရဲ့ ဖခင် ရေးထားခဲ့တဲ့ သေတမ်းစာမှာ ဖတ်ခဲ့ရတယ်။

အစောကို စိတ်ချသွားစေချင်တဲ့ သဘောနဲ့ အစောရဲ့ ကျေးဇူးရှင် ဖခင်ကြီးက စီစဉ်ပေးထားခဲ့တာပေါ့၊ အဲဒီသေတမ်းစာကို အမွေထိန်းရှေ့နေကြီး ဦးကျော်မြင့်စိုးဆီမှာ တောင်ယူဖတ်ရှုနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



လေးယောက်သား တိတ်ဆိတ်သွား၏။ သူနှင့် ဟန်နီ ရင်ထဲမှာ ပေါက်ကွဲမီးတောက်နှင့် ငလျှင်။

စောသဥ္ဇာရဲ့ ရင်ထဲမှာ မုန်တိုင်း။ နေမိုးသစ် ရင်ထဲမှာ ရေလှိုင်းနှင့် ကျောက်ဆောင်။ စောသဥ္ဇာက စတင်တိုက်ခတ်၏။

''မဖြစ်နိုင်ဘူး၊ ဒီလို လုံးဝကို မဖြစ်နိုင်ဘူး၊ ကျွန်မ လက်မခံဘူး၊ ဟင့်အင်း. . . လက်မခံဘူး''

ဟန်နီ ငြိမ်သက်စူးစိုက်စွာဖြင့် နေမိုးသစ်ကို ကြည့်နေ၏။ သူ့မှာလည်း စောသဥ္ဇာကိုတစ်လှည့် နေမိုးသစ်ကို တစ်လှည့် ကြည့်နေမိ၏။

စောသဥ္ဇာရဲ့ ငြင်းဆိုချက်ကို နေမိုးသစ်က အလေးမထားဟန်ဖြင့် ထမင်း စတင်စားဖို့ ဖွန်းခက်ရင်းကိုင် ပြင်ထား၏။ ပြီးလျှင်. . .

''ကဲ. . . အားလုံးပဲ ညစာ သုံးဆောင်ကြရအောင်''

''အစ်ကို မတရားပြောနေတာ၊ အစ်ကို ပြောတော့ ဟန်နီနဲ့ အစ်ကို ချစ်သူဖြစ်နေကြတာဆို''

''ထမင်းစားပြီးမှ စကားဆက်ပြောကြတာပေါ့၊ စောသဥ္ဇာ စိတ်တွေ ဒီလောက်မလှုပ်ရှားစမ်းပါနဲ့''

နေမိုးသစ် အတင်းသောက်နိုင်း၍ ဝိုင်ကို မော့သောက်





လိုက်ကြရပြီးမှ. . .

''ခင်ဗျား လူယုတ်မာပဲ''

နေမိုးသစ်က သူ့ကိုယ်သူ ဖွန်းခက်ရင်းဖြင့် ပြန်ထိုး ညွှန်ပြရင်း. . .

''ငါက လူယုတ်မာ ဟုတ်လား. . . ဟား ဟား၊ ဟား မင်းရယ်ဖို့ သိပ်ကောင်းတယ်၊ ဟားဟား. . . အား. . . အား အား. . . အစ်''

နေမိုးသစ် ရယ်မောနေရင်းမှ နောက်ကို အကြောဆွဲ သလို လန်သွားပြီး ပါးစပ်မှ အမြှုပ်တွေ ထွက်လာ၏။ ထိုင်ခုံပေါ်မှ ပြုတ်ကျပြီး ဝက်ရူးပြန်သလို တွန့်လိမ်အကြောဆွဲကာ ခဏ အတွင်းမှာပင် မျောသွား၏။

နေမိုးသစ်ရဲ့ ဒုစရိုက်လုပ်ရပ်တွေအတွက် တရားဥပဒေက ဆုံးမအပြစ်ဒဏ်ပေးရန် အသင့်စောင့်ကြိုနေလေပြီ။

သူနှင့် စောသဥ္ဇာတို့ အံ့သြပြီး မှင်သက်ကြောင်တွေ ကြည့်နေစဉ်မှာပင် ဟန်နီ့ရဲ့ ရယ်သံကို ဆက်၍ ကြားလိုက်ရ၏။

''ဟား. . . ဟား. . . ဟား. . . ဟား. . . ဟား''

ဟန်နီ အားရပါးရယ်မောနေ၏။ ပြီးမှ ရယ်ရှိန်သတ်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ ရှင် ဘာတတ်နိုင်တော့သေးလဲ လူယုတ်မာကြီးရဲ့၊ ထဟားပါဦးလား. . . ဟင်"

"ဟန်နီ. . . ဟန်နီ. . . မင်းစိတ်ကို ထိန်းပါ၊ ဘယ့်လိုဖြစ်ရတာလဲ၊ ဘာတွေဖြစ်ကုန်တာလဲ"

"ဘာဖြစ်ရမှာလဲ. . . ဒီလူယုတ်မာပေါ့၊ ကျွန်မကို မနေ့က ညာခေါ်ပြီး အိပ်ဆေးခတ် ခြေတော်တင်ခဲ့တယ်လေ၊ (ဟန်နီ ငိုပြန်၏) ဟန်နီ အိပ်ရာက နိုးလာတော့ ဒီလူ အပြင်ထွက်သွားတယ်၊ သူ့အခန်းထဲမှာ ဟန်နီ့ကို ပိတ်ထားခဲ့တယ်။

ဟန်နီလည်း အခန်းပြင်ထွက်ဖို့ နည်းလမ်းရှာရင်းနဲ့ ဟိုရှာဒီရှာလုပ်ရာက သူ လျှို့ဝှက်ဖွက်ထားတဲ့သော့ကို သွားတွေ့တာ၊ အဲဒီသော့နဲ့ သူ့ရဲ့ မီးခံသေတ္တာကို ဖွင့်ကြည့်တော့ သူ့ရဲ့ ဒိုင်ယာရီစာအုပ်ကို တွေ့တယ်။

ဇီဇဝါအမေ ပျောက်နေတာ သူ့လက်ချက်မှန်း သိရတယ်၊ အဲဒီမှာတင် ဒီလူ ပြန်ရောက်လာပြီး သူ့ဒိုင်ယာရီကို အတင်းဆွဲယူ မီးရှို့ပစ်လိုက်တယ်။

ဟန်နီ့ကိုလည်း လက်ထပ်ယူမယ်ဆိုပြီး နှုတ်ပိတ်ထားဖို့ ချော့မော့တယ်၊ ဒီလူရဲ့ အခန်းက မြေအောက်ခန်းထဲမှာဖြစ်မှန်း နောက်မှ ဟန်နီ သိလိုက်ရတယ်။ ဟန်နီလေ. . . ဒီလူကို ချစ်





တယ်ဆိုတာထက် ဒီလူ့ကို မသင်္ကာစိတ်နဲ့ ထဲထဲဝင်ဝင် နှိုက်ချွတ်လေ့လာကြည့်ခဲ့မိတာပါ။

အဲဒီမှာ ဟန်နီ့ဘဝ အပျိုရည်ပျက်ခဲ့ရတယ်၊ ဟန်နီ့ဆန္ဒမပါဘဲ ဒီလူ ကာမကို ဓားပြတိုက်ယူတာ၊ ဟန်နီ လုံးလုံးမကျေနပ်ဘူး၊ ဒီလူယုတ်မာက ဟန်နီနဲ့တင် ယုတ်မာတာကို မရပ်သေးဘူး။

ဒီနေ့ အပြင်မှာ လက်ထပ်ဖို့ ခန်းဝင်ပစ္စည်း သွားဝယ်ရာက အပြန်မှာ ဝေဟန်နဲ့ စောသဥ္ဇာကိုပါ လုပ်ကြဖို့ သူ့ရဲ့ အဆိပ်ဖော်စပ်တဲ့ အခန်းသော့ကို ဖွင့်ပြီး အဆိပ်တွေ ထုတ်ပေးတယ်၊ စားသောက်စရာတွေထဲ ထည့်စပ်ခိုင်းတယ်၊ အဆိပ်ဖြေဆေး နှစ်လုံးကို အသင့်ဆောင်ခိုင်းထားတယ်၊ ဝေဟန်တို့ စားသောက်ပြီး အဆိပ်မိသေကြမယ်။

ဒီလူနဲ့ ဟန်နီက ဖြေဆေး အမြန်သောက်ပြီး ရှင်ကြမယ်၊ ဇီဇဝါ့အမေကို လက်စဖျောက်သလို ဝေဟန်နဲ့ သဥ္ဇာကို လက်စဖျောက်ပစ်မယ်ဆိုတဲ့အထိ ဒီလူ ကြံရွယ်ခဲ့တယ်၊ ဒီလူပေးထားတဲ့ ဟန်နီဆီမှာရှိတဲ့ အဆိပ်ဖြေဆေးဆိုတာ အတုတွေပါ၊ ကြည့်"

ဟန်နီ ထသွားပြီး နေမိုးသစ်ရဲ့ အတွင်းအိတ်ထဲမှ ဆေး



www.burmeseclassic.com

www.burmeseclassic.com



တောင့်နှစ်လုံးကို ထုတ်ပြ၏။

"ဒီဆေးတောင့်ကမှ ဖြေဆေးအစစ်၊ သူသေစေချင်တာ ဝေဟုန်နဲ့ ဟန်နီ၊ သူလက်ထပ်ချင်နေတာ စောသဥ္ဇာ၊ ဒီဆေးတောင့်က ဒီလူနဲ့ စောသဥ္ဇာအတွက် ချန်လှပ်ထားတာလို့ ဒီလူ ပြောခဲ့သေးတယ်၊ ဒီလူက ဝိုင်အရက်ထဲမှာ အဆိပ်ထည့်မထားဘူးထင်ပြီး အေးအေးဆေးဆေး စကားပြောနေခဲ့တာ၊ အမှန်တော့ အားလုံးမှာပါပြီးသွားပြီ၊ အခု ဟန်နီကော သဥ္ဇာနဲ့ ဝေဟန်တို့ပါ အဆိပ်မိနေပြီ။

နေမိုးသစ် သောက်တဲ့အဆိပ်က ပျော့ပါတယ်၊ သူ့လုပ်ရပ်ဆိုးတွေအတွက် ရဲလက်ကို အပ်ပြီး အမှုဖွင့်အရေးယူလိုက်ကြပါ။ သူသေသွားရင် ပြစ်ဒဏ်ခံရတာ ပေါ့သွားမှာစိုးလို့ အဲဒီလို စီစဉ်လိုက်ရတာပါ။

ဒီဖြေဆေးက နှစ်လုံးပဲ ရှိတယ်၊ ဝေဟန်နဲ့ သဥ္ဇာတို့ သောက်လိုက်ကြပါတော့၊ ဟန်နီကတော့ အပျိုရည်ပျက်နေတဲ့အတူတူ ဟန်နီကို ဝေဟန် ဘယ်လိုမှ နားလည်ခွင့်လွှတ်နိုင်စရာ အကြောင်း မရှိတော့မယ်အတူတူ အဆိပ်ဖြေဆေး မရှိသူဘဝနဲ့ ရဲကို သွားတော့မယ်"

ဟန်နီက ဆေးကို သူ့လက်ထဲ အတင်းထိုးထည့်ပေး၏။





သူက. . .

"ကိုယ်နားလည်ပါတယ်၊ ခွင့်လွှတ်ပါတယ် ဟန်နီရယ်၊ ဒီဆေးကို မင်းနဲ့ သဥ္ဇာ သောက်လိုက်ပါ၊ ကိုယ် သေရဲပါတယ်"

"ဟင့်အင်း. . . သဥ္ဇာ မသောက်ဘူး၊ ရှင်တို့သာ သောက် လိုက်ပါ၊ သဥ္ဇာဘဝက အကြောင်းမထူးတော့ပါဘူး၊ ပြောင်းလဲ ဖြစ်ပျက်တာတွေ အံ့ဩစရာ ကောင်းလွန်းလို့ ခံစားရချက်တွေ များလွန်းလို့ သဥ္ဇာဘာသာ ဒီအတိုင်းပဲ သေသွားချင်လို့ပါ"

ဟန်နီက အသားကြော် လီးစားသော ဓားပြားလေးဖြင့် သူမလည်ပင်းကို သူမဘာသာ ပြန်ထောက်ထားလိုက်ပြီး. . .

"ရှင်တို့ မသောက်ရင် ကျွန်မကိုယ်ကျွန်မ သေလမ်းကို အမြန်ရွေးချယ်လိုက်တော့မယ်"

"ဟန်နီ. . . အဲဒီလို မလုပ်နဲ့လေ"

"ဟန်နီရယ်. . . သဥ္ဇာတို့ရဲ့ စေတနာကို နားလည်ပေးပါ"

ဟန်နီက သွေးစို့ထွက်လာသည်အထိ သူမကိုယ်သူမ ထိုးဆွလိုက်၏။ သူနှင့် စောသဥ္ဇာတို့ ရင်ထိတ်ပူပန်သွားစဉ်. . .

"သောက်ဆိုသောက်လိုက်၊ အချိန်သိပ်မရှိတော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အဆိပ်တွေ ပျံ့မလာခင် သောက်ချလိုက်၊ သောက်. . . သောက်''

သူက သဋ္ဌာပါးစပ်ထဲကို ဆေးလုံးထည့်ပြီး အတင်းမျို ချခိုင်းလိုက်၏။ သူ့လက်ထဲမှ ကျန်နေသော ဆေးတစ်လုံးကို ဟန်နီ့အား ပေးမည်အပြု. . .

''နင် ငါ့ကို ဒုက္ခထပ်ပေးနေပါလား ဝေဟန်ရယ်၊ ငါ ဒဏ်ရာနှစ်မျိုးနဲ့ သေအောင် နင်လုပ်နေတာလား''

''မဟုတ်ပါဘူး ဟန်နီရယ်၊ ကိုယ်သောက်ပါ့မယ်''

သူ ဆေးတောင့်ကို ငုံထားလိုက်၏။ လိုအပ်ပါက ဟန်နီ့ကို တိုက်ရန်အသင့်. . .

''နင် မျိုချလေ. . . ပါးစပ်ဟ''

သူ ပါးစပ်ဟပြီး လျှာအောက်ဝှက်ထားလိုက်၏။

''လျှာလှန်ပြ''

သူ လှန်ပြတော့ ဆေးတောင့်ကို ဟန်နီ တွေ့သွားပြီး. . .

''နင်. . . နင်''

''ကိုယ် တကယ်မျိုချလိုက်ပြီ ဟန်နီ. . . အင့်''

သူ့ပါးစပ်ကို အမြန်ဟ,ပြလိုက်၏။ လျှာအောက်လှန်ပြလိုက်၏။ မရှိတော့။ ဝမ်းထဲ ကျသွားလေပြီ။

သွေးစက်စက် ယိုစီးနေသော လည်တိုင်ပေါ်မှ ထောက်





ခါးကို ချပြီး ဟန်နီ နာကျင်ကြေကွဲစွာ ပြုံးပြ၏။

''တမလွန်ဘဝမှာ ဒီလူယုတ်မာနဲ့ လက်ထပ်ချင် လက်ထပ်နေရမှာ၊ ဝေဟန် ရှင်တို့ ရာသက်ပန် ပေါင်းဖော်သွားနိုင်ကြပါစေ''

စောသဋ္ဌာက ငိုကြီးချက်မဖြင့် ဟန်နီ့ကို ပြေးပွေ့၏။ သူ အပြေးရောက်စဉ် စောသဋ္ဌာလက်ထဲမှာ ဟန်နီ အမြုပ်ပုံ့ ကာ လူးလွန့်ကော့လန်ပြီး ငြိမ်သက်ခွေကျသွား၏။

သူ အသံကုန် အော်ဟစ်ပစ်လိုက်၏။

''ဟန်နီ. . . ဟန်နီ. . . ဟန်နီ''

စောသဋ္ဌာရဲ့ ငိုရှိုက်သံ။ သူ့ရင်တွင်းမှာ လှိုက်လှဲသော ဝမ်းနည်းခြင်းတွေ ထုနှင့်ထည်နှင့် ပျက်သုဉ်းကြေမွပြိုကျသံ။

အာရုံတွေ တင်းတောင့်မခံနိုင်တော့။

လဲပြိုခွေလျော့နေသော ဟန်နီ့အပေါ်မှာ နှစ်ယောက်သား အားရပါးရ ဖက်ပြီး အရှုလှိုက်သည်းလှိုက် ငိုကြွေးပစ်လိုက်မိသည်။

အချစ်မပါတဲ့ မေတ္တာမှာ သစ္စာဆိုတာ မရှိလို့ ကိုယ်တင်ခဲ့မိတယ် ဟန်နီ. . .

သစ္စာရှိတဲ့ မေတ္တာအသိမှာ အချစ်ဆိုတာ သိထိမိမိ



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်ကြည်နူးဖွယ်ရာတွေလည်း ရှိသလို၊ ပူဆွေးလွမ်းဆွတ် အောက်မေ့ရာ အံ့ဖြစ်နှင့်လည်း ရှိနေတတ်တယ်ဆိုတာ ကိုယ် သိခဲ့ရပါပြီ ဟန်နီရယ်။

ဆောင်းညက ပြန်ပြောင်းတသဖွယ် မကောင်းတော့ လောက်အောင်ပင် ကြေကွဲဝမ်းနည်းစရာတွေ အပြည့်ဖြင့် အချိန် အီလေးဆွဲပြီး ဆက်လှှင့်နေလေသည်။

အရာအားလုံးပြီးဆုံးသွားသောအခါ. . .

သူနှင့် စောသဉ္ဇာတို့ လက်ထပ်ဖြစ်ပါသည်။

ဒေဝီ



www.burmeseclassic.com

www.burmeseclassic.com



# ဒေဝီ

ညကဝေနဲ့ အိပ်မက်တစ္ဆေ

www.burmeseclassic.com